The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 11 တနင်္လာနေ့တိုင်းထုတ်ဝေသည် March 12, 2018

# ဘဏ္ဍာနှစ်မကုန်မီ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကျော် ရောက်ရှိပြီး သမိုင်းတစ်လျှောက် ကုန်သွယ်မှု စံချိန်သစ်တင်

စာမျက်နှာ - ၈ ➢



**မုံနိမ့်မြို့တွင် ဖွင့်လှစ်သော ရော်ဘာအစေးလိုး သင်တန်းသို့ ရောဝတီတိုင်းဒေသကြီး ရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ တက်ရောက်**

စာမျက်နှာ - ၂၀ ➢

**ကုမ္ပဏီမှတ်ပုံတင်ကြေးကို လက်ရှိ ပမာဏထက် နည်းအောင်လျှော့ချမည့် လုပ်ငန်းစဉ်ကို ဧပြီ ၁ ရက်တွင်စတင်မည်**

စာမျက်နှာ - ၂၅ ➢

**ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေးဆွေးနွေးပွဲကျင်းပ**

စာမျက်နှာ - ၃၁ ➢

## မြန်မာ့ရေထွက်ကုန် ဆော်ဒီအာရေဗျနိုင်ငံမှ ယာယီရပ်ဆိုင်းမှုအပေါ် ဆွေးနွေးညှိနှိုင်းလျက်ရှိ



စာမျက်နှာ - ၁၂ ➢

**ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျ အကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှ မှတ်ပုံတင်၍ ကိုယ်တိုင် သက်သေခံကာ ထုတ်ပေးသည့်စနစ် (Registered Exporter System-REX) အကြောင်း သိကောင်းစရာများ**

စာမျက်နှာ - ၁၅ ➢




NON-GMO
အကောင်းဆုံး စားဖွယ်တိုင်းအတွက် အရသာအရှိဆုံး ဆုတံဆိပ်ရ နေကြာဆီ
ITQI 2017
Superior Taste Award (BELGIUM)
SUNAR
SUNAR Sunflower Oil
City Mart Supermarket များတွင်
၅လီတာ တစ်ဗူး ဝယ်ယူသူတိုင်း
မေတ္တာလက်ဆောင်
(၁.၃.၂၀၁၈) မှ (၁၄.၃.၂၀၁၈) ထိ
5Le(1)Pcs - Buy One Get
SM Co.,Ltd. Southern Myanmar Company Limited
www.facebook.com/SunarForMyanmar


MGT
Complete
Telecomunication
Solutions
Building No.4, Room 5, MICT Park, Hlaing Campus Yangon, Myanmar.
09 66668312, 09 66668313, 09 66668321

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ (၁/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



မော်တော်ယာဉ် တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ ၁/၂၀၁၈ ကြိမ်မြောက်အစည်းအဝေးကို မတ် ၉ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မော်တော်ယာဉ် တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် အထူးအစီအစဉ်ဖြင့် မော်တော်ယာဉ်များ တင်သွင်းခွင့်စတင်ခွင့်ပြုချိန်မှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ ယာဉ်အိုယာဉ်ဟောင်း အစီအစဉ်ဖြင့် မော်တော်ယာဉ်ပါမစ်ထုတ်ပေးမှုတွင် အရောင်းစင်တာမှ ဝယ်ယူခြင်းအပါအဝင် ၂၃၈၀၇၈ စီး၊ ပို့ကုန် /သွင်းကုန်၊ ကုမ္ပဏီ၊ သင်္ဘောသား၊ ပြည်ပ အလုပ်သမားများအား မော်တော်ယာဉ်ပါမစ် ထုတ်ပေးမှုမှာ ၆၃၃၉ စီး၊ လူပုဂ္ဂိုလ်တစ်ဦးချင်း အစီအစဉ်ဖြင့် မော်တော်ယာဉ်ပါမစ် ထုတ်ပေးမှုမှာ အရောင်းစင်တာ၊ အရောင်းပြခန်းမှ ဝယ်ယူခြင်း အပါအဝင် မော်တော်ယာဉ် ၃၆၆၀၂၅ စီး၊ စုစုပေါင်း မော်တော်ယာဉ်ပါမစ် ၆၁၀၄၄၂ စီးအား ခွင့်ပြုဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် မြေပြင်စစ်ဆေးချက်အရ အရောင်းစင်တာ စည်းကမ်းချက်နှင့် ကိုက်ညီမှုမရှိသည့် အရောင်းစင်တာများကို ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး စည်းကမ်းလိုက်နာသည့် အရောင်းစင်တာ ပြခန်းများအား အားပေးကူညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများတွင် ဌာနဆိုင်ရာအလိုက် ဆောင်ရွက်ဆုံးဖြတ်ရမည့် ကိစ္စရပ်များရှိသကဲ့သို့ သက်ဆိုင်သည့် ဌာနများအားလုံး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး ဆုံးဖြတ်ဆောင်ရွက်ရမည့်ကိစ္စရပ်များလည်းရှိပါကြောင်း၊ ဤအစည်းအဝေးတွင် အဓိက ကော်မတီတွင် ပါဝင်သော ဌာနများ ပူးပေါင်းဆွေးနွေးဖြေရှင်းရမည့်ကိစ္စရပ်များကို ပွင့်လင်းစွာ ဆွေးနွေးကြပြီး ဆုံးဖြတ်ကြရန်ဖြစ်ပါကြောင်း၊ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီတွင် ပါဝင်သည့် ဌာနဆိုင်ရာ အသီးသီးနှင့် ပူးပေါင်း ဆောင်ရွက်မှုကြောင့် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းမှု အပိုင်း၊ မှတ်ပုံတင်ခြင်းအပိုင်း၊ အခွန်ပေးဆောင်ခြင်းအပိုင်းတို့တွင် လျင်မြန် ချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကော်မတီဝင်အသီးသီးက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များအား တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ဖြေရှင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

## မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်စုံညီအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်ချီးမြှင့်

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း စတုတ္ထအကြိမ် နှစ်ပတ်လည် အသင်းသားအစည်းအဝေးကို မတ် ၁၀ရက်က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်ရုံး၌ ပြုလုပ်ခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ ၂၀၁၈ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး အသင်းသူအသင်းသားများက သဘောတူအတည်ပြုခဲ့ကြသည်။

“စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်တွင်း ပြည်ပ ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး ဆောင်ရွက်တဲ့နေရာမှာ ပို့ကုန်မဟာဗျူဟာကို ချမှတ်ဆောင်ရွက်နေပါတယ်။ အထည်အလိပ်လုပ်ငန်းဟာ မြန်မာနိုင်ငံ ပို့ကုန်တင်ပို့မှုကဏ္ဍမှာ အဓိကအားအထားရဆုံး လုပ်ငန်းကြီးတစ်ခုအဖြစ် သတ်မှတ်ပြီး မြှင့်တင်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ တတ်နိုင်တဲ့ဘက်ကနေပြီးတော့ အထည်အလိပ်ကဏ္ဍထုတ်လုပ်မှုတင်ပို့ ရောင်းချမှုတွေမှာ အဆင်ပြေချောမွေ့စေရေး ကူညီဆောင်ရွက်ပေးသွားမယ်လို့ ကတိပြုပါတယ်။ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းအနေနဲ့လည်း စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ အထည်အလိပ်ကဏ္ဍ တိုးတက်အောင် ဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်”ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောသည်။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းကို ၂၀၁၂ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ညီနောင်အသင်းအဖြစ် ရပ်တည်လျက်ရှိသည်။ **သန်းထိုက်အောင်**

## လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးသို့ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်၍ အမှာစကားပြောကြား

လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ ဒုတိယအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို မတ် ၉ ရက်တွင် နေပြည်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃) အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးတက်ရောက်၍ အမှာစကားပြောကြားသည်။

လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ထူးက အမှာစကားပြောကြားရာတွင် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ကို တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်အညီ ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း၊ မိမိတို့အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ အဓိကစိုက်ပျိုးသီးနှံများဖြစ်သည့် ဆန်စပါး၊ ပဲမျိုးစုံတို့နှင့် စပ်လျဉ်း၍ တောင်သူများ သင့်တင့်မျှတသောဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးတို့အတွက် ကူညီပံ့ပိုးဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း၊ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ၌ ယခုနှစ်ထွက်ရှိသော ပဲစင်းငုံများသည် မိုးရွာသွန်းမှုများကြောင့် သီးနှံအရည်အသွေး ညံ့ဖျင်းခြင်းနှင့် ဈေးနှုန်း မတည်ငြိမ်ခြင်းများဖြစ်ပေါ်ခဲ့ပြီး

စာမျက်နှာ - ၆သို့

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သုံ့နွမ်း

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုနှစ် ဗီယက်နမ်နိုင်ငံမှ ဆန်ပိုမိုတင်ပို့ရန် ရည်ရွယ်

အဆင့်မြင့်နည်းပညာအကူအညီများကို ရယူအသုံးချ၍ အရည်အသွေးမြင့် ဆန်စပါးများအတွက်နှုန်းတိုးရေးကို ဆက်လက်အလေးထား ဆောင်ရွက်ရန်နှင့် ဆန်အရည်အသွေးကို အမြင့်မားဆုံး ပေါ်ထွက်စေမည့် နည်းပညာများ ပြောင်းလဲအသုံးပြုရန်အတွက် ဗီယက်နမ်အစားအသောက်ဆိုင်ရာအဖွဲ့အစည်း (The Vietnam Food Association - VFA) မှ ဆန်စပါးနှင့်ဆက်စပ်အဖွဲ့အစည်းများအား တိုက်တွန်းလိုက်သည်။

ဗီယက်နမ်အစားအသောက်ဆိုင်ရာအဖွဲ့အစည်း(VFA) ၏ ရှစ်ကြိမ်မြောက်ကွန်ဂရက် အစည်းအဝေးကို မတ် ၆ ရက်က ဟိုချီမင်းမြို့တွင် ကျင်းပခဲ့ရာ အသင်းဝင်များ၏ရွေးချယ်မှုအရ ဗီယက်နမ်ဆန်တင်ပို့မှု၏ အကြီးဆုံးကုမ္ပဏီဖြစ်သော Vinafood 2 ကုမ္ပဏီ၏ဥက္ကဋ္ဌ Nguyen Ngoc Nam အား ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ် ကာလအထိ တာဝန်ထမ်းဆောင်မည့် VFA ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ကြသည်။ အဆိုပါကာလတွင် VFA အနေဖြင့် အဖွဲ့ဝင်သစ်များတိုးပွားလာရန်သာမက ဈေးနှုန်းထိန်းချုပ်မှုများ၊ ဈေးကစားမှုများ၊ စုပုံတင်ပို့မှုများနှင့် ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာများနှင့် သက်ဆိုင်သော ကိစ္စရပ်များကိုလည်း အလေးထားကာကွယ်ဆောင်ရွက်မည် ဖြစ်ကြောင်းသိရသည်။ ထို့ပြင် ဒေသဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုအရှိန်အဟုန်မြှင့်တင်ခြင်းနှင့် ကုန်သွယ်မှုတိုးတက်စေရေးတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ပို့ကုန်အဖြစ်တင်ပို့မည့် ဆန်ပမာဏနှင့်ပြည်တွင်းလိုအပ်ချက်ကိုက်ညီအောင်ထိန်းညှိပေးနိုင်ရန်အတွက် ဆန်စိုက်ပျိုးထုတ်လုပ်သည့်ဒေသများအား အကဲဖြတ်ဆောင်ရွက်မည့်စီမံကိန်းဖော်ဆောင်ရန်အတွက် VFA အား အစိုးရ၏ဌာနတစ်ခုအဖြစ် ဆောင်ရွက်ပေးရန်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက ကမ်းလှမ်းခဲ့ကြောင်းနှင့် စက်မှုဝန်ကြီးဌာနလက်အောက်ရှိပို့ကုန်သွင်းကုန်ဌာနမှ ဒုတိယတာဝန်ခံက ဆန်ဈေးကွက်ကျယ်ပြန့်တိုးတက်ရေးနှင့် ဈေးကွက်သစ်ရရှိရေး ကြိုးပမ်းရာတွင် ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများ အစဉ်သဖြင့် ပြောင်းလဲနေမှုတို့ကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့်သင့်ကြောင်း VFA အဖွဲ့ဝင်များအား သတိပေးခဲ့မှုကို ထုတ်ပြန် ချက်များအရ တွေ့ရသည်။ ၂၀၁၈ခုနှစ်တွင် ဗီယက်နမ်အနေဖြင့် ဆန်တန်ချိန် ၆ ဒသမ ၅ သန်းကျော်တင်ပို့ရန် ရည်ရွယ်ထားသည့်အပြင် တင်ပို့ရာတွင်လည်း သာမန်ဆန် ၂၀ရာခိုင်နှုန်းကျော် တင်ပို့ပြီး တန်ဖိုးမြင့် ဆန်တင်ပို့မှုကို အများဆုံးအားထားတင်ပို့မည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ် နှစ်စပိုင်းတွင် ဆန်တန်ချိန် ရှစ်သိန်းကျော် တင်ပို့နိုင်ခဲ့ပြီး နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၄၁၉သန်းရခဲ့ကြောင်းနှင့်ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက တန်ချိန်ရောတန်ဖိုးပါ ပိုမိုကုန်သွယ်နိုင်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏အဓိက ဆန်ဈေးကွက်ကြီးဖြစ်နေပြီး ဈေးကွက်ရှယ်ယာ၏ ၂၆ ဒသမ ၉ ရာခိုင်နှုန်းပိုင်ဆိုင်ပြီး တရုတ်နိုင်ငံမှာမူ ဈေးကွက်ရှယ်ယာ ၂၃ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်နေကြောင်းတွေ့ရသည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၁၇ခုနှစ်တွင် ပြည်ပသို့ ဆန် တန်ချိန် ၅ ဒသမ ၈သန်း တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံရရှိခဲ့ကြောင်း သတင်းရရှိသည်။

**ကြည်သာသစ်နိုင်**



# ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ ဆန်ကုန်သွယ်မှုပို

ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ရက်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ရှစ်သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန်နှစ်သောင်းကျော်ခန့်ကို ကုန်သွယ်နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ငါးသိန်းခန့်တန်ဖိုးရှိ ဆန်ကွဲတန်ချိန်တစ်ထောင်ကျော်ကို ကုန်သွယ်နိုင်ပါတယ်။ ဆန်ကုန်သွယ်မှုကိုလေ့လာကြည့်ပါက မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်တန်ချိန်တစ်သောင်းခွဲခန့်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ခုနစ်ထောင်ကျော်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ရှစ်ရာကျော် ကုန်သွယ်နိုင်ခဲ့ပြီး ဆန်ကွဲကုန်သွယ်မှုမှာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတန်ချိန် ခုနစ်ရာကျော်နှင့် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တန်ချိန်သုံးရာကျော် ကုန်သွယ်နိုင်ခဲ့ပြီး ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲကုန်သွယ်မှုမရှိကြောင်း တွေ့ရှိရပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် ကုန်သွယ်ရေးစခန်းများမှာတော့ အဆိုပါရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ငါးသိန်းဝန်းကျင်ခန့်တန်ဖိုးရှိ ဆန်တန်ချိန်ရှစ်ရာကျော် ကုန်သွယ်မှုရှိခဲ့တာကိုတွေ့ရှိရပြီး စစ်တွေကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန်နှစ်ရာခန့်နှင့် မောင်တောကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန်ခြောက်ရာကျော်ဖြစ်ကြောင်း သိရှိရပါတယ်။ အဆိုပါစခန်းများမှာတော့ ဒီတစ်ပတ်အတွင်း ဆန်ကွဲကုန်သွယ်မှုမရှိခဲ့ကြောင်းတွေ့ရှိရပါတယ်။

ယခုရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၅ သန်းတန်ဖိုးရှိဆန်တန်ချိန် လေးသောင်းကျော်နှင့် အမေရိကန်ဒေါ်လာ လေးသန်းကျော်တန်ဖိုးရှိ ဆန်ကွဲတန်ချိန် တစ်သောင်းကျော်ကို ပင်လယ်ရေကြောင်းမှ ကုန်သွယ်မှုပြုနိုင်ခဲ့ပါတယ်။ ကုန်သွယ်မှုပြု ခဲ့တဲ့နိုင်ငံများကတော့ အင်ဒိုရာနိုင်ငံ၊ ပိုလန်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊အိုင်ဗရီကို့စ်နိုင်ငံ၊ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ချက်စ်ရီပက်ဗလစ်ခ်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့်အာဖရိကနိုင်ငံစသောနိုင်ငံများသို့ ဆန်ကုန်သွယ်မှုပြုလုပ်ခဲ့ပြီး အင်ဒိုရာနိုင်ငံကို ဧည့်မထ ၂၅ မှတ်ဆန်တန်ချိန် ရှစ်ထောင်ပို့နိုင်ခဲ့ပါတယ်။ ဧည့်မထ ၅ မှတ်၊ ၁၀ မှတ်၊ ၂၅ မှတ်၊ ပေါင်းဆန်နှင့် ငစိန် ၂၀ မှတ်စသော ဆန်များကိုလည်း တင်ပို့ခဲ့ပါတယ်။ ဆန်ကွဲတင်ပို့ ရာမှာတော့ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ စင်ကာပူ၊ ပိုလန်စတဲ့နိုင်ငံများသို့ တင်ပို့ခြင်းဖြစ်တာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ယခုတစ်ပတ်မှာ ပင်လယ်ရေကြောင်းမှ ကုန်သွယ်မှုဟာနယ်စပ်မှ ကုန်သွယ်မှုထက်ပိုများတယ်လို့ ဆိုနိုင်ပါတယ်။

ယခုကာလများအတွင်းမှာ နိုင်ငံတော်အစိုးရကလည်း ဆန်စပါးကဏ္ဍကို အလေးထားဆောင်ရွက်နေပြီး မြန်မာ့ဆန်စပါးဈေးကွက်ကိုလည်း တိုးချဲ့နိုင်ဖို့သက်ဆိုင်ရာ တာဝန်ရှိသူများ အသီးသီးက ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်နေတာကြောင့် ဆန်စပါးတင်ပို့မှုဟာ ပိုမိုမြင့်တက်လာတဲ့အပြင် ကမ္ဘာ့နိုင်ငံများမှလည်း မြန်မာ့ဆန်အား သတိပြုစောင့်ကြည့်နေကြကြောင်း ထုတ်ပြန်သောသတင်းများအရ လေ့လာတွေ့ရှိရပါတယ်။

**ကြည်သာသစ်နိုင်**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၈-၃-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၃ | ၄၁၃ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၃ | ၄၀၃ | △ | ၄၁၀ | ၄၁၄ | △ | ၄၃၅ | ၄၃၀ | ▽ | ၃၈၅ | ၃၈၈ | △ |
| ဆန်ဖြူ ၁၀% | ၃၉၁ | ၄၀၁ | △ | ၄၀၇ | ၄၀၉ | △ | - | - | - | ၃၈၁ | ၃၈၄ | △ |
| ဆန်ဖြူ ၁၅% | ၃၈၈ | ၃၉၈ | △ | ၄၀၀ | ၄၀၅ | △ | - | - | - | ၃၇၆ | ၃၇၈ | △ |
| ဆန်ဖြူ ၂၅% | ၃၇၆ | ၃၈၆ | △ | ၃၉၀ | ၃၉၀ | □ | ၃၈၅ | ၃၈၅ | □ | ၃၅၃ | ၃၅၃ | □ |
| ပေါင်းဆန် | ၄၃၅ | ၄၃၈ | △ | - | - | - | ၄၃၅ | ၄၂၃ | ▽ | ၄၄၅ | - | - |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၉-၃-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၅၀၀ | □ | ၂၃၅၀၀ | □ | ၇၈၀၀ | □ | ၃၉၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | △ | ၂၄၀၀၀ | △ | ၈၄၁၀ | △ | ၃၇၀၀၀ | △ |
| ပဲခူး | ၅၆၀၀ | □ | ၂၄၀၀၀ | △ | ၇၀၀၀ | □ | ၃၅၀၀၀ | △ |
| ရွှေဘို | ၆၀၀၀ | □ | ၂၆၀၀၀ | □ | ၁၅၀၀၀ | □ | ၄၇၀၀၀ | ▽ |
| စစ်တွေ | ၄၂၅၀ | □ | ၁၈၅၀၀ | □ | ၆၈၀၀ | □ | ၃၁၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၀၀၀ | □ | ၂၄၅၀၀ | □ | - | - | ၄၈၅၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၁၀၀ | □ | ၂၁၂၀၀ | □ | - | - | ၃၂၀၀၀ | □ |
| မန္တလေး | ၆၁၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၄၀၀၀ | ▽ | - | - | ၄၅၀၀၀ | △ |
| မော်လမြိုင် | ၅၈၀၀ | □ | ၂၂၀၀၀ | □ | ၇၈၀၀ | □ | ၃၄၀၀၀ | □ |
| လှိုင်ကော် | ၇၅၄၀ | △ | ၃၀၀၀၀ | □ | - | - | ၆၄၀၀၀ | □ |
| မြိတ် | ၅၀၀၀ | △ | ၂၆၀၀၀ | △ | - | - | ၃၈၀၀၀ | △ |
| ဘားအံ | ၅၅၀၀ | □ | ၂၇၀၀၀ | ▽ | - | - | ၄၄၅၀၀ | ▽ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

| ၅-၃-၂၀၁၈ မှ ၉-၃-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 1018 | 48,919,863.071 |
| 2 | Form D | 130 | 5,950,879.754 |
| 3 | Form E | 156 | 4,237,594.700 |
| 4 | Korea GSP | 15 | 722,600.230 |
| 5 | Form AK | 111 | 5,629,235.380 |
| 6 | Form AJ | 17 | 674,154.220 |
| 7 | Form AI | 80 | 3,166,129.890 |
| 8 | Form AANZ | 21 | 191,254.330 |
| 9 | Form DFTP | 1 | 159,000.000 |
| **Grand Total** | | **1549** | **69,650,711.575** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၉-၃-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၀/၂ | ၉/၃ | ပြောင်းလဲမှု | ၂၀/၂ | ၉/၃ | ပြောင်းလဲမှု | ၂၀/၂ | ၉/၃ | ပြောင်းလဲမှု | ၂၀/၂ | ၉/၃ | ပြောင်းလဲမှု |
| မတ်ပဲ | ၈၃၀ | ၈၂၃ | ▼ | ၇၆၇ | ၇၃၇ | ▼ | ၇၇၅ | ၇၇၅ | ■ | ၈၁၀ | ၇၆၅ | ▼ |
| ပဲစင်းငုံ | ၆၃၄ | ၆၅၆ | ▲ | ၅၅၈ | ၆၀၀ | ▲ | ၅၆၀ | ၅၄၀ | ▼ | ၅၄၅ | ၅၄၀ | ▼ |
| ပဲတီစိမ်း | ၁၂၀၀ | ၁၂၀၀ | ■ | ၁၀၈၃ | ၁၉၀၂ | ▲ | - | ၁၂၄၁ | - | ၁၄၂၀ | ၁၃၇၀ | ▼ |
| ကုလားပဲရိုးရိုး | ၁၉၅၀ | ၁၉၀၀ | ▼ | ၁၃၉၇ | ၁၃၃၀ | ▼ | ၁၂၁၁ | ၁၃၂၂ | ▲ | ၁၄၂၀ | ၁၂၆၅ | ▼ |
| ပဲလွန်းဖြူ | ၁၀၀၅ | ၁၀၃၀ | ▲ | - | ၁၁၆၇ | - | ၁၄၀၅ | - | - | ၁၂၈၀ | ၁၂၅၅ | ▼ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၆၅၀ | ▲ | ၂၃၁၁ | ၁၉၅၆ | ▼ | - | - | - | - | ၁၅၈၀ | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၉-၃-၂၀၁၈ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၀/၂ | ၉/၃ | ပြောင်းလဲမှု | ၂၇/၂ | ၈/၃ | ပြောင်းလဲမှု | ၂၇/၂ | ၈/၃ | ပြောင်းလဲမှု |
| မတ်ပဲ | ၃၉၀ | ၃၆၀ | ▼ | ၆၆၃ | ၆၂၀ | ▼ | ၆၀၃ | ၅၃၉ | ▼ |
| ပဲစင်းငုံ | ၃၂၀ | ၂၉၀ | ▼ | ၆၁၇ | ၆၀၈ | ▼ | ၆၄၈ | ၆၅၅ | ▲ |
| ပဲတီစိမ်း | ၆၁၀ | ၆၁၀ | ■ | - | - | - | ၇၄၀ | ၇၃၉ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၇၂၀ | ၆၀၀ | ▼ | ၅၈၆ | ၅၈၁ | ▼ | ၆၀၉ | ၆၀၈ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၄.၂.၁၈)ထိ | ယခုတစ်ပတ် (၃.၃.၁၈)ထိ | (၁.၁.၁၈) မှ (၃.၃.၁၈) ထိ |
| မတ်ပဲ | ၃၇၈၅၂ | ၂၅၁၆ | ၄၀၃၆၈ |
| ပဲတီစိမ်း | ၁၅၈၄၅ | ၄၀၁၄ | ၁၉၈၅၉ |
| ပဲစင်းငုံ | ၁၇၆၉၆ | ၁၆၁၆ | ၁၉၃၁၂ |
| ကုလားပဲ | ၃၂၀ | ၇၂ | ၃၉၂ |
| ပဲလွန်းဖြူ | ၈၂၆၁ | ၁၅၉၆ | ၉၈၅၇ |
| မြေထောက်ပဲ | ၁၀၇၇ | ၁၀၅၉ | ၂၁၃၆ |

## ပြည်ပဲကြီးသီးနှံ အရောင်းအဝယ်သွက်သလို ဈေးလည်း အမြင့်ဆုံးဖြစ်

မတ်လဆန်း ပြည်ပဲဈေးကွက်မှာ ပဲကြီးသီးနှံများအဝင်များလာပြီး ပြည်အနီး တစ်ဝိုက်နယ်စုံမှ ဝင်ရောက်ခဲ့သလို အောင်လံ၊ ကံမမြို့နယ်များမှ နေ့စဉ်ဝင်ရောက်ခဲ့လို့ အိတ် ၄၀၀ မှ ၆၀၀ ကျော်ထိ ဝင်ရောက်ခဲ့ပါတယ်။ နတ်တလင်း၊ တာပွန်ဘက်မှလည်း ဝင်ရောက်လျက်ရှိတာကြောင့် ဈေးကွက်အတွင်း အများအပြား ဝင်ရောက်လျက်ရှိသလို ပဲကြော်ဖိုသမားများနှင့် လှော်သမားများ အဓိကထားဝယ်ယူ ခဲ့တာကြောင့် အရောင်းအဝယ်သွက်တဲ့ သီးနှံဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းများကတော့ (ရွှေကျွန်း) တစ်တင်း ကျပ် ၄၁၀၀၀၊ ကမ်းနားတစ်တင်းကျပ် ၃၈၀၀၀ တို့ဖြင့် ယခင်တစ်ပတ်ကထက်ဈေးလျော့တယ်ဆိုသော်လည်း ပဲဈေးကွက်မှာ အခြားပဲများအားလုံးထက် ဈေးကောင်းပိုရလျက်ရှိတဲ့ သီးနှံဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ကုလားပဲသစ်များ ဝင်ရောက်မှုများသလို အရောင်းအဝယ်လည်းသွက်

ယခုကာလသည် ဆောင်းပဲသီးနှံများ အထွက်လှိုင်ချိန်ဖြစ်ခဲ့လို့ ဈေးကွက်အတွင်းသို့ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲကြီး၊ ကုလားပဲစသည်ဖြင့် နေ့စဉ်ပဲဝင်ရောက်မှုများလျက်ရှိရာ ကုလားပဲသီးနှံမှာလည်း ပန်းတောင်း၊ ကံမ၊ နတ်တလင်းမြို့နယ်များမှ နေ့စဉ် အိတ် ၄၀၀ ကျော်ထိဝင်ရောက်ခဲ့ကြတာကို တွေ့ရပါ တယ်။ ဝယ်လိုအားအနေဖြင့် ခွဲစက်သမားနှင့် လှော်သမားများ ဝယ်ယူမှုရှိတဲ့အတွက် ဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ကုလားပဲ ပဲသစ်ဈေးမှာ တစ်တင်းကျပ် ၂၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေတဲ့အတွက် ယခင်တစ်ပတ်က ထက် ကျပ်သုံးထောင်ကျော် လျော့သွားခဲ့ပါတယ်။ ယခင်နှစ်က ကုလားပဲသီးနှံဟာ ဈေးကောင်းရတဲ့သီးနှံထဲမှာ ပါဝင်နေ လို့ တစ်တင်းကျပ် ၃၅၀၀၀ ရရှိခဲ့ ကာ ယခုနှစ်မှာ တစ်တင်း ကျပ်တစ်သောင်းကျော်ထိ လျော့နည်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲတီစိမ်း အဝင်ပါးလာသော်လည်း ပုံမှန်အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်အတွင်း မတ်လဆန်းမှာ ဆောင်းပဲသီးနှံဖြစ်သော မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီးစသည်ဖြင့် ပဲအဝင်များလာသော်လည်း ပဲတီစိမ်းသီးနှံကတော့ ပဲအဝင်ပါးလာလို့ တစ်ရက်အိတ် ၁၅၀ ကျော်သာ ဝင်ရောက်မှုရှိတာကို တွေ့ရပါတယ်။ မန္တလေးဝယ်လက်ပုံမှန်အဝယ်ရှိလို့ ဝင်လာသမျှအရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲတစ်တင်းကျပ် ၂၅၅၀၀ ဈေးဖြင့် ဖေဖော်ဝါရီလကုန်ဈေးအတိုင်း ဈေး ငြိမ်နေခဲ့ပါတယ်။ သို့သော်လည်း မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက် ဈေးပိုရနေခဲ့ပြီး ကုလားပဲ၊ ပဲကြီးသီးနှံများထက်တော့ ဈေးလျော့ အရောင်းအဝယ်ဖြစ်နေခဲ့သလို ယခင်နှစ်က မတ်လအတွင်း အရောင်းအဝယ်ဖြစ်ခဲ့သော ဈေးထက်လည်းလျော့ နည်းခဲ့ပါတယ်။ ယခင်နှစ်က ပဲတီစိမ်းသီးနှံဈေးမှာ တစ်တင်းကျပ် သုံးသောင်းထိ ရရှိခဲ့လို့ မတ်ပဲ၊ ပဲစင်းငုံသီးနှံများနှင့် ဈေးပြိုင်ရရှိနေခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ဘိုကိတ်ပဲသစ် အရောင်းအဝယ်သွက်လျက်ရှိ

ယခုမတ်လဆန်းအတွင်း ပြည်ပဲဈေးကွက်သို့ ဘိုကိတ်ပဲသစ်များလည်း ဝင်ရောက်မှုများခဲ့တာကို တွေ့ရပါတယ်။ တစ်ရက်လျှင် အိတ် ၁၀၀ မှ ၁၅၀ ကျော်ခန့် ထိ ဝင်ရောက်မှုရှိသလို အရောင်းအဝယ်ဖြစ်မှုပမာဏမှာလည်း ဝင်လာသမျှ ဝယ်ယူ မှုရှိခဲ့ကြတဲ့အတွက် အိတ် ၁၅၀ မှ ၂၀၀ နီးပါးအထိ ရောင်းဝယ်မှုဖြစ်ခဲ့ပါတယ်။ ရန်ကုန်၊ မန္တလေးလိုင်းသမားများ ဝယ်ယူနေကြတယ်လို့သိရပြီး ပဲတစ်တင်းကျပ် ၁၇၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးလျော့နေသော်လည်း အရောင်းအဝယ်သွက်နေတယ်လို့ သိရပါတယ်။ လက်လီရောင်းဝယ်မှုအဖြစ်များတဲ့ ဘိုကိတ်ပဲသီးနှံ ဟာ ယခုအချိန်တွင် ပဲအထွက်လှိုင်ချိန်ဖြစ်တာကြောင့် လက်ကားအဝယ်လိုက်နေတဲ့အတွက် လက်လီ၊ လက်ကား အရောင်းအဝယ်သွက်နေတဲ့ ပဲသီးနှံ တစ်မျိုးဖြစ်နေခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## ပခုက္ကူကုန်စည်ဒိုင်၌ ပြောင်းဖူးစေ့(CP)ဈေးကောင်းနေ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်၌ ပဲစင်းငုံနီအသစ် တစ်တင်းလျှင် ကျပ်၁၁၀၀၀ဖြင့် အိတ်၅၀နှင့် ပဲစင်းငုံနီအဟောင်းတစ်တင်းလျှင် ကျပ် ၁၁၉၀၀ ဖြင့်နေ့စဉ် အိတ် ၁၀၀ ခန့်အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ ထို့ပြင် ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၅၅၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၄၇၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၄၅၀၀ဖြင့် အိတ်၅၀ခန့်၊ပဲယင်း(ယော) တစ်တင်းလျှင် ကျပ် ၁၆၈၀၀ ဖြင့်အိတ် ၅၀ခန့်၊ ပဲယင်း(မြစ်ခြေ)တစ်တင်းလျှင် ကျပ် ၁၇၅၀၀ ဖြင့် အိတ်၃၀ခန့်၊ ပဲလွန်းပြာ အသစ်တစ်တင်းလျှင် ကျပ်၁၈၃၀၀ ဖြင့် အိတ် ၁၀၀၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၃၁၀၀၀ဖြင့် အိတ် ၅၀၊ ပဲကြီးဖြူတစ်တင်းလျှင် ကျပ် ၃၅၀၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

စွန်တာနီ (ယော) တစ်တင်းလျှင် ကျပ် ၂၆၇၀၀ ဖြင့် အိတ် ၁၀၀၊ ပဲကြီးနက် တစ်တင်းလျှင် ကျပ် ၃၁၉၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပြောင်းဖူးစေ့(CP)ဈေးဟာလည်း တစ်ရိပ်ရိပ်တက်လျက်ရှိကာ ဖေဖော်ဝါရီလ ပထမပတ်တွင် တစ်တင်းလျှင် ကျပ် ၁၀၅၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တင်းလျှင်ကျပ် ၁၁၅၀၀ ဖြင့် အိတ် ၅၀မှ ၁၀၀ကြား နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းဈေးကွက်တွင် ပြည်ပမှ အဝယ်လိုက်လာသဖြင့် ဈေးမြင့်တက်လျက်ရှိပါတယ်။ ယခင်တစ်ပတ်က နှမ်းနက် (ဂွ) တစ်တင်းလျှင်ကျပ် ၃၁၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကျပ် ၃၃၀၀၀ ဖြင့် အိတ် ၅၀၊ နှမ်းနက် (စမုံ) တစ်တင်း ကျပ် ၂၅၀၀၀ မှ ၃၉၅၀၀ ဖြင့် အိတ် ၅၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မန်ကျည်းတောင့် တစ်ပိဿာလျှင်ကျပ် ၉၆၀ ဖြင့် ပိဿာချိန် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်တွင် ကြက်သွန်နီ အဝင်နည်းပြီး ယခင်တစ်ပတ်က ထက် ဈေးအနည်းငယ် ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ကြက်သွန်နီလက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၄၅၀၊ လတ်စ တစ်ပိဿာလျှင် ကျပ် ၁၀၀၀၊ နိမ့်စ တစ်ပိဿာလျှင် ကျပ် ၆၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကြက်သွန်နီလက်ကားဈေးမှာ ထိပ်စ တစ်ပိဿာလျှင် ကျပ် ၉၅၀၊ လတ်စ တစ်ပိဿာလျှင်ကျပ် ၆၀၀၊ နိမ့်စတစ်ပိဿာလျှင် ကျပ် ၄၀၀ ဖြင့် နေ့စဉ်ပိဿာချိန် ၂၀၀၀၀ မှ ၅၀၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

ဆိပ်ဖြူကုန်စည်ဒိုင်၌ ကြက်သွန်နီလက်ကားဈေးမှာ ထိပ်စ တစ်ပိဿာလျှင်ကျပ် ၈၀၀၊ လတ်စ တစ်ပိဿာလျှင် ကျပ် ၇၀၀၊ နိမ့်စ တစ်ပိဿာလျှင် ကျပ် ၆၀၀ ဖြင့် ပိဿာချိန် ၁၀၀၀၀မှ ၂၀၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်ဈေးကွက်တွင် မြေပဲဆန်(အနီ) ဝယ်လိုအားများလို့ ဈေးပြန်မြင့်လာ

ပြည်ဈေးကွက်တွင် ယခုတစ်ပတ်၌ မြေပဲဆန်(အနီ) မှာ လုံးဆန်ရော ဆီဆန်ပါ ဈေးမြင့်လာပြီး မြေပဲဆန်(အဖြူ) မှာ လုံးဆန်ရော ဆီဆန်ပါ ဈေးကျလာတာ တွေ့ရပါတယ်။ မြေပဲဆန်(အဖြူ) ကို ဝယ်လက်များမှ ဝယ်ယူမှုနည်းသွားသဖြင့် ဈေးကျလာပြီး မြေပဲဆန်(အနီ) မှာ ပဲလှော်ဖိုသမားနှင့် ဆီစက်များက အဝယ်ရှိသဖြင့် ဈေးမြင့်လာတာတွေ့ရပါတယ်။ ဈေးကွက်သို့ မြေပဲဆန်ဝင်ရောက်မှုမှာလည်း ယခုတစ်ပတ်တွင် နည်းသွားသဖြင့် ဈေးအနည်းငယ်မြင့်လာတာတွေ့ရပါတယ်။

ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ မြေပဲဆီဆန်(အဖြူ) တစ်ပိဿာလျှင် ၂၁၂၅ ကျပ်ဖြင့် ယခင်တစ်ပတ်ကထက် တစ်ပိဿာလျှင် ၇၅ ကျပ် ဈေးကျလာသော်လည်း မြေပဲဆီဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၁၅၀ ဖြင့် တစ်ပိဿာလျှင် ကျပ် ၁၅၀ ဈေးမြင့်လာတာ တွေ့ရပါတယ်။ မြေပဲလုံးဆန်ဈေးမှာလည်း (အဖြူ) တစ်ပိဿာလျှင် ၂၃၂၅ ကျပ်ဖြစ်ပြီး ယခင်တစ်ပတ်ကထက် တစ်ပိဿာလျှင် ကျပ် ၅၀ ဈေးကျ လာကာ လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၄၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ကျပ် ၁၀၀ ဈေးတက်လာတာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## မြန်မာ့ဆိပ်ကမ်းတွင် ၈.၃.၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT.PRIMROSE | P'Oil(In Bulk) ၄၃၀၀ ကုန်ချရန် |
| ထီးတန်းဆိပ်ကမ်း (၁) | - SIMA PERFECT | ကုန်သေတ္တာ ၅၁၉ ကုန်ချရန် |
| ထီးတန်းဆိပ်ကမ်း (၂) | - MAENAM-1 | ကုန်သေတ္တာ ၃၆၀ ကုန်တင်ရန် |
| အေးရှားဝေါလ်ဆိပ်ကမ်း (၃) | - KOTA HASIL | ကုန်သေတ္တာ ၄၆၃ ကုန်ချရန် |
| အလုံဆိပ်ကမ်း (၂) | - OCCITAN BARSAC | Steel Bar ၁၉၇၉၅ တန်ကုန်ချရန် |
| စက်မှုဆိပ်ကမ်း (၃) | - TOVE MAERSK | ကုန်သေတ္တာ ၅၆၆ ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၄) | - DREAM CATCHER | ဆန် ၁၃၂၀၀ တန် ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၅) | - ATLANTIS FORTUNE | ဆန် ၂၄၀၀၀ တန်ကုန်တင်ရန် |
| ဗိုလ်တစ်ထောင်ဆိပ်ကမ်း(၁) | - TAN BINH -127 | Steel ၁၀၄၅၅တန်ကုန်ချရန် |
| ဗိုလ်တစ်ထောင်ဆိပ်ကမ်း(၂) | - HOANG HAI-88 ALCI | Steel Coil ၃၀၄၆ တန်ကုန်ချရန် |
| MIPL ဆိပ်ကမ်း | - ORIENTAL SKY | Concrete Piles ၅၃၅၆ တန်ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၁) | - GARDENIA ACE | Units Vehicles(RO/RO) ၂၇၄ တန်ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၃) | - CP SHENZHEN | Steel Product ၂၈၈၆၈ ကုန်ချရန်ရှိ |
| သီလဝါဆိပ်ကမ်း (၄) | - FALCON TRIDENT | Steel ၂၇၇၈၀ တန်ကုန်ချရန် |
| MMTM JETTY | - MT.OCEAN PROGRESS | Disel Oil Mogas(92Ron)၁၂၇၇၇ ကုန်ချရန် |
| PUMA JETTY | - MT.ASPIRE | Bitumen ၃၀၄၁ တန်ကုန်ချရန် |
| Green Asia JETTY | - MT.GREAT PRINCESS | Disel Oil ၁၂၄၄၇ ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| BUDVA | ဆန် ၂၅၆၇၂ တန်ကုန်တင်ရန် | - | ၈.၃.၂၀၁၈ |
| YUAN JING | Units RTG,CRANE ၉ ကုန်ချရန် | CHINA | ၉.၃.၂၀၁၈ |
| GRAND CHOICE | Units Vehicles(RO/RO) ၁၈၆ တန်ကုန်ချရန် | JAPAN | ၉.၃.၂၀၁၈ |
| GH ROUGH HABIT | Steel ၂၇၉၀၀ တန်ကုန်ချရန် | CHINA | ၉.၃.၂၀၁၈ |
| ROYAL-27 | Urea(In Bulk) ၁၁၀၀၀ တန်ကုန်ချရန် | MALAYSIA | ၉.၃.၂၀၁၈ |
| U THAR | Fertilizer IN BAGS ၁၀၀၀၀ တန်ကုန်ချရန် | THAI | ၉.၃.၂၀၁၈ |
| MS SEABOURN SOJOURN | Nos,Cruse Vessel ၄၁၂ တန်ကုန်ချရန် | SRILANKA | ၁၀.၃.၂၀၁၈ |
| LOTUS LEADER | Unit+ 14 PKGS Vehicle (RO/RO) ၂၃၂ တန်ကုန်ချရန် | JAPAN | ၁၄.၃.၂၀၁၈ |
| YU HENG XIAN FENG | Units Vehicles(RO/RO) ၈၃၇ တန်ကုန်ချရန် | SRILANKA | ၁၆.၃.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| DAWEI | MALAYSIA | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၈.၃.၂၀၁၈ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၈.၃.၂၀၁၈ |
| EVER ALLY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၃.၂၀၁၈ |
| MAX CRUSADERE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၃.၂၀၁၈ |
| MATHU BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၀.၃.၂၀၁၈ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၃.၂၀၁၈ |
| SINAR BATAM | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၁၁.၃.၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၃.၂၀၁၈ |
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၃.၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၆.၃.၂၀၁၈ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၃.၂၀၁၈ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၃.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.DELTA SEA | P'Oil(In Bulk) | SINGAPORE | ၇.၃.၂၀၁၈ |
| MT.BABYLON | ဒီဇယ်ဆီ | SINGAPORE | ၈.၃.၂၀၁၈ |
| MT.ATALANTA | ဒီဇယ်ဆီ | SINGAPORE | ၉.၃.၂၀၁၈ |
| MT.CAPE DURANGO | MOGAS 92 RON | SINGAPORE | ၁၄.၃.၂၀၁၈ |
| MT.VIER STAR | P'Oil(In Bulk) | INDONESIA | ၁၅.၃.၂၀၁၈ |
| MT.SK LINE 1 | P'Oil(In Bulk) | INDONESIA | ၂၀.၃.၂၀၁၈ |

# ပြည်ပဲနီပြားသီးနှံသစ်များ စတင်ဝင်ရောက်လာပြီး ဈေးကောင်းရနေ

မတ်လဆန်းပိုင်းကာလတွင် ပြည်ပဲဈေးကွက်သို့ ပဲနီပြားသီးနှံသစ်များ စတင်ဝင်ရောက်မှုရှိလာတာကို တွေ့ရပါတယ်။ ပြည်အနီးဒေသအချို့မှ ဝင်ရောက်ခဲ့သလို နတ်တလင်း၊ တာပွန်ဘက်မှလည်း ဝင်ရောက်လာလို့ တစ်ရက်အိတ် ၁၀၀ ဝန်းကျင်ဝင်ရောက်ခဲ့ပါတယ်။

ပဲဈေးမှာ တစ်တင်း ကျပ်လေးသောင်းဖြင့် ဈေးဖွင့်ဝယ်ယူတာကြောင့် အခြားပဲများထက် ဈေးကောင်းရရှိခဲ့ကာ ပဲကြီးသီးနှံဈေးနီးပါး ဈေးမြင့်ရလျက်ရှိခဲ့ကြပါတယ်။ ယခုနှစ်အတွင်း ပဲဟောင်းလက်ကျန်ပြတ်ချိန်မှာလည်း ဈေးကောင်းရခဲ့သလို ပဲသစ်ပေါ် ချိန်တွင်လည်း ဈေးဆက်ကောင်းနေကြောင်းသိရပြီး ပဲအထွက်လှိုင်ချိန် အဝင်များလာချိန်မှာတော့ ပဲဈေးနှုန်း လျော့ကျသွားမလားစောင့်ကြည့်ရမှာဖြစ်ပါတယ်။

**ခင်ဆွေဝင်း**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ပဲစားသုံးမှုမြှင့်တင်ရေး အထောက်အကူပြု ဆင့်ပွားသင်တန်းဖွင့်လှစ်



ပဲစားသုံးမှုမြှင့်တင်ရေး အထောက်အကူပြု ဆင့်ပွားသင်တန်းကို မတ် ၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဖွင့်လှစ်ပို့ချခဲ့ရာ ဝန်ထမ်း ၃၀ ဦးတက်ရောက်ခဲ့သည်။

အဆိုပါသင်တန်းသည်ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး) တွင် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်ခဲ့သော ပဲစားသုံးမှုမြှင့်တင်ရေး အထောက်အကူပြု နည်းပြရက်တိုသင်တန်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်နှင့် ယင်းမာပင်ခရိုင်မှ ဝန်ထမ်းလေးဦး တက်ရောက်ခဲ့သည့်အနက် မုံရွာခရိုင်မှ ဦးစီးမှူး ဒေါ်ခင်မြတ်မူက တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် ပြန်လည်ဆင့်ပွားသင်တန်းပို့ချခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်လှစ် ပို့ချရခြင်း၏ ရည်ရွယ်ချက်မှာ ပဲစားသုံးခြင်းမှရရှိနိုင်မည့် အကျိုးကျေးဇူးနှင့် အာဟာရဓာတ်ပါဝင်မှုများအပြင် ကျန်းမာရေးနှင့်သက်ဆိုင်သည့် ဗဟုသုတများရရှိစေပြီး ပဲစားသုံးမှု အလေ့အထကောင်းများ တိုးပွားစေရန်နှင့် ပဲအမျိုးမျိုးမှ ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရဓာတ်ပြည့်ဝသော တန်ဖိုးမြှင့်စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်သည့်နည်းစနစ်များအား လက်ဆင့်ကမ်း ပြန်လည်ဖြန့်ဝေခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

သင်တန်းတွင် ဦးစီးမှူး ဒေါ်ခင်မြတ်မူက ပဲစင်းငုံဟင်းချို၊ မတ်ပဲဘယာကြော်၊ ပဲတီစိမ်းအခြမ်း (ပဲဝါလေး) ကြော်၊ မတ်ပဲအခြမ်းနှပ်၊ ပဲစင်းငုံသီးစုံဟင်းနှင့် ပဲတီစိမ်း (ပဲဝါလေး) ကြာဆန်ဟင်းချိုတို့ ချက်ပြုတ်ရာတွင် ပါဝင်ရမည့် ပစ္စည်းအမျိုးအစားနှင့် အချိုးအစားများ ရှင်းလင်းပြောကြားခြင်း၊ မတ်ပဲအခွံချွတ် ခွဲခြမ်းစားသုံးခြင်း၊ ပဲတီစိမ်းအခွံချွတ်ခွဲခြမ်း (ပဲဝါလေး) စားသုံးခြင်းနှင့် ပဲစင်းငုံအခွံချွတ်ခွဲခြမ်း စားသုံးခြင်းတို့၏ ကျန်းမာရေးအကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားပြီး ပဲတီစိမ်းအခြမ်း(ပဲဝါလေး) ကြော်နှင့် မတ်ပဲအခြမ်းနှပ်ဟင်းလျာများကို စာတွေ့၊ လက်တွေ့သင်ကြားခဲ့ကြောင်း သတင်းရရှိသည်။

**သန်းသန်းတင်(မုံရွာ)**

# ထောပတ်သီးစိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာ ဆရာဖြစ်သင်တန်းဖွင့်လှစ်

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ကမ္ဘောဇကုန်သွယ်ရေးခန်းမ၌ မတ်လ ၈ ရက်က ထောပတ်သီး စိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာဆရာဖြစ်သင်တန်းကို ဖွင့်လှစ်ခဲ့ရာ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်နှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် ထောပတ်သီးအစုအဖွဲ့မှ အသင်းသူအသင်းသားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ပါတယ်။

သင်တန်းတွင် အပူပိုင်းသီးနှံပညာရှင်၊ အမေရိကန်နိုင်ငံ၊ ဖလော်ရီဒါပြည်နယ်မှ သင်တန်းဆရာ Michael Bradley Thomas က ထောပတ်သီးပင်များနှင့်ပတ်သက်၍ ပိုးမွှားများ၊ ရောဂါများအကြောင်း၊ မျိုးများရွေးချယ်မှုပုံစံ၊ စိုက်ပျိုးနည်း(ရိုးရိုး/ကိုင်းဆက်)၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမည့် တောင်သူများအတွက် Organic စိုက်ပျိုးနည်းနှင့် တရုတ်ဈေးကွက်များအကြောင်း ဟူ၍ အပိုင်းများခွဲ၍ သင်ကြားခဲ့ကြောင်း သိရပါတယ်။

အဆိုပါ သင်တန်းသို့ ရှမ်းပြည်နယ် ထောပတ်သီး တောင်သူအစုအဖွဲ့မှ သင်တန်းသူ/ သင်တန်းသားများ၊ စိတ်ပါဝင်စား၍ လာရောက်လေ့လာသူများ စုစုပေါင်း ၂၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်းနှင့် အဆိုပါသင်တန်းကို မတ်လ ၁၀ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရပါတယ်။

**လွင်ကိုအောင်(တောင်ကြီး)**

စာမျက်နှာ (၃) လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးသို့ …… မှအဆက်

စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့် ထိခိုက်နစ်နာဆုံးရှုံးမှုများရှိပါကြောင်း၊ ထို့ကြောင့် တောင်သူများ၏ ထိခိုက်နစ်နာမှုများအပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်မည့်အစီအမံများကို ဖော်ထုတ်ဆွေးနွေး ပေးကြရန် လိုအပ်ကြောင်း၊ ဆန်စပါးနှင့် ပဲမျိုးစုံအပါအဝင် လယ်ယာထုတ်ကုန်သီးနှံများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်များကို လေ့လာစိစစ်ပြီး တောင်သူများတွက်ခြေကိုက်သည့် ဈေးကွက်နှင့် ဈေးနှုန်းများရရှိအောင် အစိုးရဌာနများနှင့် ပုဂ္ဂလိကကဏ္ဍအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြား ခဲ့ပါသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီး၊ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် အစည်းအဝေးတက်ရောက်လာကြသူများက လယ်ယာထုတ်ကုန်များနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေများနှင့်ရှေ့ဆက်ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါအစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန တိုင်းဒေသကြီးဝန်ကြီး ဦးဇော်မင်း၊ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပါသည်။

**MOC (IR)**

## ကြက်သွန်

# ပြည်ကြက်သွန်နီ အရောင်းအဝယ်ကောင်းလျက်ရှိ

ယခုတစ်ပတ်အတွင်း ပြည်ဈေးကွက်သို့ တောင်တွင်း၊ ရေနံချောင်း၊ ပခုက္ကူ၊ အောင်လံ၊ သရက်၊ မကွေး အစရှိတဲ့ နယ်စုံမှ ကြက်သွန်နီများ ဝင်ရောက်မှုရှိနေပြီး တစ်ရက်ကို ပိဿာ ၃၀ ဝင် အိတ် ၄၀၀ မှ ၅၀၀ အထိ ဝင်ရောက်မှုရှိနေကြောင်း သိရပါတယ်။ ဝင်ရောက်လာသော ကြက်သွန်နီများမှ အစိုဓာတ်နည်းနေ၍ အရည်အသွေးကောင်းမွန်လာသဖြင့် စားသုံးသူများ အကြိုက်တွေ့နေပြီး သုံးစွဲမှုပိုမိုကာ ဝယ်လိုအားကောင်းနေသည့်အတွက် အရောင်းအဝယ်မှာလည်း ကောင်းနေတာတွေ့ရပါတယ်။

အရောင်းအဝယ်အားဖြင့် အိတ်ဆွဲဝယ်ရောင်းသမားများ၊ ဒေသတွင်းဝယ်လက်သမားများ၊ စားသုံးသူပြည်သူများနဲ့ တိုင်းကျော်တင်ပို့မှုအဖြစ် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှုအပါအဝင် တစ်ရက်ကို ဝင်ရောက်မှုရဲ့ လေးပုံသုံးပုံခန့် အရောင်းအဝယ်ဖြစ်နေပြီး ပုံမှန်ထက်အရောင်းအဝယ်ပိုမိုဖြစ်နေတာ တွေ့ရပါတယ်။ ဈေးနှုန်းများအနေနဲ့ ယခုတစ်ပတ် ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် (ကြီး) ကျပ် ၁၂၀၀၊ (လတ်) ကျပ် ၁၁၀၀၊ (သေး) ကျပ် ၁၀၀၀ မှ ကျပ် ၁၀၅၀ တို့ ရှိပြီး လက်လီဈေးအသေးများတွင်(ကြီး) ကျပ် ၁၅၀၀၊ (လတ်) ကျပ် ၁၃၀၀၊ (သေး) ကျပ် ၁၂၀၀ နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ် လက်ကားဈေးတစ်ပိဿာ (ကြီး) ကျပ် ၁၃၀၀၊ (လတ်) ကျပ် ၁၁၀၀မှ ကျပ်၁၂၀၀၊ (သေး) ကျပ် ၁၁၀၀ မှ ကျပ် ၁၀၅၀ တို့ရှိပြီး လက်လီ(ကြီး) ကျပ် ၁၆၀၀၊ (လတ်) ကျပ် ၁၄၀၀၊ (သေး)ကျပ် ၁၂၀၀ နှုန်းတို့ရှိတဲ့အတွက် ယခုတစ်ပတ်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းတို့နှင့်နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ကျပ် ၁၀၀ ခန့်ကျဆင်းသွားကြောင်း သိရှိရပါတယ်။ တရုတ်ကြက်သွန်နီများအနေဖြင့် ဈေးကွက်အတွင်း လုံးဝမရှိတော့ကြောင်း သိရှိရပါတယ်။

**ဝင်းလှဲ့ဝါ**

# တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ ကြက်သွန်နီတင်ပို့

ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၁၄ သန်းတန်ဖိုးရှိ ကြက်သွန်နီ ၅၂၉ တန်ကို တရုတ်နိုင်ငံသို့လည်းကောင်း၊ မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၉၂၅၀ တန်ဖိုးရှိကြက်သွန်နီ တန် ၅၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း အသီးသီးတင်ပို့ခဲ့ပါတယ်။

လက်ရှိဈေးကွက်အတွင်း ဝင်ရောက်လာတဲ့ ကုန်းစိုက်ကြက်သွန်များမှာ ရိတ်သိမ်းချိန်တွင် မိုးရွာခဲ့မှုကြောင့် အရည်အသွေးထိခိုက်ခဲ့သဖြင့် လက်ရှိဈေးနှုန်းများအရ တောင်သူတွေ အကျိုးအမြတ်နည်းသွားကြောင်း၊ မတ်လတွင် ကြက်သွန်နီသစ်များ ဝင်ရောက်မှာဖြစ်လို့ ယခင်နှစ်လို ဈေးကောင်းရမည်ဟု မျှော်လင့်ကြောင်း ပခုက္ကူမှ ကြက်သွန်စိုက်တောင်သူတွေထံမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# ရှမ်းကြက်သွန်ဖြူ စတင်ဝင်ရောက်ပြီး အဟောင်းလက်ကျန်များရှိနေ

ရှမ်းပြည်နယ်တောင်ပိုင်းဈေးကွက်ကို ကြက်သွန်ဖြူအသစ် အနည်းငယ်ခန့် စဝင်လာပြီး အောင်ပန်းမြို့နယ်မှထွက်သော ကြက်သွန်ဖြူတွေလို့သိရပါတယ်။ အသစ်ဖြစ်တာကြောင့် အစိုဓာတ် များနေပြီး သီတင်းကျွတ်မှာစိုက်တဲ့ ကြက် သွန်များပေါ်နေတာကြောင့် အဖျင်း/အညံ့တွေကများပြီး ထိပ်စက အထွက်နည်းပါတယ်။ တန်ဆောင်မုန်းလမှာ စိုက်တဲ့ ကြက်သွန်ဖြူကတော့ မထွက်သေးပါဘူး။ ဒါပေမယ့် အထွက်နှုန်းကောင်းနိုင်တယ်လို့ ခန့်မှန်းကြပါတယ်။

အဟောင်းလက်ကျန်တွေကလည်း အတော်များများကျန်နေပြီး ကြက်သွန်ဖြူ ဈေးကတော့ သိပ်ပြီးမကောင်းလှပါဘူး။ ဒီတစ်ပတ် ကြက်သွန်ဖြူ(ဟောင်း) တစ်ပိဿာ (လက်ကားဈေး) က (လတ်ခြား) ကျပ် ၄၅၀၊ (ထူး-၁) ကျပ် ၅၅၀၊ (ထူး-၂) ကျပ် ၈၅၀၊ (ထူး-၃) ကျပ် ၁၀၀၀၊ (ထူး-၄) ကျပ် ၁၂၀၀ ဈေးရှိပါတယ်။ လက်လီဈေးကတော့ (ထူး ၃/၄) အရောတွေကိုကျပ် ၂၀၀၀ မှ ၂၅၀၀ ဈေးရှိတယ်လို့သိရပါတယ်။

ဒီတစ်ပတ်ထွက်ရှိလာတဲ့ ကြက်သွန်ဖြူ(သစ်) လက်ကားဈေးကတော့ (လတ်ခြား) က ကျပ် ၅၀၀ မှ ၆၀၀၊ (ထူး-၃)၊ (ထူး-၄) ကကျပ် ၉၀၀ မှ ၁၀၀၀ ဈေးရှိကြောင်း စုံစမ်းသိရှိရပါတယ်။

**ဇခိုင် (တောင်ကြီး)**

## နနွင်း

# ပုံမှန် အရောင်းအဝယ်ဖြစ်နေတဲ့ ရှမ်းနနွင်း

ရှမ်းနနွင်းကလည်း ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ အသစ်တွေကလည်း ဈေးကွက်မှာ အနည်းငယ်သာ ဝင်ရောက်မှုရှိနေပြီး အစိုဓာတ်တွေရှိနေသေးလို့ အဟောင်းတွေကိုသာ ရောင်းနေရတယ်လို့ သိရပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ နနွင်းက အရည်အသွေးပေါ်မူတည်ပြီး အရောင်းအဝယ်ဖြစ်နေပါတယ်။ မူဆယ်ဝယ်လက်တွေက ပြန်ပြီးဝယ်ယူဖို့ ကမ်းလှမ်းလာတယ်လို့လည်း ဟိုပုံးနနွင်းပွဲရုံတွေထံမှ သိရပါတယ်။ မူဆယ်ဝယ်လက်တွေကြောင့် ဈေးကလည်း သုံးမျိုးကွဲပြားလာပြီး ဝယ်လက် တွေကလည်း ကြိုက်တဲ့ပစ္စည်းကို စိတ်ကြိုက်ဝယ်ယူနေကြတယ်လို့ ဆိုပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ နနွင်းဈေးက တစ်ပိဿာကို အချော/ အကြမ်း(အရော) ကျပ် ၁၀၀၀၊ အကြမ်း ကျပ် ၁၅၀၀၊ အချောကျပ် ၂၃၀၀ ရှိပါတယ်။ မူဆယ်ဝယ်လက်က အချောစကို အဝယ်များပြီး ပြည်တွင်း သုံးကတော့ အချော/အကြမ်း(အရော)ကို ဝယ်ယူမှုများတယ် လို့သိရ ပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ ပြည်တွင်းသုံး အမှုန့်ကြိတ်ဖို့အတွက်သာ ဝယ်ယူမှုရှိနေပြီး တစ်ပတ်အတွင်းမှာ နနွင်းပိဿာချိန်ပေါင်း ကိုးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တစ်ပိဿာပေါက်ဈေးမှာ အနိမ့်ဆုံး ကျပ် ၁၀၀၀ မှ အမြင့်ဆုံး ကျပ် ၃၃၀၀ ထိရှိတယ်လို့ အောင်ပန်းပွဲရုံတွေထံမှ သိရှိရပါတယ်။

**ဇခိုင်(တောင်ကြီး)**

# နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ၂ သိန်းနီးပါးဝင်ငွေရ

ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၂၆၂ ဒသမ ၅၂၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ ၁၀၃ ဒသမ ၅၂၅ တန်၊ အိန္ဒိယနိုင်ငံသို့ ၅၆ တန်နဲ့ မလေးရှားနိုင်ငံသို့ ၁၀၃ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်း၄၂၃ တန်ကျော် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၁၆၀ ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ နနွင်းတစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၂၅-၇၃၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ နှစ်သိန်းနီးပါး ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# ဖေဖော်ဝါရီလအတွင်း မူဆယ်မှ နနွင်းတက် တန်ချိန် ၆၀၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့

ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ် လာ ၂၆၆၈၇၂ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၃၆၈ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့ တဲ့ ၈၁ တန်နဲ့ နှိုင်းယှဉ်ပါက ၂၈၇ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ ဖေဖော်ဝါရီ တစ်လလုံးမှာတော့ မူဆယ်မှ နနွင်းတန်ချိန် ၆၀၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ကြောင်း စခန်းများရဲ့ စာရင်းအရ သိရပါတယ်။

**မော်မော်အောင်**

# ပဲမျိုးစုံဆိုင်ရာ မျိုးစေ့ဘဏ်များဖွံ့ဖြိုးမှုတိုးတက်ရေး သင်တန်းဖွင့်လှစ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေးသုတေသနအဖွဲ့ (ACIAR) အစီအစဉ်ဖြင့် တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ စိုက်ပျိုး ရေးဦးစီးဌာန၌ ပဲမျိုးစုံဆိုင်ရာ မျိုးစေ့ဘဏ်များဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကို မတ်လ ၅ ရက်မှ ၆ ရက်ထိ ၂ ရက်ကြာဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ကလောမြို့ နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာ ရှိ ဒေါ်သက်သက်အေးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြများမှ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် မျိုးစေ့ဘဏ်ဖြင့် မျိုးသန့်ပွားများခြင်းလုပ်ငန်းများ၊ မျိုးကောင်းမျိုးသန့်တို့၏ အရည်အချင်း လက္ခဏာများ၊ ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးလျက်ရှိသည့် မျိုးသန့်သုံးစွဲနိုင်မှု အခြေအနေ၊ မျိုးစေ့ဥပဒေ၊ မြေအသုံးချရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ပဲမျိုးစုံတွင် ကျရောက်သော ပိုးမွှားရောဂါကာကွယ်နည်းများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများအကြောင်း၊ စိုက်ပျိုးနည်းစနစ်များ၊ သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းများကို အသီးသီး ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ စားသုံးသူ ရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စိုက်ပျိုးရေးနှင့် သုတေသနဌာနခွဲမှဝန် ထမ်းများ အပါအဝင် ကလောမြို့နယ် ကျေးရွာအုပ်စုများမှ တောင်သူများ စုစုပေါင်း ၄၂ ဦး တက်ရောက်ခဲ့ ကြောင်း သတင်းရရှိသည်။

**ငြိမ်းငြိမ်းထွေး(အောင်ပန်း)**

## ချင်း

# ယခုတစ်ပတ် ရှမ်းချင်းဈေးကျ

ဒီတစ်ပတ်ဟိုပုံးဈေးကွက်မှာချင်း(စို) ကဈေးကျလာပါတယ်။ အရင်တစ်ပတ်ကတော့ တစ်ပိဿာကို ကျပ် ၃၅၀ ထိဈေးရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာဈေး ပြန်ကျလာပါတယ်။ ဝယ်ယူနေတဲ့ ဘင်္ဂလားဒေ့ရှ်ဝယ်လက်တွေကလည်း ယခု တစ်ပတ်မှာ နားနေတာကြောင့် ဈေးကျလာတာဖြစ်တယ်လို့ သိရပါတယ်။ ဒေသတွင်းသုံးဖို့ လက်လီတွေသာ အနည်းအကျဉ်းအဝယ်ရှိနေပြီး ဟိုပုံးဈေးကွက်မှာတော့ ချင်းခြောက်က ပစ္စည်းအနည်းအကျဉ်းသာရှိတော့တယ်လို့ သိရပါတယ်။ အစိုအတိုင်း ဈေးကောင်းနေတော့ ချင်းခြောက်ပြုလုပ်တာနည်းသွားလို့ ပစ္စည်းလက်ကျန် နည်းသွားတယ်လို့ဆိုပါတယ်။ ဒီတစ်ပတ် ဟိုပုံးဈေးကွက်မှာ ချင်း(စို)ကတစ်ပိဿာ ကျပ် ၂၈၀ မှ ၃၀၀ ရှိပြီး ချင်းခြောက်ကတော့ ကျပ် ၉၀၀ မှ ၁၀၀၀ သာရှိတယ်လို့ ဈေးကွက်က သိရှိရပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ ချင်းကပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ အလှူရာသီချိန် ရောက်လာတာကြောင့် ထိုးချင်းအဖြစ် ဝယ်ယူအသုံးပြုဖို့အတွက် ပြည်တွင်းသုံးဝယ်လက်တွေက ဝယ်ယူနေလို့ အရောင်းအဝယ် ကောင်းနေတယ်လို့သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ချင်း(စို) တစ်ပိဿာကိုကျပ် ၂၀၀ မှ ၄၀၀ ရှိပြီး ချင်းခြောက်ကတော့ကျပ် ၉၀၀ မှ ၁၀၀၀ ဈေးရှိပါတယ်။

**ဇခိုင် (တောင်ကြီး)**

# ဒီတစ်ပတ် ပင်လယ်ရေကြောင်းမှ ချင်းတင်ပို့မှုပို

ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၇၂၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နိုင်ငံနဲ့တန်ချိန်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၇၂၁ ဒသမ ၅ တန်နဲ့ သီရိလင်္ကာနိုင်ငံသို့ ၇ ဒသမ ၅ တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။

ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ချင်းတန်ချိန် ၂၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ချင်းတန်ချိန် ၄၆၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၆၈၅၁၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

Vol: 18, No.11 Monday March 12 2018



# ဘဏ္ဍာနှစ်မကုန်မီ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကျော် ရောက်ရှိပြီး သမိုင်းတစ်လျှောက်ကုန်သွယ်မှု စံချိန်သစ်တင်

ရှင်မင်းအုံ (တန့်ဆည်)

ကျွန်တော်တို့ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံမှ ဖွံ့ဖြိုးပြီး နိုင်ငံတစ်နိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်ရန်အတွက် အစိုးရနှင့် ပြည်သူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရင်း ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပကုန်သွယ်မှုကဏ္ဍသည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူပြုလျက် ရှိသော အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်နေသောကြောင့် ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့်လည်း မိမိတို့ဝန်ကြီးဌာန၏ ချမှတ်ထားသည့် မျှော်မှန်းချက်၊ ရည်ရွယ်ချက်များနှင့်အညီ ပို့ကုန်များအား ခိုင်မာသော ဈေးကွက်များ ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ရေး၊ ဈေးကွက်သေချာသည့် ထုတ်ကုန်များထုတ်လုပ်တင်ပို့နိုင်ရေး၊ ပို့ကုန်တင်ပို့မှုလွယ်ကူလျင်မြန်စေရေးနှင့် နိုင်ငံ၏ပြည်ပကုန်သွယ်မှုကဏ္ဍအား နှစ်စဉ်အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုတွင် ပင်လယ်ရေကြောင်းမှ နိုင်ငံတကာနှင့် ဆောင်ရွက်သည့်နည်းတူ နယ်စပ်မှအိမ်နီးချင်းနိုင်ငံများနှင့်လည်း ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော် စီးပွားရေးမူဝါဒနှင့်အညီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ဆက်စပ်ဝန်ကြီးဌာနများ၊ UMFCCI နှင့် ညီနောင်အသင်းများ၊ လုပ်ငန်းရှင်များ၊ တောင်သူများ အပါအဝင် Stake-holder အားလုံးနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ပူးပေါင်း ဆောင်ရွက်ပေးခြင်းတို့ပြုလုပ်ခဲ့မှုကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မကုန်မီတွင် ပြည်ပကုန်သွယ်မှု တန်ဖိုးအမေရိကန်ဒေါ်လာ ၃၀ ဘီလီယံ ကျော်လွန်ပြီး ပြည်ပကုန်သွယ်မှု သမိုင်းတစ်လျှောက် စံချိန်သစ်တင်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အခြေအနေဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလ မှ မတ်လ ၂ ရက်အထိ) ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံကျော်၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံဖြစ်တဲ့အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကျော် ဆောင်ရွက်နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် ပို့ကုန် ၂ ဘီလီယံ၊ သွင်းကုန် ၂ ဘီလီယံ အပါအဝင် ကုန်သွယ်မှုပမာဏ ၄ ဘီလီယံခန့် ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ ကုန်သွယ်မှုစာရင်းဇယားများအရ သိရှိရပါတယ်။

ပြည်ပပို့ကုန်ကဏ္ဍကိုကြည့်မယ်ဆိုရင် ဒီနှစ်မှာ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုက အမေရိကန်ဒေါ်လာသန်း ၂၇၈၄ ကျော်တင်ပို့နိုင်ခဲ့ကြောင်း၊ အဓိကတင်ပို့တဲ့ လယ်ယာထွက်ကုန် ပစ္စည်းတွေကတော့ ပဲအမျိုးစုံ တန်ချိန် ၁ ဒသမ ၂ သန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၀၇ သန်း၊ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုက တန်ချိန် ၃ ဒသမ ၂သန်း ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၃၅ သန်း၊ ရော်ဘာတင်ပို့မှု တန်ချိန် သုည ဒသမ ၁၃၆ သန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၉ သန်း၊ သစ်သီးဝလံ မျိုးစုံတင်ပို့မှု တန်ချိန် ၁ သန်းခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆၉ သန်းနှင့် ပြောင်းတင်ပို့မှုတန်ချိန် ၁ ဒသမ ၃ သန်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၇၂ သန်း တင်ပို့နိုင်ခဲ့ပါတယ်။ ဒီနှစ်ဒီအချိန်ထိတော့ မြန်မာနိုင်ငံရဲ့ ဆန်နှင့် ဆန်ကွဲတင်ပို့မှုက ယခင် နှစ် ကာလတူထက် တန်ချိန် ၁ ဒသမ ၇ သန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၄၅ ဒေါ်လာသန်း ပိုမိုတင်ပို့နိုင်ခဲ့ပြီး နှစ်ပေါင်း ၇၀ အတွင်း စံချိန်သစ် တင်ပို့နိုင်တာကို တွေ့ရပါတယ်။ ပြောင်းတင်ပို့ မှုကလည်း ယခင်နှစ်ထက် တန်ချိန်နှစ်သိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၈ သန်း ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။

ယခု ၂၀၁၈ ခုနှစ် မတ်လ ၂ ရက်အထိ သဘာဝဓာတ်ငွေ့ တင်ပို့မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော် တင်ပို့နိုင်ပြီး ပြည်ပပို့ကုန်တင်ပို့မှုတွင် ပထမနေရာတွင်ရှိနေကြောင်း၊ CMP စနစ်ဖြင့် ချုပ်ပြီးအထည် တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၃၂ ဘီလီယံနဲ့ ဒုတိယနေရာတွင် ရှိနေကြောင်း သိရှိရပါတယ်။

ရေထွက်ပစ္စည်းတင်ပို့မှုတွင် ယခု ၂၀၁၈ ခုနှစ် မတ်လ ၂ ရက်အထိ စုစုပေါင်းတန်ချိန် ငါးသိန်းကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၆၃၄ သန်းထိ တင်ပို့နိုင်ပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန်ခြောက်သောင်းခန့် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၄ သန်း ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။ ရေထွက်ပစ္စည်းများ တင်ပို့မှုတွင် အဓိကတင်ပို့နိုင်သည့် အမယ်များမှာ ငါးမျိုးစုံတန်ချိန် ၃ ဒသမ ၅ သိန်းကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၃၆၀ သန်း၊ ပုစွန်တန်ချိန် တစ်သောင်းရှစ်ထောင်ခန့်နှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၆၇ သန်း၊ ကဏန်း တန်ချိန်တစ်သောင်းရှစ်ထောင်ကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၆၉ သန်း၊ ငါးရှဉ့် တန်ချိန် ကိုးထောင်ကျော် တန်ဖိုး အမေရိကန် ဒေါ်လာ ၂၈ သန်းနှင့် အခြားရေထွက်ပစ္စည်းများအနေဖြင့် စုစုပေါင်း တန်ချိန် တစ်သိန်းခန့် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၈ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။

ရေထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်သည့်အပြင် ယခုဘဏ္ဍာနှစ်တွင် တိရစ္ဆာန်ထွက်ပစ္စည်းများလည်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုဘဏ္ဍာနှစ် မတ်လ ၂ ရက်အထိ တိရစ္ဆာန်ထွက်ပစ္စည်းများ တင်ပို့နိုင်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း ၄၄ သန်းကျော် တင်ပို့နိုင်ပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၃၅ သန်း ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါတယ်။ ယခုကဲ့သို့ ပိုမိုတင်ပို့နိုင်ခဲ့သည့် အကြောင်းရင်းမှာ နိုင်ငံတော်မှအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လွတ်လပ်သည့် ဈေးကွက်ကို ဖော်ဆောင်နိုင်ရန် တရားမဝင်တင်ပို့မှုများအား တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်၊ မွေးမြူရေးတောင်သူများ ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ပိုမိုဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ကျွဲ၊ နွားအရှင်များအား စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုသည့်အမိန့်အား ဝန်ကြီးရုံး၏ ၉-၁၀-၂၀၁၇ ရက်စွဲပါအမိန့်ကြော်ငြာစာ ၄၉/၂၀၁၇ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ထို့ကြောင့် အမိန့်ကြော်ငြာစာထွက်ပြီးသည့် နောက်ပိုင်းမှစ၍ တင်ပို့နိုင်တဲ့ သိုးအရှင် ကောင်ရေ ၂၅၀၀ တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၀၄၅ သန်း၊ ကျွဲအရှင်ကောင်ရေ ၁၈၆၃ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၄၂ သန်းနှင့် နွားအရှင်ကောင်ရေ ၁၃၉၇၆ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၇၇၁ သန်း တင်ပို့နိုင်ခဲ့ပါတယ်။

ယခုဘဏ္ဍာနှစ် ပို့ကုန်ကဏ္ဍတွင် ယခင်ဘဏ္ဍာနှစ်ကာလတူထက် ထူးခြားတင်ပို့မှုအနေနဲ့ သတ္တုတွင်းထွက် ပစ္စည်းတင်ပို့မှုဟာ ဧပြီလ မှ မတ်လ ၂ ရက်အထိ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၁၄ သန်း တင်ပို့နိုင်ပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၅၀၃ သန်း ပိုမိုတင်ပို့ နိုင်ခဲ့ပါတယ်။ အဓိကတင်ပို့သည့် သတ္တုတွင်းထွက်ပစ္စည်းများမှာ သတ္တုနှင့်သတ္တုရိုင်းများဖြစ်ပြီး တင်ပို့မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၆၁၄ သန်း၊ ဒုတိယအနေဖြင့် ကျောက်စိမ်းတင်ပို့မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၄၃၉သန်း အများဆုံးတင်ပို့နိုင်ခဲ့ပါတယ်။

သွင်းကုန်တင်သွင်းမှုမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လ ၂ ရက်အထိ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၉၇၅ ဘီလီယံရှိပြီး ယခင်နှစ် ကာလတူသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃၃၅ ဘီလီယံရှိတဲ့အတွက် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဓိကတင်သွင်းတဲ့ပစ္စည်းတွေကတော့ မော်တော်ယာဉ်နှင့် မော်တော်ယာဉ် အပိုပစ္စည်းများ အမေရိကန်ဒေါ်လာ ၁၄၄၅ သန်း၊ ရင်းနှီးမြှုပ်နှံမှုပစ္စည်းတွေဖြစ်တဲ့ စက်နှင့်စက်ပစ္စည်း အမေရိကန်ဒေါ်လာ ၁၁၂၁ သန်း၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်း အမေရိကန်ဒေါ်လာ ၆၅၅ သန်း၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းများ အမေရိကန်ဒေါ်လာ ၃၉၄ သန်းဖြစ်ပြီး လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများဖြစ်တဲ့ ရေနံထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၃၂၉၅ သန်း၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းအမေရိကန်ဒေါ်လာ ၅၆၈ သန်း၊ ဓာတ်မြေသြဇာ အမေရိကန်ဒေါ်လာ ၂၉၅ သန်း၊ ဓာတုဗေဒချည်ခင်များ အမေရိကန်ဒေါ်လာ ၂၃၉ သန်းဖြစ်ကြောင်း၊ လူသုံးကုန်ပစ္စည်းအနေဖြင့် ဆေးဝါးပစ္စည်းများ အမေရိကန်ဒေါ်လာ ၄၈၃ သန်းတို့ကို နိုင်ငံတော်ရဲ့ လိုအပ်ချက်နှင့်အညီ အဓိကအများဆုံး တင်သွင်းနေတာကို တွေ့ရပါတယ်။

ဒ့ါအပြင် ယခင်နှစ် ကာလတူထက် ပိုမိုတင်သွင်းနိုင်တဲ့ပစ္စည်းတွေကတော့ ရေနံထွက်ပစ္စည်းတွေဖြစ်တဲ့ ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ လေယာဉ်ဆီနှင့် လေယာဉ်အပိုပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်းများ၊ ဓာတု ဗေဒချည်ခင်များ၊ ဆေးဝါးပစ္စည်းများ ပိုမိုတင်သွင်းလာတာကို တွေ့ရှိရပါတယ်။ ဒီလိုတင်သွင်းတဲ့ ပစ္စည်းတွေဟာ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုပစ္စည်းတွေ၊ SME လုပ်ငန်းအတွက် လိုအပ်တဲ့ကုန်ကြမ်းပစ္စည်း၊ စက်ပစ္စည်းများနဲ့ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးဝါးပစ္စည်းများ တင်သွင်းရတယ်ဆိုတာဟာ သိသာထင်ရှားလှပါတယ်။

ဒီလိုကုန်သွယ်မှုကဏ္ဍ တိုးတက်လာအောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ ပို့ကုန်သွင်းကုန် လိုင်စင်ဆိုင်ရာ ဖြေလျှော့ ပြောင်းလဲမှုတွေဆောင်ရွက်ပေးပြီး သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုသော ကုန်စည်စာရင်း Negative List ကို HS Code လိုင်းပေါင်း ၄၈၁၈ လိုင်းသာ ကျန်ရှိပြီး ၎င်းတို့အား ထပ်မံဖြေလျှော့နိုင်ရေးအတွက် ဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များ၏ သဘောထား အကြံပြုချက်များ ဆွေးနွေးရယူလျက်ရှိကြောင်း သိရှိရပါတယ်။

ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရန်နှင့် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ပို့ကုန်သွင်းကုန် လိုင်စင်များအား ဈေးနှုန်းစိစစ်ခြင်းမပြုဘဲ ကုမ္ပဏီများမှ တင်ပြလာတဲ့ ဈေးနှုန်းနှင့် ကုန်ပစ္စည်းတန်ဖိုး မှန်ကန်ကြောင်း ဝန်ခံကတိဖြင့် စီးပွားရေး ကျင့်ဝတ်နှင့်အညီ တင်ပြလာသည့် Invoice နှင့် Sale Contract ပါ ဈေးနှုန်းများအတိုင်းသာ ပို့ကုန်သွင်းကုန်လိုင်စင်များကို ခွင့်ပြု

**စာမျက်နှာ (၁၂ )သို့**

# စာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ်ဓာတ်ဆီအဝင်လျော့ပြီး ဒီဇယ်အဝင်ပိုခဲ့

ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၇၇၃၀၅၉၀ တန်ဖိုးရှိ ဓာတ်ဆီ ၃၂၀၄၃ ဒသမ ၂၅ တန်နဲ့ အမေရိကန်ဒေါ်လာ ၅၉၇၅၂၆၆၅ တန်ဖိုးရှိ ဒီဇယ် ၁၀၇၁၂၀ ဒသမ ၈၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၇၀၀၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၇၉၅၀ ကျော်တင်သွင်းမှုလျော့နည်းခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၁၀၄၄၃၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၆၉၀ ကျော် ပိုမို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီအဝင်လျော့ပြီး ဒီဇယ်အဝင်ပိုခဲ့ပါတယ်။ နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ သုည ဒသမ ၆၆၄ သန်းတန်ဖိုးရှိ **Re-export** ဒီဇယ် ၁၀၂၀ ဒသမ ၆၀ တန်တင်ပို့ခဲ့ပြီး တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄၈၈၄၇၂ တန်ဖိုးရှိ ဒီဇယ် ၈၅၇ ဒသမ ၈၄ တန်နဲ့ အမေရိကန်ဒေါ်လာ ၈၆၈၈၉ တန်ဖိုးရှိဓာတ်ဆီ ၁၆၃ ဒသမ ၁၇ တန် တင်သွင်းခဲ့သလို မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၀၅၃၄၆၉ တန်ဖိုးရှိ ဒီဇယ် ၁၇၅၉ ဒသမ ၈၉ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်စျေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာစျေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ စျေးနှုန်းများမှာ ဒီဇယ် ကျပ် ၈၁၀၊ အောက်တိန်း (92) ၇၇၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၈၂၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၂၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါစျေးများမှာ မတ် ၅ ရက်မှာ ဒီဇယ် ဝယ်စျေး ကျပ် ၁၆၄၀၀၀၊ ရောင်းစျေး ကျပ် ၁၆၈၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ရာ မတ် ၉ ရက်တွင် ဝယ်စျေး ကျပ် ၃၀၀၀၊ရောင်းစျေး ကျပ် ၂၀၀၀ စျေးကျ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ မတ် ၅ ရက်မှာ ဓာတ်ဆီ ဝယ်စျေး ကျပ် ၁၇၅၀၀၀၊ ရောင်းစျေး ကျပ် ၁၇၉၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီစျေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်စျေးနဲ့ယှဉ်ရင် ဒီဇယ်ရောဓာတ်ဆီပါ စျေးအပြောင်းအလဲသိပ်မရှိဘူးလို့ သိရပါတယ်။

**မန္တလေးစျေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92) နဲ့အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့် ဒီဇယ်မှာစျေးငြိမ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာစျေးနှုန်းများမှာအောက်တိန်း **(95)** တစ်လီတာ ကျပ် ၈၉၀၊ ဒီဇယ် တစ်လီတာ ကျပ် ၈၃၀၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၈၅၀ ၊ အောက်တိန်း (92) တစ်လီတာ ကျပ် ၈၄၀၊ ဓာတ်ဆီတစ်လီတာ ကျပ် ၈၂၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါစျေးများမှာ မတ် ၅ ရက်တွင် ဒီဇယ်ဝယ်စျေး ကျပ် ၁၆၈၀၀၀၊ ရောင်းစျေး ကျပ် ၁၇၁၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီစျေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း(92)စျေးမှာ မတ် ၅ ရက်တွင် ဝယ်စျေး ကျပ် ၁၆၀၀၀၀၊ ရောင်းစျေးကျပ် ၁၆၄၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီစျေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်စျေးနဲ့ ယှဉ်ရင် ဒီဇယ်စျေးငြိမ်နေပေမယ့် ဓာတ်ဆီစျေး နည်းနည်းကျလာတယ်လို့ သိရပါတယ်။

**မော်လမြိုင်စျေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်း (92)မှာ စျေးနည်းနည်းကျလာပြီး အောက်တိန်း(95)မှာ စျေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့တစ်လီတာ စျေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၇၀ ၊ အောက်တိန်း(92) ကျပ်၈၂၀၊ အောက်တိန်း (95) ၈၆၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၉၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၇၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၉၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးစျေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး စျေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ စျေးနှုန်းများမှာ ဒီဇယ်တစ်လီတာကျပ် ၈၅၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၇၀၊ အောက်တိန်း (92) ၈၃၅ ကျပ် ၊ အောက်တိန်း (95) ကျပ် ၁၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၈၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၃၇၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## စျေးနှုန်းငြိမ်နေခဲ့တဲ့ ပြည်တွင်းရွှေစျေးကွက်

မတ်လပထမပတ်ပြည်တွင်း ရွှေစျေးကွက်အတွင်းစျေးငြိမ်နေခဲ့ပေမယ့် ကမ္ဘာ့ရွှေစျေးကတော့ စျေးကျဆင်းမှုများခဲ့ကြောင်း ပြည်တွင်းရွှေစျေးကွက်မှ စုံစမ်းသိရှိရသည်။ ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းက ကျပ် ၉၄၁၀၀၀ ကျော် စျေးရှိခဲ့သော ပြည်တွင်းရွှေစျေးနှုန်းများသည် ယခုတစ်ပတ် ကုန်ဆုံးချိန်တွင် ကျပ် ၉၃၉၀၀၀ နီးပါး စျေးဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ပြည်တွင်းစျေးကွက်ကတော့ စျေးအတက်အကျသိပ်မဖြစ်ဘူး။ နိုင်ငံတကာရွှေစျေးကတော့ အတက်အကျများခဲ့ပါတယ်။ ကမ္ဘာ့ရွှေစျေးက အမေရိကန်နဲ့ ဥရောပ၊ တရုတ်တို့ ကုန်သွယ်ရေး စစ်ပွဲသတင်းတွေလည်း ထွက်နေတော့ စျေးနှုန်းအတက်အကျကြမ်းခဲ့တာ"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေစျေးကွက်တွင် မတ် ၅ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၄၀၀၀၀ ရှိခဲ့ရာမှ မတ် ၇ ရက်တွင် ကျပ်၉၄၃၀၀၀ ဝန်းကျင်သို့ ပြန်တက်လာခဲ့ပြီး မတ် ၉ ရက်တွင် ကျပ် ၉၃၉၀၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေစျေးကွက်တွင်လည်း မတ် ၅ ရက်က တစ်အောင်စလျှင် ၁၃၂၆ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ မတ် ၇ ရက်တွင် တစ်အောင်စလျှင် ၁၃၃၅ အမေရိကန် ဒေါ်လာရှိခဲ့ပြီး မတ် ၉ ရက်တွင် ၁၃၁၈ အမေရိကန်ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့ကြောင်းသိရသည်။

**သန်းထိုက်အောင်**

## ဒေါ်လာစျေးအတက်အကျနည်းခဲ့တဲ့ ရက်သတ္တပတ်

ပြည်တွင်းငွေလဲစျေးကွက်သည် မတ်လပထမပတ်အတွင်း စျေးနှုန်း အတက်အကျဖြစ်မှုနည်းခဲ့ပြီး စျေးငြိမ်နေခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၃၄ကျပ်မှ ၁၃၃၆ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သော်လည်း ပြင်ပစျေးကွက်တွင်မူ စျေးနှုန်းအတက်အကျ ကြီးမားစွာဖြစ်ပေါ်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ယခုတစ်ပတ်တွင် အမေရိကန်အစိုးရ၏ စီးပွားရေးအကြံပေး နုတ်ထွက်ခဲ့ခြင်းနှင့် သံမဏိနှင့် အလူမီနီယံသွင်းကုန်များအပေါ် အခွန်တိုးမြှင့်မည့် မူဝါဒကို ထုတ်ပြန်လိုက်သည့်အတွက် အမေရိကန်စီးပွားရေး ကမောက်ကမ ဖြစ်လာနိုင်သည်ဟူသော ဝေဖန်သံများကြောင့်ဒေါ်လာငွေကြေးတန်ဖိုးအပေါ် သက်ရောက်မှုရှိခဲ့ကြောင်း သိရသည်။ ပြည်တွင်းစျေးကွက်တွင် အမေရိကန် ဒေါ်လာ အရောင်းအဝယ်ဖြစ်မှုပုံမှန်ရှိခဲ့ကြောင်း စျေးကွက်အတွင်းမှသိရသည်။

ပြည်တွင်းငွေလဲနှုန်းစျေးကွက်တွင် မတ် ၅ ရက်က အမေရိကန်တစ်ဒေါ်လာရောင်းစျေး ၁၃၂၆ ကျပ်၊ ဝယ်စျေး ၁၃၂၄ ကျပ်၊ မတ် ၇ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းစျေး ၁၃၂၅ ကျပ်၊ ဝယ်စျေး ၁၃၂၃ ကျပ်ရှိခဲ့ပြီး မတ် ၉ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းစျေး ၁၃၂၇ကျပ်၊ဝယ်စျေး ၁၃၂၅ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။

**သန်းထိုက်အောင်**

## Wave Money အစုရှယ်ယာ ၃၄ရာခိုင်နှုန်းကို Yoma Strategic သို့ ရောင်းချမည်

ရန်ကုန် စတော့အိတ်ချိန်းဝင် First Myanmar Investment Co.,Ltd (FMI)ပိုင်ဆိုင်သော Digital Money Myanmar Co.,Ltd (Wave Money) ၏ အစုရှယ်ယာ ၃၄ ရာခိုင်နှုန်းကို အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၄ သန်းဖြင့် Yoma Strategic Investment Ltd သို့ရောင်းချမည်ဟု FMIကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Wave Money သည် တယ်လီနောကုမ္ပဏီ၊ ရိုးမဘဏ်နှင့် FMI ကုမ္ပဏီတို့ ဖက်စပ်ဆောင်ရွက်သည့် မိုဘိုင်းလ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဖြစ်ပြီး ဒစ်ဂျစ်တယ်ငွေလွှဲပြောင်းခြင်းနှင့် ငွေပေးချေမှုစနစ်ကဲ့သို့ ငွေကြေးဝန်ဆောင်မှုများကို နိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်နေကြောင်းသိရသည်။

အရောင်းအဝယ် ပြီးမြောက်ချိန်တွင် FMI ကုမ္ပဏီ၏ Wave Money အစုရှယ်ယာပိုင်ဆိုင်မှုမှာ ၁၀ ရာခိုင်နှုန်းကျန်ရှိကြောင်း သိရသည်။

ယခုရောင်းချမှုမှ FMI ကုမ္ပဏီ၏ ပင်မထောက်တိုင်တစ်ခုဖြစ်သည့် ဘဏ္ဍာရေး ဝန်ဆောင်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ငွေပင်ငွေရင်းအသစ်များ ရရှိမည့်အပြင် ကုမ္ပဏီနှင့် လက်အောက်ခံကုမ္ပဏီခွဲများအပေါ် တစ်စုံတစ်ရာ ထိခိုက်ခြင်းမရှိကြောင်း FMI ကုမ္ပဏီကဆိုသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

March 9, 2018

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.28 |
| BDT | Bangladesh Taka | 83.33 |
| CAD | Canada Dollars | 1.29 |
| CNY | China Yuan Renminbi | 6.34 |
| EUR | Euro | 0.81 |
| H KD | Hong Kong Dollars | 7.84 |
| I NR | India Rupees | 65.09 |
| I DR | Indonesia Rupiahs | 13786.31 |
| JPY | Japan Yen | 106.74 |
| MYR | Malaysia | 3.91 |
| PKR | Pakistan Rupees | 110.77 |
| PHP | Philippines Pesos | 52.11 |
| RUB | Russia Rubles | 57.06 |
| SGD | Singapore Dollars | 1.32 |
| KRW | South Korea Won | 1069.24 |
| LKR | Sri Lanka Rupe | 155.46 |
| THB | Thailand Baht | 31.38 |
| GBP | United Kingdom Pounds | 0.72 |
| VND | VietnamDon | 22766.10 |

*Source:xe.com*

## World Gold Price

February-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 5 | 1329 | 1328 | 1327 |
| 6 | 1328 | 1325 | 1325 |
| 7 | 1337 | 1336 | 1336 |
| 8 | 1331 | 1329 | 1329 |
| 9 | 1321 | 1320 | 1319 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 5-3- 2018 | 938.50 | 938.20 |
| 6-3- 2018 | 937.00 | 936.50 |
| 7-3- 2018 | 941.30 | 941.30 |
| 8-3- 2018 | 939.50 | 939.00 |
| 9-3- 2018 | 938.00 | 937.80 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 5 | 6.34 | 31.45 | 83.22 | 65.08 |
| 6 | 6.34 | 31.38 | 83.03 | 65.00 |
| 7 | 6.32 | 31.35 | 83.22 | 64.97 |
| 8 | 6.33 | 31.30 | 83.21 | 64.93 |
| 9 | 6.34 | 31.38 | 83.33 | 65.08 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 5-March | 16.54 | 3369.48 | 2144.27 | 6877.14 | 963.00 |
| 6-March | 16.45 | 3313.27 | 2144.93 | 6934.89 | 962.00 |
| 7-March | 16.68 | 3306.66 | 2128.62 | 6932.68 | 965.00 |
| 8- March | 16.50 | 3271.18 | 2090.71 | 6864.36 | 951.00 |
| 9- March | 16.39 | 3197.34 | 2087.19 | 6764.30 | 950.00 |

## Energy NYMEX

9-3-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 60.23 | 0.11 | 0.18 |
| Brent Crude Futr (USD/bbl) | 63.80 | 0.19 | 0.30 |
| Gasoline Rbob Fut (Cent/gal) | 187.01 | 0.24 | 0.13 |
| Natural Gas Futr (USD/MMBtu) | 2.73 | -0.03 | -1.09 |
| Heating Oil Futr (Cent/gal) | 186.27 | 0.36 | 0.19 |

## ဘိုလပ်မြေ

# ဒီတစ်ပတ် ရေလမ်းရောနယ်စပ်လမ်းပါ ဘိလပ်မြေအဝင်လျော့

ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၄၄၀ တန်ဖိုးရှိ ဘိလပ်မြေ ၆၄တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၁၂တန်နဲ့ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံမှ ၅၂တန်တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တန်ချိန် ၄၆၆၀ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန်၄၆၀၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။

ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန်ချိန် ၅၉၉၀ကျော်ရှိပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာတန်ချိန် ၁၆၆၇၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၀၆၇၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရောနယ်စပ်လမ်းပါ ဘိလပ်မြေအဝင်လျော့နည်းခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းသွက်

**မော်လမြိုင်ဘိလပ်မြေဈေးကွက်**မှာဒီအချိန်က ဆောက်လုပ်ရေးလုပ်ငန်းများလုပ်ကိုင်မှုများတာကြောင့် အရောင်းအဝယ်သွက်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ကြံ့(မြန်မာ)က ကျပ်၁၅၀၊ ဆင်မြန်မာက ကျပ် ၂၀၀ ဈေးမြင့်ပြီး စိန်(ထိုင်း)က ၅၂၅ကျပ်ဈေးကျခဲ့တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၇၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ) ကျပ် ၄၈၅၀၊ စိန်(ထိုင်း) ကျပ် ၅၇၅၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းသွက်သလို ဈေးလည်းနည်းနည်းတက်တယ်လို့ သိရပါတယ်။ဒီတစ်ပတ် အေသုံးလုံး၊ကြံ့နှစ်ကောင်၊ခရောင်းနဲ့ အယ်လ်ဖာဘိလပ်မြေများက ကျပ် ၂၀၀ဈေးမြင့်ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၈၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၉၀၀၊ အယ်လ်ဖာ ကျပ် ၄၅၀၀၊ မော်လမြိုင် ဆင်ကျပ် ၅၉၀၀၊ ခရောင်းကျပ် ၅၂၀၀၊အပါချီ ကျပ် ၄၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ တည်ဆောက်ရေးလုပ်ငန်းများကြောင့် အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ပစ္စည်းအဝင်ရှိသလောက် အရောင်းလည်း သွက်နေတာကြောင့် ဈေးကငြိမ်တယ်။ သင်္ကြန်နားနီးလာရင်တော့ ဈေးနည်းနည်း ထပ်တက်နိုင်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ခန့်မှန်းပြောဆိုပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၅၀၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၅၀၀၀၊ စိန်(ထိုင်း)ကျပ်၆၁၀၀ နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပစ္စည်းအဝင်ရှိသလိုအရောင်းအဝယ်သွက်ပြီး ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။လကုန်ပိုင်းဆိုရင် ဈေးနည်းနည်းတက်မယ်ထင်တယ်။ သင်္ကြန်မတိုင်မီ အဝယ်များသလို အလုပ်လက်စသတ်ကြတာကြောင့် ဈေးအပြောင်းအလဲနည်းနည်းရှိမယ်လို့တော့ ခန့်မှန်းရတယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၅၈၅၀၊ ဆင်(ထိုင်း) ကျပ် ၅၉၅၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၆၀၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ခတ်မြေဩဇာ

# ဒီတစ်ပတ်မြေဩဇာတန်ချိန် ၄၁၀၀ကျော်ဝင်

ဖေဖော်ဝါရီ ၂၅ မှ မတ် ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၀၆၄ သိန်းကျော်တန်ဖိုးရှိ မြေဩဇာ ၄၁၈၀ ဒသမ ၉၁၅တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ တန်ချိန် ၃၃၀၊ အိန္ဒိယနိုင်ငံမှ ၁၀ ဒသမ ၄၄ တန်၊ အီရန်နိုင်ငံမှ တန်ချိန်၅၀၀၊ အီတလီနိုင်ငံမှ ၉၆ တန်၊ ဂျပန်နိုင်ငံမှ ၅၁ တန်၊ မလေးရှားနိုင်ငံမှ ၇၀ ဒသမ ၃၂ တန်၊ ထိုင်းနိုင်ငံမှ ၂၉၆၄ ဒသမ ၇၀ တန်၊ အမေရိကမှ ၈ ဒသမ ၄၅၅ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁၅၀ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်ဆီယမ်၊ ယူရီးယား၊ ဖလော်ရာ၊ အော်ဂဲနစ်၊ ကွန်ပေါင်း(အာမို)(၁၆း၁၆း၈)၊ ကွန်ပေါင်း(၁၅း၁၅း၁၅)တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မြေဩဇာတန်ချိန် ၁၀၇၉၀ တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာမြေဩဇာတန်ချိန် ၆၆၁၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

# အရောင်းအဝယ်အေးနေတဲ့ မြေဩဇာဈေးကွက်

ဖေဖော်ဝါရီလ ၂၄ ရက်မှ မတ်လ ၃ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၁၁၀၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန်၁၃၄၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၄၂၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နယ်စပ်လမ်းရော ရေလမ်းမှပါ မြေဩဇာ အဝင်လျော့ခဲ့ပါတယ်။ပြည်တွင်းဈေးကွက်များဖြစ်တဲ့မော်လမြိုင်မှာ အရောင်းပုံမှန်ရှိပြီး တောင်ကြီး၊မကွေးနဲ့ မန္တလေးမှာအရောင်းအေးတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** သီးနှံစိုက်ပျိုးရေးအတွက် အဝယ်ရှိတာကြောင့် အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဈေးတော့မပြောင်းဘူးလို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ရွှေပျား-တရုတ်) ကျပ် ၂၄၀၀၀၊ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၃၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်)ကျပ်၂၃၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ**အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား-ပုလဲ(ပန်းဖူး)က ကျပ် ၄၀၀၊ မြားကမ္ဘာက ကျပ်၈၀၀ဈေးမြင့်ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၅၆၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၆၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၇၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည်(တရုတ်) ကျပ် ၃၇၈၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ခတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ်၂၄၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ်၂၂၅၀၀၊ မြားကမ္ဘာကျပ်၁၅၈၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီအချိန်မှာအရောင်းအဝယ်ကအေးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ်(၁၂း၁၃) ကျပ် ၁၅၈၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ အာမို ၁၅း၁၅း၁၅ကျပ် ၃၇၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ သီးစုံ (ဝါစိမ်းပြာ)ကျပ်၁၆၅၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၅၀၀၀၊ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၅၀၀၀၊ ဇာမဏီ ကျပ် ၁၇၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၁၈၅၀၀၊ တီစူပါ ကျပ် ၂၂၈၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာ အရောင်းပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား(ရွှေတောင်-တရုတ်)က ကျပ် ၂၀၀၊ မြားသီးစုံကကျပ် ၄၀၀၊ ပန်းသီးစုံက ကျပ် ၇၀၀ ဈေးမြင့်ပြီး အာမို ၁၅ ပတ်လည်က ကျပ် ၅၀၀ ဈေးကျခဲ့တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ်၂၄၈၀၀၊ယူရီးယား(ပန်းဖူး-တရုတ်) ကျပ်၂၅၀၀၀၊ တီစူပါ၄၆%တရုတ်ကျပ် ၂၂၀၀၀၊ မြားသီးစုံ ကျပ် ၁၅၂၀၀၊ ပန်းသီးစုံ ကျပ် ၁၆၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၈၀၀၊ အာမို၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊အာမို၁၅း၁၅း၁၅ကျပ် ၃၇၀၀၀၊ ပိုတက် ကျပ် ၂၂၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# နို့ဆီရော နို့မှုန့်ပါ အဝင်လျော့

ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ ရက်အထိ သီတင်းပတ်အတွင်း မလေးရှားနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂၇၃၄၈ တန်ဖိုးရှိ နို့ဆီ ၂၄ ဒသမ ၈၀၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က နို့ဆီ ၃၁၂ တန် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၈၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ ၁၄၉ ဒသမ ၁၇၅ တန်၊ မလေးရှား နိုင်ငံမှ ၆၁ ဒသမ ၁၁၆တန်နဲ့ ဩစတြေးလျနိုင်ငံမှ ၂တန်၊စုစုပေါင်း ၂၁၂ ဒသမ ၂၉၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နို့မှုန့်တန်ချိန် ၃၄၀ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၁၂၀ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရော နို့မှုန့်ပါ အဝင်လျော့ခဲ့ပါတယ်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၂ မှ ၂/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၂ မှ ၂၃/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | - | - | |
| ၂။ | လွယ်ဂျယ် | ၅၀၀•၀၀ | ၄၈၀•၀၀ | (+) | ၂၀•၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၆၁၄•၀၀ | ၂၄၇၂•၀၀ | (-) | ၁၈၅၈•၀၀ |
| ၅။ | တာချီလိတ် | ၄၈၀၀•၀၀ | ၈၆၀၀•၀၀ | (-) | ၃၈၀၀•၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၁၂၅•၀၀ | (-) | ၁၂၅•၀၀ |
| ၈။ | မြိတ် | ၈၅•၀၀ | ၅၀၀၀•၀၀ | (-) | ၄၉၁၅•၀၀ |
| | စုစုပေါင်း | ၅၉၉၉•၀၀ | ၁၆၆၇၇•၀၀ | (-) | ၁၀၆၇၈•၀၀ |

မော်မော်အောင်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၂ မှ ၂/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၂ မှ ၂၃/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၉၂၁•၅၀ | ၄၉၇၆•၇၅ | (+) | ၄၉၄၄•၇၅ |
| ၂။ | လွယ်ဂျယ် | ၈၈•၀၀ | - | (+) | ၈၈•၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၃၃•၀၀ | ၁၅၉•၀၀ | (-) | ၂၆•၀၀ |
| ၄။ | ကန်ပိုက်တီး | ၃၂၀•၀၀ | - | (+) | ၃၂၀•၀၀ |
| ၅။ | မြဝတီ | ၁၁၄•၈၃ | ၅၅၈၈•၅၅ | (-) | ၅၂၇၃•၇၂ |
| ၆။ | ကော့သောင်း | ၂၂•၉၂ | - | (+) | ၂၂•၉၂ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၂၀၀•၀၀ | ၂၇၀၀•၀၀ | (-) | ၂၅၀၀•၀၀ |
| | စုစုပေါင်း | ၁၁၀၀၀•၂၅ | ၁၃၄၂၄•၃၀ | (-) | ၂၄၂၄•၀၅ |

ခင်မိုးသူ

## နှမ်း

# ပြည်နှမ်းဈေးကွက် မန္တလေးဝယ်လက်များကြောင့် အရောင်းအဝယ်ဖြစ်

ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်ခရိုင်အတွင်းရှိပြည်မြို့တွင် နှမ်းဈေးများဆက်တိုက်ဆိုသလိုငြိမ်နေတာတွေ့ရပါတယ်။ ဈေးကွက်သို့ နှမ်းဝင်ရောက်မှုနည်းသွားပြီး ဝယ်လက်လည်းနည်းသွားသဖြင့် ဈေးငြိမ်နေတာဖြစ်တယ်လို့သိရပါတယ်။ တစ်ခါတစ်ရံ မန္တလေးဝယ်လက်က ဝယ်ယူမှုရှိသဖြင့် ဈေးအနည်းငယ်အတက်အကျမမှန်တာ တွေ့ရပါတယ်။ မြို့ပေါ်ရှိပွဲရုံများတွင် နှမ်းလက်ကျန်နည်းသွားပေမယ့် လှော်နှမ်းများကို ဝယ်ယူမှုရှိလျှင် အိတ် ၁၅၀ မှ ၂၀၀ လောက် အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၈၀၀၀ ဖြင့် ယခင်တစ်ပတ်က ဈေးအတိုင်းဖြစ်၍ ဆီစက်များကအဝယ်ရှိလျှင် အိတ် ၁၀၀ မှ ၁၅၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းနက် သုံးတင်း တစ်အိတ်လျှင် ကျပ် ၉၃၀၀၀ နှင့် စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ ဖြင့် ယခင်တစ်ပတ်ကဈေးအတိုင်းဖြစ်၍ မန္တလေးဝယ်လက်များကြောင့် တစ်ခါတစ်ခါ အရောင်းအဝယ်ဖြစ်လျှင် အိတ်၁၀၀ မှ ၁၅၀ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ဝေဝေမင်း(ပြည်)

# နှမ်းတန်ချိန် ၈၀၀နီးပါး တရုတ်နိုင်ငံသို့ တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းနှစ်ခုမှ ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန် ဒေါ်လာ သုညဒသမ ၉၅၃ သန်းတန်ဖိုးရှိ နှမ်းရောင်စုံတန်ချိန် ၈၀၀ နီးပါးကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ နှမ်းဖြူ(အခွံချွတ်) ၁၄ တန်၊ ချင်းရွှေဟော်မှ နှမ်းဖြူတန် ၅၀ နီးပါးနဲ့ နှမ်းနက် ၇၃၆ တန်ကျော်ဖြစ်ပါတယ်။ ဖေဖော်ဝါရီတစ်လလုံး မူဆယ်နဲ့ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ တစ်ဆင့် တရုတ်နိုင်ငံသို့ နှမ်းရောင်စုံ တန်ချိန် ၂၅၀၀ ခန့် တင်ပို့ခဲ့ပါတယ်။ ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂ ရက်အထိ ရက်သတ္တပတ်အတွင်း မူဆယ်ကုန်စည်ဒိုင်မှာ နှမ်းဖြူတစ်တန်လျှင်ကျပ် ၁၈၅၀၀၀၀၊ နှမ်းနက်တစ်တန်လျှင် ၁၉၅၄၁၆၇ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

မော်မော်အောင်

## စားအုန်းဆီ

# အိန္ဒိယမှ သွင်းကုန်ခွန်မြင့်တက်မှုကြောင့် မလေးရှားစားအုန်းဆီဈေး ကျဆင်း

မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးသည် မတ် ၈ ရက်တွင် တစ်ရာခိုင်နှုန်းကျဆင်းခဲ့ရာ နှစ်လခွဲအတွင်း အနိမ့်ဆုံးဈေးသို့ ရောက်ရှိခဲ့ကြောင်းနှင့် ယခုကဲ့သို့ ကျဆင်းခဲ့ရခြင်းမှာ ယခင်ရက်သတ္တပတ်က အိန္ဒိယနိုင်ငံတွင် သွင်းကုန်ခွန် တိုးမြှင့်လိုက်ပြီးနောက်ပိုင်း အိန္ဒိယစားအုန်းဆီတင်သွင်းသူများက တင်ပို့မှုဖျက်သိမ်းရန် အလားအလာရှိနေခြင်းနှင့် မတ်တွင် ထုတ်လုပ်မှုမြင့်တက်မည့် အလားအလာများကြောင့် ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။



ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် မေလအတွက်စာချုပ်သော အခြေခံစံထားဈေးမှာ မတ် ၈ ရက်နေ့လယ်ဈေးကွဲချိန်က သုည ဒသမ ၆ ရာခိုင်နှုန်းနှုန်းကျဆင်းကာ တစ်တန်ကို ၂၄၂၉ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၂၂ ဒသမ ၃၄) နှုန်းရှိခဲ့သည်။ စောစောပိုင်းကမူ တစ်တန်ကိုရင်းဂစ် ၂၄၂၀ ဈေးနှုန်းအထိ ရောက်ရှိခဲ့ရာ ဒီဇင်ဘာ ၂၂ ရက်နောက်ပိုင်း အနိမ့်ဆုံးဈေး ဖြစ်ခဲ့သည်။ ထိုနေ့ နေ့လယ်ဈေးကွဲချိန်ထိ ရောင်းချရသော ပမာဏမှာ ၂၅ တန်ရှိအတွဲပေါင်း ၁၅၈၁၄ တွဲရှိခဲ့သည်။

"အိန္ဒိယက တင်သွင်းမှုပယ်ဖျက်မယ့် အလားအလာကြောင့် ဈေးကျခဲ့ပါတယ်။ ပြည်ပတင်ပို့တဲ့ ကိန်းဂဏန်းတွေ ထုတ်ပြန်မှာကိုဈေးကွက်က စောင့်နေပါတယ်။ အိန္ဒိယရဲ့ဝယ်လိုအားက အရေးပါနေပါတယ်"ဟုကွာလာလမ်ပူရှိကြိုရောင်းကြိုဝယ်ကုန်သည်တစ်ဦးက ပြောသည်။

ယခင်ရက်သတ္တပတ်က သွင်းကုန်ခွန်တိုးမြှင့်လိုက်သဖြင့် ကုန်ကျစရိတ်များ မြင့်တက်လာသောကြောင့် အိန္ဒိယ စားအုန်းဆီတင်သွင်းသူများက စားအုန်းဆီကြမ်းတန် တစ်သိန်းအထိ လျှော့ချမည့်အလားအလာရှိနေကြောင်း ကုန်သွယ်မှုသတင်းရပ်ကွက်က ရိုက်တာသတင်းဌာနအား ပြောသည်။ ဧပြီလအတွက် တင်သွင်းမှုမှာလည်း သိသိသာသာ ကျဆင်းမည်ဟု ခန့်မှန်းသည်။

အားလုံးခြုံကြည့်မည်ဆိုပါက ဖေဖော်ဝါရီက မလေးရှားနိုင်ငံက တင်ပို့မှုသည် ၁၁ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းပြီး တန်ချိန် ၁ဒသမ ၃၃သို့ရောက်ရှိခဲ့ကြောင်း ကုန်သည်၊ စိုက်ပျိုးသူနှင့်လေ့လာဆန်းစစ်ရေးမှုး ရှစ်ဦးတို့အား ရိုက်တာ၏ စစ်တမ်းကောက်ယူမှုအရ သိရသည်။

"ပဏာမ ကောက်ခံထားတဲ့စစ်တမ်းတွေအရ မတ်လမှာ ထုတ်လုပ်မှု မြင့်တက်မယ့်အလားအလာရှိပါတယ်"ဟု အဆိုပါကုန်သည်က ပြောသည်။

သို့သော်လည်း ဖေဖော်ဝါရီထုတ်လုပ်မှုမှာတန်ချိန် ၁ဒသမ ၄သန်းသာရှိသည့်အတွက်၁၂ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ သိုလှောင်လက်ကျန်မှာလည်း တန်ချိန် ၂ ဒသမ ၃ သန်းရှိသည့်အတွက် ၆ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

အခြားဆီ တစ်မျိုးဖြစ်သော ပဲပုပ်ဆီဈေးသည် ချီကာဂိုကုန်သွယ်မှုဘုတ်အဖွဲ့တွင် မေလအတွက် စာချုပ်ဈေးမှာသုည ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းပြီး တရုတ်နိုင်ငံဒါလီယံကုန်စည်ဒိုင်တွင် မေလအတွက်ချုပ်ဆိုသော ပဲပုပ်ဆီဈေးမှာ ၁ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ မေလအတွက် ချုပ်ဆိုသော ဒါလီယံစားအုန်းဆီဈေးမှာ ၁ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ကမ္ဘာ့ဟင်းရွက်ဆီ (Vegetable Oil) ဈေးကွက်တွင် ဈေးကွက်ဝေစုယှဉ်ပြိုင်နေရသဖြင့် အခြားဆီများ၏ ဈေးနှုန်းအတက်အကျကလည်း စားအုန်းဆီဈေးအပေါ်တွင် ရိုက်ခတ်မှုရှိသည်။

စားအုန်းဆီ၏နောက်ဆုံးအနိမ့်ဆုံးဈေးသည် တစ်တန်ကို ၂၄၄၈ရင်းဂစ်အောက်ကျော်လွန်ကျဆင်းမည်ဆိုပါက ၂၄၁၈ရင်းဂစ်အထိ ကျဆင်းနိုင်ကြောင်း ရိုက်တာသတင်းဌာနမှ ဝမ်တောင်းက ခန့်မှန်းသည်။

ညဏ်တင်

## ပြည်တွင်းဆီဈေးနှုန်းများ (၉-၃-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၅၀၀ | ၅၅၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၆၀၀၀ | ၆၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၄၀၀ | ၅၄၀၀ | □ | ၅၆၀၀ | ၅၆၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မကွေး | ၄၇၀၀ | ၄၇၀၀ | □ | ၅၃၀၀ | ၅၅၀၀ | △ | ၁၉၀၀ | ၂၀၀၀ | △ |
| မုံရွာ | ၄၄၀၀ | ၄၄၀၀ | □ | ၄၃၀၀ | ၄၃၀၀ | □ | ၁၉၀၀ | ၁၈၀၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၉-၃-၂၀၁၈ US$/Ton

| အမျိုးအစား | ဖေဖော်ဝါရီစတုတ္ထပတ် | မတ်လ ပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၅၇.၀၀ | ၆၄၀.၅၀ | ▽ |
| RBD P.Olein | ၆၆၄.၀၀ | ၆၆၁.၅၀ | ▽ |
| RBD P.Stearin | ၆၆၂.၀၀ | ၆၆၀ ၅၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၉-၃-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၀၆.၂၇ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၇ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၅၃ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၁၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၂.၅၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၉.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၅၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၅၀.၁၂၃ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၉-၃-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၉၀ ဒေါ်လာနှင့် USD ဈေး ၁၃၃၆ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၉-၃-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၃၆ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

Vol: 18, No.11 Monday March 12 2018

# မြန်မာ့ရေထွက်ကုန် ဆော်ဒီအာရေဗျနိုင်ငံမှ ယာယီရပ်ဆိုင်းမှုအပေါ် ဆွေးနွေးညှိနှိုင်းလျက်ရှိ

ဆော်ဒီအာရေဗျနိုင်ငံပတ်ဝန်းကျင်၊ ရေနှင့်စိုက်ပျိုးရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံမှတင်ပို့သည့် ရေထွက်ကုန်ပစ္စည်းများအား ဆော်ဒီအာရေဗျနိုင်ငံသို့တင်သွင်းခွင့်ကို ၂၀၁၈ ခုနှစ် ၊ ဧပြီလ ၁ ရက်မှစ၍ ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံသံရုံးမှ အကြောင်းကြားလာခဲ့ပါသည်။ ဆော်ဒီအာရေဗျနိုင်ငံသည် ယခုကိစ္စအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) သို့ အရေးပေါ်ဆောင်ရွက်မှုအဖြစ် အကြောင်းကြားစာပေးပို့တားမြစ်ခဲ့ပြီး WTO ၏စည်းမျဉ်းစည်းကမ်းများနှင့်အညီကြိုတင်အသိပေး တားမြစ်ခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့တားမြစ်ခြင်းမှာ ယာယီတားမြစ်ခြင်းသာဖြစ်ပြီး white tail disease (MrNV) ရောဂါကြောင့် တားမြစ်ခြင်းဖြစ်၍ ၎င်းရောဂါအမျိုးအစားသည် မြန်မာနိုင်ငံ၏ အချို့နေရာများတွင် ဖြစ်ပွားနေကြောင်း Quarterly Aquatic Animal Disease Report (Asia – Pacific Region) - 2017 / 2 ကို ကိုးကားထားသည့် World Organization for Animal Health (OIE) ၏ အစီရင်ခံစာကို အထောက်အထားပြု၍ WTO သို့တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ဆော်ဒီအာရေဗျနိုင်ငံမှ WTO သို့ အကြောင်းကြားစာပေးပို့ရာတွင် မြန်မာတစ်နိုင်ငံတည်းကိုသာမဟုတ်ဘဲ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သို့လည်း အလားတူ ရေထွက်ပစ္စည်းတင်ပို့မှုကို ယာယီတားမြစ်သည်ဟု ပေးပို့ခဲ့ခြင်းဖြစ်ပါသည်။

၎င်းကိစ္စရပ်အား ကိုင်တွယ်ဖြေရှင်းသွားမည့်နည်းလမ်းများ ရှာဖွေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ UMFCCI မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာကုမ္ပဏီများနှင့် ဖေဖော်ဝါရီ ၂၄ ရက်တွင် ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်) ပထမထပ်အစည်းအဝေးခန်းမတွင် တွေ့ဆုံ၍ ဆွေးနွေးခဲ့ကြပါသည်။ ထို့အပြင် ဖေဖော်ဝါရီ ၂၅ ရက်၌လည်း ရန်ကုန်မြို့ရှိ ငါးလုပ်ငန်းဦးစီးဌာနတွင် ဌာနဆိုင်ရာများနှင့် ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများအကြား အစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်၍ ၎င်းကိစ္စရပ်အပေါ် အမြန်ဆုံးတုံ့ပြန်ဖြေရှင်း ဆောင်ရွက်ရန် ဌာနဆိုင်ရာများအကြား ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ခဲ့ပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ရေထွက်ပစ္စည်း ကုန်သွယ်မှုနှင့် ထုတ်လုပ်မှုအပိုင်းများ မပြိုလဲစေရေး အစိုးရအချင်းချင်းဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးရန်အတွက် မတ် ၈ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ အမြဲတမ်းအတွင်းဝန်မှ ဦးဆောင်၍ ဆော်ဒီအာရေဗျနိုင်ငံသံရုံးမှ နိုင်ငံရေးနှင့် စီးပွားရေးရာအကြီးအကဲဖြစ်သူ Mr. Hussam Mustafa Luqman Tambusi နှင့်အတူ ငါးလုပ်ငန်းဦး စီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်ပြည့်မီကိုက်ညီပြီး တင်ပို့ခွင့်ရရှိနိုင်ရန်အတွက် အဓိကတာဝန်ယူဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရေသတ္တဝါဆိုင်ရာရောဂါများကင်းစင်ရေးအလို့ငှာ ရေလုပ်ငန်းဆောင်ရွက်သူများ၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူများ၊ မွေးမြူရေးအစာဖြန့်ချိသူများနှင့် တိရစ္ဆာန်ဆေးဝါးဖြန့်ဖြူးသူများအတွက် ကောင်းမွန်သန့်ရှင်းသည့် ရေလုပ်ငန်း (GAqp) ဆိုင်ရာကျင့်သုံးမှုလမ်းညွှန်ချက်များကို အခြေခံကျကျ သိရှိနားလည်ရန် ပညာပေးလျက်ရှိပါသည်။

မြန်မာ့ရေထွက်ပို့ကုန်ပစ္စည်းများမှာ EU ၏ ISO Standard ကိုပြည့်မီကြောင်း၊ မြန်မာ့ရေထွက်ပစ္စည်းတင်ပို့နေသည့်ကုမ္ပဏီ ၂၄ ခုတွင် ၁၁ ခုမှာ ISO လက်မှတ်ရရှိပြီးဖြစ်ကြောင်း၊ ဆော်ဒီ အာရေဗျနိုင်ငံသို့ နှစ်စဉ်ပုံမှန်ရေထွက်ပစ္စည်းများတင်ပို့ရာတွင် ယခင်က အခက်အခဲမရှိခဲ့သော်လည်း ယခုအခါတွင်မှ ပထမဆုံးအကြိမ် ရောဂါတွေ့ရှိသည်ဟုအကြောင်းကြားလာခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအကြိမ်တွင် ရောဂါတွေ့ရှိသည်မှာ ရေထွက်ကုန်ပစ္စည်းအားလုံး၌ တွေ့ရှိခြင်းမဟုတ်ဘဲ ပုစွန်မျိုးစိတ်တစ်ခုဖြစ်သည့် Prawn အမျိုးအစားတစ်မျိုးတည်းတွင်သာတွေ့ရှိခြင်းဖြစ်၍ ကျန်ရေထွက်ပစ္စည်းများ ပုံမှန်တင်ပို့ခွင့်ကိုခွင့်ပြုပေးစေလိုကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုကို အစဉ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲ တိုးတက်စေရန်အတွက် နှစ်နိုင်ငံ ညှိနှိုင်းပေါင်းစပ်ရမည့်ကိစ္စများတွင် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်း ဆောင်ရွက်လိုကြောင်း၊ ဆော်ဒီအာရေဗျ နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံ၏ ရေထွက်လုပ်ငန်းထုတ်လုပ်မှုတွင် ရောဂါပိုးမွှားကင်းရှင်းရေးဆောင်ရွက်နေမှုကို လာရောက်လေ့လာရန် ဖိတ်ခေါ်လိုပါကြောင်း၊ ဆော်ဒီအာရေဗျနိုင်ငံမှ လုပ်ငန်းရှင်များအား မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်း ကဏ္ဍများတွင် သာမက စက်မှုကဏ္ဍကဲ့သို့သော အခြားသောကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုပါကြောင်းကို ဆော်ဒီအာရေဗျနိုင်ငံသံရုံးမှ နိုင်ငံရေးနှင့် စီးပွားရေးရာအကြီးအကဲဖြစ်သူနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ပါသည်။

ယခုကဲ့သို့ သံတမန်လမ်းကြောင်းမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံ၏ သံအမတ်ကြီးနှင့် နှစ်နိုင်ငံ အစိုးရအချင်းချင်း ညှိနှိုင်းပေါင်းစပ်နေသည့်နည်းတူ ပုဂ္ဂလိကကဏ္ဍမှ ကုန်သည်လုပ်ငန်းရှင်များအနေနှင့်လည်း မိမိတို့၏ရေထွက်ပို့ကုန်များ ဆော်ဒီအာရေဗျဈေးကွက်သို့ ယခုထက်ပိုမို၍တင်ပို့နိုင်ရေးအတွက် ဆော်ဒီအာရေဗျနိုင်ငံမှ တာဝန်ရှိသူများနှင့် မြန်မာ့ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးနိုင်ရေး ကူညီဆောင်ရွက်ပေးရန်အတွက်လည်း ပြောကြားခဲ့ပါသည်။ မြန်မာ့ပို့ကုန် လုပ်ငန်းရှင်များအနေနှင့် မိမိနိုင်ငံမှ ပို့ကုန်တင်ပို့မည့် နိုင်ငံ၏ အရည်အသွေး၊ စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ သက်ဆိုင်ရာနိုင်ငံ၏ စားသောက်ကုန်ပစ္စည်းတင်သွင်းခြင်းဆိုင်ရာ လိုအပ်ချက်များ၊ လုပ်ထုံးလုပ်နည်းများအား ပိုမိုသိရှိလိုက်နာဆောင်ရွက် ခြင်းဖြင့် နိုင်ငံတကာအလယ်တွင် မိမိနိုင်ငံ၏ ပို့ကုန်အမည်ဂုဏ် သတင်းအား မြှင့်တင်ဆောင်ရွက်သွားရာ ရောက်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ ငါး၊ ပုစွန်နှင့် အခြားရေထွက်ပစ္စည်းများ တင်ပို့မှုမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅၈၁ ဒသမ ၅၂၆ သန်းဖိုးနှင့် ယခုဘဏ္ဍာနှစ်တွင် ဖေဖော်ဝါရီလ ၂၃ ရက် အထိ အမေရိကန်ဒေါ်လာ ၆၁၁ ဒသမ ၆၂၃ သန်းအသီးသီးရှိခဲ့ပြီး ဆော်ဒီအာရေဗျနိုင်ငံသို့ ရေထွက်တင်ပို့မှုမှာ မြန်မာနိုင်ငံ၏စုစုပေါင်း ရေထွက်ကုန်တင်ပို့မှုပမာဏအပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၃ ဒသမ သုညတစ်ရာခိုင်နှုန်း ပါဝင်ခဲ့ရာမှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁၂ ဒသမ ၉၂ ရာခိုင်နှုန်းသို့တိုးမြင့်လာကြောင်း လေ့လာတွေ့ရှိရပါသည်။

**ပေရယ်မြတ်ပြည့်ဖြူ (နှစ်နိုင်ငံ)**

## စာမျက်နှာ (၈) ➤➤➤ ဘဏ္ဍာနှစ်မကုန်မီ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကျော် ရောက်ရှိပြီး. . . . မှ အဆက်

ထုတ်ပေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပြီး လွယ်ကူလျင်မြန်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်ပမှတင်သွင်းလာသော ကုန်စည်ပမာဏများပြားလာခြင်းကြောင့် ပြည်တွင်းရှိ အလားတူကုန်စည်ထုတ်လုပ်သူများ ထိခိုက် နစ်နာမှုဖြစ်ပေါ်ခြင်းမှ ကာကွယ်ကုစားနိုင်ရန်အတွက် ကုန်သွယ်ရေး ဦးစီးဌာနအနေနှင့် သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေ(မူကြမ်း) Safeguard Law on Increased Import အား ရေးဆွဲလျက်ရှိကြောင်းနှင့် လျှော့ဈေးဖြင့် စုပုံတင်ပို့ခြင်းနှင့် အစိုးရထောက်ပံ့မှု ရယူတင်ပို့ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ပြည်တွင်း ကုန်စည်ထုတ်လုပ်သူများ၏ ထိခိုက်နစ်နာမှုကို ကာကွယ်ကုစားပေးမှု Anti-dumping and Countervailing Law ဥပဒေ(မူကြမ်း) အား ရေးဆွဲလျက်ရှိပြီး ကုန်သွယ်မှုကဏ္ဍတွင် WTO သတ်မှတ်ချက်နှင့် အညီ မိမိနိုင်ငံသား လုပ်ငန်းရှင်များအား ဥပဒေနှင့်အညီ ကာကွယ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။

ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် နိုင်ငံတော်သို့ ပေးသွင်းရမည့် ငွေကြေးပေးသွင်းမှုများကို မြန်မာနိုင်ငံသားများဘဏ် MCB နှင့် ချိတ်ဆက်၍ e-Payment စနစ်ဖြင့် ၂၀၀၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာမှ ယခုအခါ ကုန်သွယ်မှုဆိုင်ရာ ငွေကြေးပေးသွင်းမှု ဆောင်ရွက်ရာတွင် ငွေသားကိုင်ဆောင်ပေးသွင်းရသည့် စနစ်အစား ဘဏ် (၂၃) ခုနှင့်ချိတ်ဆက်ထားသည့် MPU-Myanmar Payment Union စနစ်ဖြင့် ၂၀၁၇ ခုနှစ် ဇွန် ၁၉ မှစ၍ နေပြည်တော်ရုံးအမှတ်(၃) နှင့် ရန်ကုန်တို့တွင် စတင် ဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်စခန်းများရှိ မူဆယ်ကုန်သွယ်ရေးဇုန်နှင့် မြဝတီကုန်သွယ်ရေး ဇုန်များတွင်လည်း ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက်မှစတင်၍ Online ကြေးနှင့် သွင်းကုန်လိုင်စင်ကြေးနှစ်မျိုးအား MPU စနစ်ဖြင့် ငွေကြေးပေးသွင်းမှုအား စတင်ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်စခန်းများတွင် ဆောင်ရွက်ရန် စီမံထားကြောင်း သိရှိရပါတယ်။ ဒါ့အပြင် နိုင်ငံတော်သို့ ပေးသွင်းရသည့် အခြားငွေစာရင်းခေါင်းစဉ်များကိုလည်း ဆက်လက် ဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိပါတယ်။

ထို့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မည်မျှပင် ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးနေပေမယ့်လည်း စိန်ခေါ်မှုအခက်အခဲများကတော့ ရင်ဆိုင်နေရဆဲဖြစ်ပါတယ်။ ဒီစိန်ခေါ်မှု တွေကတော့ နိုင်ငံရဲ့ အဓိက တင်ပို့နေတဲ့ လယ်ယာထွက်ကုန်ပစ္စည်းများကို စိုက်ပျိုးထုတ်လုပ်တင်ပို့ရာမှာ ရာသီဥတု၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း၊ သွင်းအားစုကုန်ကျစရိတ် မြင့်မားခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့်ရရှိရန် လိုအပ်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များ မြင့်မားခြင်း၊ အရည်အသွေးမြင့်ထုတ်ကုန်များ (Value Added) ထုတ်လုပ်မှုနည်းပါးခြင်း၊ နိုင်ငံတကာဈေးကွက်နှင့် ဝယ်လိုအားအပေါ် တည်မှီနေရခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ ရိတ်သိမ်းမှုစနစ်များ၊ ထုတ်လုပ်မှုစနစ်များ လိုအပ်နေခြင်း စတဲ့အချက်များဟာ လက်ရှိလယ်ယာထွက်ကုန် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချရာမှာ ရင်ဆိုင်နေရတဲ့ အခက်အခဲများ စိန်ခေါ်မှုများပဲ ဖြစ်ပါတယ်။

ပို့ကုန်ပစ္စည်း ထုတ်လုပ်မှုကွင်းဆက်ရဲ့ Supply Chain တစ်လျှောက်လုံးမှာ ဒေသတွင်းနိုင်ငံတွေနဲ့ မယှဉ်နိုင်တဲ့အချက်ကတော့ ကုန်စည်သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ် (Logistic Cost) တွေ မြင့်တက်နေတာပဲဖြစ်ပါတယ်။ ပြည်ပသို့ ဆန်၊ ဆန်ကွဲများနဲ့ အခြားသော ကုန်စည်များကို ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့ရာမှာ ဆိပ်ကမ်းများ၌ အခက်အခဲများရှိနေဆဲဖြစ်ပါတယ်။

အစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် 'ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတက်ရေးကော်မတီ'ကို ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ဒုတိယသမ္မတ-၁ ဦးဆောင်ပြီး စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဝိုင်းဝန်းကူညီ ဖြေရှင်းပေးနိုင်ရေး လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်၍ ညှိနှိုင်းအဖြေရှာမှုများ ပြုလုပ်လျက်ရှိကြောင်း သိရှိရပါတယ်။

ယင်းကဲ့သို့ ဆောင်ရွက်လျက်ရှိသောကြောင့် ပြည်ပကုန်သွယ်မှုတိုးမြှင့်ရေး ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်၏ စီးပွားရေး မူဝါဒနှင့်အညီ သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ခြင်း၊ မိမိနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံများနှင့် နှစ်နိုင်ငံ ကုန်သွယ်မှုဆိုင်ရာကိစ္စများ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှု Mission များစေလွှတ်ခြင်း၊ ဈေးကွက်သစ်များ ရှာဖွေပြီး ထိုးဖောက်ဝင်ရောက်ခြင်း၊ ကုန်သွယ်မှုဆိုင်ရာ ပြင်ဆင်ဖြေလျှော့မှုများ ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ပြည်ပကုန်သွယ်မှုမှာ သမိုင်းတစ်လျှောက် အများဆုံးကုန်သွယ်မှု ပမာဏအဖြစ် အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကျော် ရောက်ရှိခဲ့ပြီး ဘဏ္ဍာနှစ်မကုန်မီမှာပင် ယခင်ကာလတူ ဘဏ္ဍာနှစ်ထက်ဒေါ်လာ လေးဘီလီယံခန့်ပိုမိုဆောင်ရွက်နိုင်ကြောင်း လေ့လာသုံးသပ် အကြံပြုရေးသား တင်ပြလိုက်ရပါတယ်။

❑

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အမေရိကန်ကုမ္ပဏီများမှ ဥရောပနှင့် အာရှနိုင်ငံများသို့ ကျောက်မီးသွေးတိုးမြှင့်တင်ပို့ခဲ့

အမေရိကန်နိုင်ငံ၌ ဈေးနှုန်းသက်သာ၍ ပတ်ဝန်းကျင်ထိခိုက်မှု သက်သာသည့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများသို့ ဦးတည်လာချိန်တွင် ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းများ ပိတ်သိမ်းခဲ့မှုကြောင့် သတ္တုတူးဖော်ရေး လုပ်ငန်းများတွင် နှစ်ကာလကြာရှည်စွာ အလုပ်အကိုင် အခွင့်အလမ်း ကျဆင်းနေခဲ့ပြီးနောက် ယခုနှစ် ဖေဖော်ဝါရီလအတွင်း ဥရောပနှင့် အာရှနိုင်ငံများသို့ ကျောက်မီးသွေးတိုးမြှင့်တင်ပို့ခဲ့သည်။

အမေရိကန်နိုင်ငံ၌ လျှပ်စစ်ဓာတ်အားထုတ်ယူရေးအတွက် ကျောက်မီးသွေးလောင်စာသုံးထုတ်လုပ်မှုမှာ ဒုတိယအများဆုံးဖြစ်သည်။ နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားထုတ်ယူရေးအတွက် ၂၀၁၆ ခုနှစ်တွင် သဘာဝဓာတ်ငွေ့သုံး ထုတ်ယူမှု ၃၃ ဒသမ ၈ ရာခိုင်နှုန်း၊ ကျောက်မီးသွေးအသုံးပြုထုတ်ယူမှု ၃၀ ဒသမ ၄ ရာခိုင်နှုန်း၊ နျူကလီးယားအသုံးပြုမှု ၁၉ ဒသမ ၇ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်ထုတ်ယူမှု ၆ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုထုတ်ယူမှု ၁၄ ဒသမ ၉ ရာခိုင်နှုန်းဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် စွမ်းအင်ရင်းမြစ်မျိုးစုံ အသုံးပြုလျက်ရှိသည်။

လျှပ်စစ်ဓာတ်အား ထုတ်ယူမှုအတွက် ၂၀၁၆ ခုနှစ်တွင် ကျောက်မီးသွေးတန်ချိန် ၆၇၈ ဒသမ ၆သန်း အသုံးပြုရာမှ ၂၀၁၇ ခုနှစ်တွင် တန်ချိန် ၅၀၅ ဒသမ ၁ သန်းသာသုံးစွဲခဲ့ရာ ပြည်တွင်းအသုံးပြုမှု လျော့နည်းလာခဲ့ပြီး ပြည်ပသို့ တိုးမြှင့်တင်ပို့ခဲ့ကာ တန်ချိန် ၄၂ သန်း တင်ပို့ခဲ့သည်။ ယင်းသို့တိုးတက်တင်ပို့နိုင်မှုမှ အလုပ်အကိုင် အခွင့်အလမ်း ၁၂၀၀ ကျော် ထပ်မံဖန်တီးပေးနိုင်ခဲ့သော်လည်း ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်းက သတ္တုတူးဖော်ရေးလုပ်ငန်းများ၌ အလုပ်အကိုင် အခွင့်အလမ်း ၆၀၀၀၀ ဆုံးရှုံးခဲ့မှုနှင့်ယှဉ်ပါက သိသာသည့် ပြောင်းလဲမှုအဖြစ် မမြင်ရသေးကြောင်း ပြောဆိုလျက်ရှိသည်။

ကမ္ဘာ့ ကျောက်မီးသွေးဝယ်လိုအားမြင့်တက်လာခြင်းနှင့်အတူ အနောက်ဥရောပနိုင်ငံများနှင့် အိန္ဒိယနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျောက်မီးသွေးအသုံးပြုမှု မြင့်မားလာခြင်းတို့ကြောင့် ယင်းနိုင်ငံများက ကျောက်မီးသွေး တင်သွင်းမှု မြင့်တက်လာခဲ့ကြောင်း၊ အမေရိကန်နိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် နိုင်ငံတွင်းထုတ်လုပ်မှုမှာ တန်ချိန် ၇၂၈ ဒသမ ၃၆၄ သန်းတူးဖော်ထုတ်လုပ်ခဲ့ပြီး ပြည်ပတင်ပို့မှုတန်ချိန် ၆၀ ဒသမ ၂၇၁ သန်း တင်ပို့ခဲ့သကဲ့သို့ ပြည်တွင်းသို့ တန်ချိန် ၉ ဒသမ ၈၅ သန်း တင်သွင်းခဲ့သည်။ စတီး ထုတ်လုပ်မှုလုပ်ငန်းများအတွက် အသုံးပြုသည့် ကျောက်မီးသွေးတင်ပို့မှုသည် ၃၅ ရာခိုင်နှုန်း တင်ပို့နိုင်ခဲ့ကာ ကုမ္ပဏီအများစုမှ ၂၀၁၈ ခုနှစ်တွင်ပြည်ပတင်ပို့နိုင်မှု ဆက်လက်အားကောင်းမည်ဟု မျှော်လင့်ကြောင်း၊ သမ္မတထရန့်အစိုးရလက်ထက်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများတင်းကျပ်မှု ဖြေလျှော့လာခြင်းသည် ပြည်တွင်းအသုံးပြုမှုနှင့် ပြည်ပတင်ပို့မှု နှစ်ရပ်လုံးအတွက် သက်ရောက်မှုများ ရှိမည်ဖြစ်ကြောင်း သုံးသပ်ပြောဆိုလျက်ရှိနေကြပြီး ၂၀၁၅ ခုနှစ်က ပိတ်သိမ်းခဲ့သည့် Alliance Resource Partners LP ကုမ္ပဏီမှ မြေအောက်သတ္တုတူးဖော်ရေး လုပ်ငန်းများ ပြန်လည်လုပ်ကိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရပြီး အဆိုပါကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဂျိုးကရပ်ဖ်ကဂင်းတို့အနေဖြင့် အခြားနိုင်ငံများတွင် ကျောက်မီးသွေး လောင်စာသုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းများကို တိုးချဲ့ရန် ရှာဖွေလျက်ရှိကြောင်း ပြည်တွင်းသတင်းများအရ သိရှိရသည်။

သမ္မတထရန့်၏ အစိုးရမှလည်း Clean Power Plan အစီအစဉ်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များအား ရပ်ဆိုင်းထားရန်၊ ပြန်လည်သုံးသပ်ရန်နှင့် ပယ်ဖျက်ရန် ယခုနှစ် ဖေဖော်ဝါရီလအတွင်းကညွှန်ကြားထားခဲ့ပြီး အမေရိကန်လုပ်ငန်းများအတွက် လုပ်ငန်းဆောင်ရွက်ရန် အခွင့်မသာဖြစ်စေသည့် ကုန်ကျစရိတ်ကြီးမားသည့် စည်းမျဉ်းများ (compliance costs များ) အားပယ်ဖျက်ရန် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် House Joint Resolution 38 ကို လက်မှတ်ရေးထိုး အတည်ပြုခဲ့သည်။ Clean Power Plan သည် နှစ်စဉ်ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၃၉ ဘီလီယံကုန်ကျမည်ဖြစ်ပြီး ပြည်နယ်၄၁ ခုတွင် လျှပ်စစ်ဓာတ်အားစရိတ် အနည်းဆုံး ၁၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရသည်။

**ဥမ္မာအေး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# ၂၀၁၇ ခုနှစ်၌ အမေရိကန်ကုန်သွယ်ရေးလိုငွေပြမှု ကိုးနှစ်တာကာလအတွင်း အမြင့်ဆုံးဖြစ်ခဲ့

အမေရိကန်၏ ကုန်သွယ်ရေးလိုငွေပြမှုမှာ ၂၀၁၇ ခုနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၆၆ ဘီလီယံရှိခဲ့ပြီး ၁၂ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း အမေရိကန် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၁ ဘီလီယံလိုငွေပြခဲ့ပြီး ၅ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ သို့သော် ဒီဇင်ဘာလအတွင်း တရုတ်နှင့် အမေရိကန်၏ ပို့ကုန်တိုးတက်မှုသည် ၇ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ပြီး တရုတ်သွင်းကုန်မှာ ၇ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည့်အတွက် ကုန်သွယ်မှုလိုငွေပြမှု ၁၃ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ ၂၀၁၇ ခုနှစ်အတွင်း တရုတ်ရေနံကုမ္ပဏီဖြစ်သည့် Sinopec သည် အမေရိကန်မှ ရေနံစိမ်းတန်ချိန် ၅ ဒသမ ၅၇ သန်းဝယ်ယူခဲ့သဖြင့် စုစုပေါင်း အမေရိကန်ရေနံစိမ်းတင်ပို့မှု၏ ၁၀ ရာခိုင်နှုန်းကို ဝယ်ခဲ့ခြင်းဖြစ်သည်။ တရုတ်တွင် ရေနံဆီနှင့် လေယာဉ်ဆီကဲ့သို့ လောင်စာဆီဝယ်လိုအား အလွန်မြင့်တက်လျက်ရှိရာ ယခုနှစ်အတွင်း အမေရိကန်ထံမှ ရေနံစိမ်း ၁၀ ရာခိုင်နှုန်းတိုးမြှင့် ဝယ်ယူရမည်ဖြစ်ပါသည်။

၁၉၇၆ ခုနှစ်မှစတင်၍ အမေရိကန်တွင် ကုန်သွယ်မှုလိုငွေပြနေခဲ့ပြီး စီးပွားရေးတိုးတက်ခြင်း၊ အမေရိကန်ဒေါ်လာတန်ဖိုးမြင့်တက်လာခြင်း၊ အခွန်လျှော့ခြင်း (tax cut bill) နှင့် အခြားနိုင်ငံများထက် အမေရိကန်ပြည်သူများ၏ဝယ်ယူသုံးစွဲနိုင်အားမြင့်တက်ခြင်း(higher purchasing power) စသည့် အချက်များကြောင့်ဖြစ်နိုင်ကြောင်း သုံးသပ်ထားသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# OBOR နည်းဗျူဟာအရ နိုင်ငံတကာနှင့် စီးပွားရေးလမ်းကြောင်း တိုးမြှင့်

၂၀၁၃ ခုနှစ်က သမ္မတရှီကျင့်ပင် ချမှတ်ခဲ့သည့် One Belt One Road Initiative ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး ဆက်သွယ်ပေါင်းစပ်မှုနှင့် စီးပွားရေးလုပ်ငန်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အရှိန်မြင့်တက်လာခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် တရုတ်စီးပွားရေးလုပ်ငန်းများမှ OBOR လမ်းကြောင်းတစ်လျှောက် နိုင်ငံများ၌ (ဘဏ္ဍာရေးကဏ္ဍမပါဝင်) စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၃၈ ဘီလီယံရင်းနှီးမြှုပ်နှံထားကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

ယခုအချိန်အထိ စီးပွားရေးနှင့် ကုန်သွယ်မှုဇုန် ၁၇ ခုနှင့် တရုတ်စီးပွားရေးလုပ်ငန်း အသစ်ပေါင်း ၂၃၃၀ ခုတွင် ရင်းနှီးလုပ်ကိုင်နေပြီး အိမ်ရှင်နိုင်ငံများသို့ အခွန်ပေးဆောင်မှုမှာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံရှိခဲ့ကြောင်းသိရသည်။

အီဂျစ်အစိုးရနှင့်လည်း China-Egypt Suez Economic and Trade Cooperation Zone ကို ပူးပေါင်းဆောင်ရွက်နေပြီး တိုးတက်အောင်မြင်မှုများရှိကြောင်း၊ ပေကျင်းအပြင် တရုတ်ကမ်းရိုးတန်းဒေသများဖြစ်သည့် ကျဲကျန်း၊ ကွမ်းတုံ၊ ကျန်းစု ပြည်နယ်များနှင့် နယ်စပ်ဒေသများဖြစ်သည့် ယူနန်၊ ဟေလောင်ကျန်း၊ ကွမ်ရှီးကျွမ်းပြည်နယ်များသည် ပြည်ပနိုင်ငံများနှင့် စီးပွားရေးဇုန်များ (Overseas Industrial Parks) တိုးချဲ့ရင်းနှီးနေကြောင်း သိရပါသည်။ အထူးသဖြင့် ဗီယက်နမ်၊ ရုရှား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံများနှင့် Industrial Parks များ ပူးပေါင်းဆောင်ရွက်နေကြောင်း ထုတ်ပြန်မှုတွင် ဖော်ပြပါရှိသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# အမေရိကန်၏ အရေးယူပိတ်ဆို့မှုကို ပူပန်နေခိုက် အီရန်နိုင်ငံတွင် ရူပီးငွေကြေးဖြင့် အိန္ဒိယရင်းနှီးမြှုပ်နှံမည်

အိန္ဒိယနိုင်ငံသည် ဘူတန်နှင့် နီပေါနိုင်ငံတို့အပြင် အခြားနိုင်ငံခြား တိုင်းပြည်တစ်ခုဖြစ်သည့် အီရန်နိုင်ငံ၌ အိန္ဒိယငွေကြေးဖြစ်သည့် ရူပီးဖြင့် ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး ထိုသို့ရင်းနှီးမြှုပ်နှံခြင်းသည် အီရန်နိုင်ငံအပေါ် အမေရိကန်၏ အရေးယူပိတ်ဆို့မှုများကို ကျော်ဖြတ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

အီရန်သမ္မတ Hassan Rouhani သည် အိန္ဒိယဝန်ကြီးချုပ် နရိန္ဒရာမိုဒီနှင့် တွေ့ဆုံစဉ်အတွင်း ဆိပ်ကမ်း၊ ရထားလမ်းကွန်ရက်နှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများတွင် အိန္ဒိယရင်းနှီးမြှုပ်နှံမှုများ လာရောက်ရန် ဖိတ်ခေါ်ခဲ့ပြီးနောက် အိန္ဒိယအနေဖြင့် အီရန်နိုင်ငံတွင် ရူပီးငွေကြေးဖြင့် ပထမဆုံးရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

Chabahar ဆိပ်ကမ်းရှိ စက်ရုံ/အလုပ်ရုံများ တည်ဆောက်ခြင်း အပါအဝင် အိန္ဒိယရူပီးငွေကြေးဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဘဏ်စနစ်မှတစ်ဆင့် အီရန်ငွေကြေး Rial သို့ပြောင်းလဲခြင်းဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး အိန္ဒိယနိုင်ငံသည် အီရန်အရှေ့ပိုင်းကမ်းရိုးတန်းရှိ Chabahar ဆိပ်ကမ်းအား အာဖဂန်နစ္စတန်သို့သွားမည့် လမ်းကြောင်းတစ်ခုအနေဖြင့် စတင်တည် ဆောက်အကောင်အထည်ဖော် လည်ပတ်ကာ အာရှအလယ်ပိုင်းနှင့် အခြားသောဒေသများသို့ ဝင်ပေါက်/ထွက်ပေါက်အနေဖြင့် ထပ်မံတိုးချဲ့လာနိုင်မည်ဖြစ်ကြောင်း၊ အီရန်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ တောင်-မြောက် သယ်သူပို့ဆောင်ရေးစင်္ကြံစီမံကိန်းနှင့် အဓိကချိတ်ဆက်ပေးနိုင်မည့်နိုင်ငံတစ်ခုဖြစ်ကာ Chabahar ဆိပ်ကမ်း အပိုင်း(၁)တွင် အိန္ဒိယ ပါဝင်ဆောင်ရွက်မည့် သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ရန် စီစဉ်နေကြောင်း သိရှိရပါသည်။

အီရန်သမ္မတ၏ အိန္ဒိယခရီးစဉ်အတွင်း ဆွေးနွေးသည့် အကြောင်းအရာများတွင် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍအပြင် စွမ်းအင်ကဏ္ဍလည်း ပါဝင်ခဲ့ပြီး အီရန်နိုင်ငံ၌ လွန်ခဲ့သည့် ဆယ်စုနှစ် တစ်ခုကျော်က ရှာဖွေတွေ့ရှိထားခဲ့သည့် Farzad B ဓာတ်ငွေ့သိုက်နှင့်စပ်လျဉ်း၍လည်း ဆွေးနွေးမှုများပြုလုပ်မည်ဖြစ်ကြောင်း၊ အိန္ဒိယသည် အီရန်နှင့်စွမ်းအင်ကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရန်ကိုလည်း ကြိုးစားနေကြောင်း သိရှိရသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

■

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၂–၃–၂၀၁၈)

သန်းထိုက်အောင်

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်ပြီး အရောင်းအဝယ်များပြား

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်နေပြီး အရောင်းအဝယ် ကောင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ကျပ် ၅၇၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၆၂၀(တစ်တန် ကျပ် ၃၇၉၆၈၀) ဈေးရှိခဲ့ပြီး တရုတ်နှစ်သစ်ကူးကာလအလွန်ဖြစ်တာကြောင့် အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ၁၃၆၁၉၅၅ ပိဿာချိန်ရှိခဲ့ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှမူဆယ်အထိ ယခုတစ်ပတ်မှာ ပြောင်းတစ်ပိဿာ ကျပ် ၃၀ ရှိခဲ့လို့ ယခင်တစ်ပတ်ဈေးနှုန်းနဲ့ နှိုင်းယှဉ်ရင် ဈေးနှုန်းအတက်အကျမရှိခဲ့ကြောင်း စုံစမ်းသိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီဈေးကျပြီး ပဲတီစိမ်းလုံးကြီး ဈေးတက်

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီတို့ ဈေးကျပြီး ပဲတီစိမ်းလုံးကြီးကတော့ ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၈၅၀ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၇၅၀ (တစ်တန် ကျပ် ၄၅၉၂၉၀) ဈေးရှိခဲ့ပြီး မတ်ပဲကို မြို့ခံဝယ်လက်တွေက ပုံမှန်ဝယ်ယူခဲ့လို့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၆၂၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၅၅၀ (တစ်တန် ကျပ် ၃၃၆၈၁၀) ဖြင့် ဈေးကျခဲ့ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်တွေ ဝယ်ခဲ့သော်လည်း အရောင်းနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးကြီးကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၁၀၅၂ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၂၁၀ (တစ်တန် ကျပ် ၇၄၀၉၉၀)ဖြင့် ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူတစ်ပိဿာ ၂၉၃၃ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၃၀၀၀ (တစ်တန် ကျပ် ၁၈၃၇၁၇၀)ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ မန္တလေးဝယ်လက်တွေက နှမ်းဖြူကို အဝယ်နည်းသလို ကုန်လည်းနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ မြေပဲလုံးဆန်ကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၇၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ် မှာ တစ်ပိဿာ ကျပ် ၂၆၅၀ (တစ်တန် ကျပ် ၁၆၂၂၈၃၀) ဖြင့် ဈေးကျခဲ့ပြီး မန္တလေးဝယ်လက်များက အရည်အသွေးကောင်းကို ရွေးချယ်ဝယ်ယူချင်ခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးကျပေမယ့် အရောင်းသွက်

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၉၀၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ၇၁၇ကျပ် (တစ်တန်ကျပ် ၄၃၉၀၈၀) ရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို မြို့ခံဝယ်လက်တွေက ပုံမှန်ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၇၅၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၇၁၇ကျပ် (တစ်တန်ကျပ် ၄၃၉၀၈၀) ဈေးကျခဲ့ပြီး ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှု များခဲ့ပါတယ်။ တရုတ်နှစ်သစ်ကူးကာလ လွန်မြောက်လာပြီးနောက် ပဲတီစိမ်းအညာရွှေဝါလည်း ဈေးကွက်ဝင်လာပြီး တစ်ပိဿာ ၁၉၀၂ကျပ် (တစ်တန် ကျပ် ၁၁၆၄၇၆၀)ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံနှမ်းမျိုးစုံကတော့ အရောင်းအဝယ်မရှိခဲ့ကြောင်း၊ တရုတ်ဝယ်လက်တွေနဲ့ အစာစပ်လုပ်ငန်းရှင်တွေ ပုံမှန်ဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းကတော့ ၆၄၄ ကျပ်ရှိခဲ့ရာ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၆၃၉ ကျပ် (တစ်တန် ကျပ် ၃၉၁၃၁၀) ထိ ဈေးကျခဲ့တယ်လို့ သတင်းရရှိပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီ၊ ကုလားပဲဟော်လန်တို့ ဈေးကျပြီး စီပီပြောင်း ဈေးတက်

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေးကျပြီး စီပီပြောင်းကတော့ ဈေးတက်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ကျပ်၆၅၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ်၅၅၀ (တစ်တန်ကျပ်၃၃၆၈၁၀)ထိဈေးကျခဲ့ပေမယ့် ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဟော်လန် တစ်ပိဿာ ၁၄၇၅ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၃၄၀ (တစ်တန် ကျပ် ၈၂၀၆၀၀)ဖြင့်ဈေးကျခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဟော်လန်ကို မြို့ခံဝယ်လက်တွေက အဝယ်နည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ပါတယ်။ စီပီပြောင်းသီးနှံကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၆၁၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၆၄၀ (တစ်တန် ကျပ်၃၇၆၆၁၀) ဖြင့်ဈေးတက်ခဲ့ပါတယ်။ အစာစပ်လုပ်ငန်းများနဲ့ မန္တလေးဝယ်လက်တွေက စီပီပြောင်းကို ဝယ်ယူချင်ပေမယ့် အရောင်းနည်းခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ မတ်ပဲဈေးကျပြီး စီပီပြောင်း ဈေးမြင့်တက်

ယခုတစ်ပတ် ရေစကြိုဈေးကွက်မှာ မတ်ပဲဈေးကျပြီး စီပီပြောင်း ဈေးတက်ခဲ့ကြောင်း ရေစကြိုဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ်၈၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတစ်ပိဿာ ကျပ် ၇၅၀ (တစ်တန်ကျပ် ၄၅၉၂၉၀) ရှိခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က ပဲလွန်းပြာ တစ်ပိဿာ ၁၀၅၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၈၅၅ ကျပ်(တစ်တန် ကျပ် ၅၂၃၅၉၀)ထိ ဈေးဆက်လက်ကျဆင်း ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က စီပီပြောင်း တစ်ပိဿာ ကျပ်၆၃၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၆၄၀ (တစ်တန် ကျပ် ၃၉၁၉၂၀) ထိမြင့်တက်ခဲ့ပြီး မန္တလေးဝယ်လက်နဲ့ မြို့ခံဝယ်လက်တွေက ဝယ်ယူချင်ကြပေမယ့် အရောင်းနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ အစေ့ထုတ်ပြောင်း ဈေးငြိမ်ပြီး အရောင်းအဝယ်ကောင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း တစ်ပိဿာ ကျပ်၅၆၀ (တစ်တန်ကျပ် ၃၄၂၉၃၀)ရှိပြီး ယခုတစ်ပတ်မှာလည်း ဈေးအတက်အကျ မရှိကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း ပိဿာချိန် ၄၀၀၀၀၀ ကျော် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ပိဿာချိန် ၆၀၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန် ကျပ် ၅၄၁၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၅၀၁၀၀၀အထိ၊ ယခင်တစ်ပတ်က မတ်ပဲ SQ(RC) တစ်တန် ကျပ် ၆၈၆၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ် မှာ တစ်တန်ကျပ် ၆၁၉၅၀၀ အထိ၊ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်တန် ကျပ် ၄၂၇၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၄၀၃၀၀၀ အထိဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက မတ်ပဲ FAQ (RC) ကကျပ် ၄၀၀၀၀၊ မတ်ပဲ SQ(RC) က ကျပ် ၆၆၅၀၀နဲ့ ပဲစင်းငုံနီက ကျပ် ၂၄၀၀၀ အသီးသီး ဈေးကျခဲ့ပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်း၊ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးကျ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲတီစိမ်း၊ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိဿာ ကျပ် ၁၄၂၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ်၁၃၇၀ (တစ်တန် ကျပ် ၈၃၈၉၇၀)ဖြင့် ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၈၆၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၇၆၅ ကျပ် (တစ်တန် ကျပ်၄၆၈၄၇၀)ရှိခဲ့သလို ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၆၂၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၅၄၀ (တစ်တန် ကျပ် ၃၃၀၆၉၀)ထိ ဈေးကျခဲ့ပါတယ်။ နှမ်းရောင်စုံ ဈေးကွက်မှာတော့ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၆၄၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၅၅၅ ကျပ် (တစ်တန် ကျပ် ၁၅၆၄၆၅၀)၊ နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၃၅၅ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၃၃၅ကျပ်(တစ်တန်ကျပ်၁၄၂၉၉၃၀) ဈေးကျခဲ့ပြီး နှမ်းဖြူထိပ်စ တစ်ပိဿာ ၃၀၄၅ကျပ်(တစ်တန်ကျပ် ၁၈၆၄၇၂၀)၊ နှမ်းနီ တစ်ပိဿာ ၂၇၅၅ကျပ်(တစ်တန် ကျပ် ၁၆၈၇၁၃၀ )ဖြင့် ယခင်တစ်ပတ် ဈေးအတိုင်း အတက်အကျ မရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မတ်ပဲနဲ့ ပဲတီစိမ်း ဈေးကျနေတဲ့ ဟသ်ာတဈေးကွက်

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်းတို့ ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၉၁၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၈၃၀ (တစ်တန် ကျပ်၅၀၈၂၈၀)ရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို နယ်ခံကုန်သည်နဲ့ ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့လို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်က တစ်ပိဿာကျပ်၁၃၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၂၇၅ကျပ်(တစ်တန် ကျပ် ၇၈၀၇၉၀)နဲ့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ရန်ကုန်ဝယ်လက်တွေက ပဲတီစိမ်းကို အဝယ်များခဲ့တာကြောင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း တစ်ပိဿာ ကျပ် ၅၇၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၅၉၅ကျပ် (တစ်တန် ကျပ် ၃၆၄၃၇၀) ဈေးရှိခဲ့ပြီး ရန်ကုန်ဝယ်လက်တွေက ဝယ်ယူမှုနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲလွန်းဖြူ တစ်ပိဿာ ၁၀၁၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၀၀၀ (တစ်တန် ကျပ် ၆၁၂၃၉၀)၊ ယခင်တစ်ပတ်က ပဲလွန်းနီ တစ်ပိဿာ ၁၃၇၅ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၃၅၀ (တစ်တန် ကျပ် ၈၂၆၇၂၀)ဖြင့် ဈေးအသီးသီးရှိခဲ့ပြီး ရန်ကုန်ဝယ်လက်တွေက ပဲလွန်းဖြူနဲ့ ပဲလွန်းနီကို ပုံမှန်ဝယ်ယယူခဲ့ကြလို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း ဟသ်ာတဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

# ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှ မှတ်ပုံတင်၍ ကိုယ်တိုင် သက်သေခံကာ ထုတ်ပေးသည့်စနစ် (Registered Exporter System-REX)အကြောင်း သိကောင်းစရာများ

အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ယေဘုယျ အခွင့်အရေးပေးမှုစနစ် (Generalized System of Preference-GSP) အစီအစဉ်သည် အိန္ဒိယနိုင်ငံတွင် ၁၉၆၈ ခုနှစ်က ကျင်းပခဲ့သော ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ (United Nations Conference on Trade and Development-UNCTAD) အစည်းအဝေး ဆုံးဖြတ်ချက်အရ ဖော်ထုတ်လိုက်သော အစီအစဉ်ဖြစ်ပါသည်။ အကောက်ခွန်ဆိုင်ရာ ယေဘုယျ အခွင့်အရေး ပေးမှုစနစ် (GSP) သည် ဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများမှ တင်ပို့သော ကုန်ပစ္စည်းများအတွက် အကောက်ခွန်လျှော့ပေါ့သက်သာခွင့်ပေးသော အစီအစဉ်ဖြစ်ပြီး အဆိုပါအစီအစဉ်ကို ၁၉၇၁ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ကာ မြန်မာနိုင်ငံသည် အဆိုပါ အစီအစဉ်တွင် ၁၉၈၈ ခုနှစ်မှ စတင်ပါဝင်၍ အကျိုးခံစားခွင့်ရရှိခဲ့ပါသည်။

| ရွှေစင်ဦး |

GSP အစီအစဉ်အရ အကောက်ခွန်သက်သာခွင့်ခံစားနိုင်ရန်အတွက် ထုတ်ပေးသော Form မှာ GSP Form A ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် GSP အစီအစဉ်အရ GSP Form A ကို လက်ခံသော နိုင်ငံ ၄၀ ရှိပါသည်။ လက်ရှိကာလအထိ နိုင်ငံအလိုက် GSP အစီအစဉ် ၁၃ ခုကို UNCTAD အဖွဲ့သို့ အသိပေးကြေညာထားပြီး GSP အစီအစဉ်သည်တစ်ဖက်သတ် အခွင့်အရေးပေးသော စနစ်ဖြစ်ရာ အခွင့်အရေးပေးသောနိုင်ငံများမှ ၎င်းတို့စိတ်ကြိုက်စည်းကမ်းချက်များ သတ်မှတ်ဆောင်ရွက်ခွင့်ရှိပါသည်။ သို့ဖြစ်ရာ GSP အခွင့်အရေးရရှိသော နိုင်ငံများမှ တင်ပို့သော ပို့ကုန်ပစ္စည်းသည် တင်သွင်းသောနိုင်ငံက သတ်မှတ်ထားသည့် GSP ပင်ရင်းနိုင်ငံစည်းမျဉ်းနှင့် ကိုက်ညီရမည်ဖြစ်ပါသည်။

GSP အစီအစဉ်ခွင့်ပြုသော နိုင်ငံများအနက် ဥရောပသမဂ္ဂနိုင်ငံများ (EU) သည် မြန်မာနိုင်ငံအပေါ်တွင် အကောက်ခွန် သက်သာကင်းလွတ်ခွင့်ကို ၁၉၉၇ ခုနှစ်မှစတင်ကာ ဆိုင်းငံ့ထားခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ဆက်လက် သက်တမ်းတိုးခဲ့ပါသည်။ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၉ ရက်တွင် ထုတ်ပြန်သော ဥရောပသမဂ္ဂ၏ တရားဝင်ဂျာနယ်တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံအနေဖြင့် အီးယူမှ ပေးအပ်သော GSP အစီအစဉ်ကို EU Regulation (607/2013) အရ ၂၀၁၃ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်မှ စတင်၍ လက်နက်ခဲယမ်းမှ အပ (Everything But Arms-EBA) ကုန်ကုန်စည်အားလုံးကို အကောက်ခွန် ကင်းလွတ်ခွင့်နှင့် အရေအတွက် ကန့်သတ်ခြင်းမှ ကင်းလွတ်ခွင့် (Duty Free and Quota Free) ကို ပြန်လည် ရရှိခံစားလျက်ရှိပါသည်။

ဥရောပသမဂ္ဂ (EU) အဖွဲ့ဝင်နိုင်ငံများမှ တစ်ဖက်သတ် အကောက်ခွန် အခွင့်အရေးပေးသော Generalized System of Preferences-GSP အစီအစဉ်အရ လက်ရှိကျင့်သုံးလျက်ရှိသော သက်ဆိုင်ရာ အာဏာပိုင်က စိစစ်ခွင့်ပြု ထုတ်ပေးသည့် သမားရိုးကျ CO Form A ထုတ်ပေးသည့်စနစ်အား ပို့ကုန်တင်ပို့သူများ မှတ်ပုံတင်သည့်စနစ် (Registered Exporter System-REX System) ဖြင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ စတင် အကောင်အထည်ဖော်မည်ဖြစ်သဖြင့် ၎င်းတို့ထံမှ အကောက်ခွန်သက်သာခွင့် အခွင့်အရေးကို ခံစားရယူလျက်ရှိသော နိုင်ငံများအနေဖြင့် လိုက်ပါဆောင်ရွက်ရမည်ဖြစ်ရာ မြန်မာနိုင်ငံသည်လည်း အပါအဝင်ဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါ ပို့ကုန်တင်ပို့သူများ မှတ်ပုံတင်သည့်စနစ် (Registered Exporter System-REX System) နှင့် ပတ်သက်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် သိသင့်သော အချက်အလက်များကို ဥရောပသမဂ္ဂမှ လက်ကိုင်စာအုပ်ပုံစံဖြင့် ပြုစုထားမှုကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဖော်ပြထားပါသည်။ အဆိုပါ လက်ကိုင်စာအုပ်ပါ အချက်အလက်များအား ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် လိုအပ်သလို အသုံးချနိုင်ရန်အတွက် အပိုင်းလိုက် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

## ဖျာပုံမြို့နယ် စတီးသံပန်းတံခါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အစုအဖွဲ့ ဖွဲ့စည်းနိုင်ရေး ကွင်းဆင်းဆောင်ရွက်

ဖျာပုံမြို့နယ်ရှိစတီးသံပန်းတံခါးလုပ်ငန်းများသည် ပွင့်လင်းရာသီ ရောက်လာသည်နှင့် တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လာကြရပြီး ထိုလုပ်ငန်းများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အစုအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးစိုးမင်းထိုက်နှင့် ဝန်ထမ်းများသည် မတ် ၆ ရက်က ကွင်းဆင်း ဆောင်ရွက်ခဲ့ကြသည်။

"ဒီလုပ်ငန်းကိုလုပ်တာ ၁၂ နှစ်လောက်ရှိပါပြီ။ လုပ်ငန်းပစ္စည်း အရင်းအနှီးကတော့ ကျပ်သိန်း ၅၀ ခန့် ရှိပါတယ်။ အခုတလော အပ်ထည်များတာကတော့ ဘာဂျာတံခါး၊ ပြတင်းပေါက်၊ လှေခါးလက်တန်းနှင့် ဝရန်တာ၊ ခြံတံခါး စတဲ့ တိုက်အိမ်ဆောက်တဲ့သူတွေ အပ်တာများပါတယ်။ လုပ်သားရှစ်ဦးရှိပြီး ည/မနက် ထမင်းကျွေးပါတယ်။ အနိမ့်ဆုံးလစာ ကျပ် ၁၂၀၀၀၀၊ အမြင့်ဆုံး လစာကျပ် ၂၅၀၀၀၀ ပေးရပါတယ်။ လာရောက်အပ်နှံသူတွေကတော့ ဖျာပုံခရိုင်အတွင်းကပါပဲ။ စတီးပစ္စည်းကို မှာယူတာကတော့ စတီးမာစတာကုမ္ပဏီလီမိတက်၊ တောင်ဒဂုံ စက်မှုဇုန် (၁)၊ ရန်ကုန်ကနေစတီးပိုက်၊ စတီးပြား လိုတာပို့ပေးပါတယ်။ အခု စတီးဈေးကတော့ စတီးပိုက် တစ်လက်မပေ ၂၀ ကို ကျပ် ၈၀၀၀၊ တစ်လက်မခွဲကို ကျပ် ၁၂၀၀၀၊ နှစ်လက်မဆိုဒ်ကိုကျပ် ၂၃၀၀၀၊ နှစ်လက်မခွဲကို ကျပ် ၃၂၀၀၀ ဆိုပြီး အစားအစားရှိပါတယ်။

"အခက်အခဲ ဘာရှိသလဲဆိုတော့ ကျွန်တော်တို့က စည်ပင်လိုင်စင်၊ စက်မှုလိုင်စင်နဲ့ ဝင်ငွေခွန် ပုံမှန်ပေးသွင်းထားပါတယ်။ ဖျာပုံမြို့မှာ ကျွန်တော့်လိုဆိုင်မျိုး ငါးဆိုင်၊ ခြောက်ဆိုင်ရှိပါတယ်။ တရားဝင်ပေါ့။ တရားမဝင်လုပ်တဲ့သူတွေလည်း ရှိပါတယ်။ တရားမဝင်ဆိုတာ ဘာအခွန်မှ မဆောင်ဘဲ လုပ်တာကို ပြောတာပါ။ တိုက်တစ်လုံးဆောက်မယ်ဆိုရင် သူ့လူနဲ့သူ သွားပြီး လုပ်တာပါ။ သူ့မှာဆိုင်မရှိဘူး။ ဒါကို အခွန်ဌာနက ကြီးကြပ်ဖို့ လိုမယ်လို့ထင်ပါတယ်။ ပြီးတော့ နှစ်စဉ်ဝင်ငွေခွန် အလျှော့မရှိဘဲ တိုးတိုးကောက်နေပါတယ်။ ဒီလုပ်ငန်းဟာ ပုံမှန်ဝင်ငွေ မရှိဘူး။ နောက်တစ်ခုက စောစောကပြောတဲ့ အစုအဖွဲ့ဆိုတာ ဖွဲ့သင့်ပါတယ်။ စတီးသံပန်း တံခါးလုပ်ငန်း အစုအဖွဲ့ပေါ့။ စိတ်ဝင်စားပါတယ်။ တစ်နေ့ ကျွန်တော်တို့ လုပ်ငန်းတူတွေစုပြီး လာတွေ့ပါဦးမယ်။ SMEs ချေးငွေရရှိဖို့ ချိန်ဆက်ကူညီပေးစေချင်ပါတယ်"လို့ TWA စတီးသံပန်းတံခါးအလှ အမျိုးမျိုးတပ်ဆင်သည့် လုပ်ငန်းရှင် ဦးသိန်းဝင်းအောင်ထံမှ လေ့လာသိရှိရပါတယ်။

မင်းဇော်မွန် (ဖျာပုံ)

## ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ပဲစားသုံးမှုမြှင့်တင်ရေး အထောက်အကူပြု ဆင့်ပွားသင်တန်းဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးတွင် မတ် ၈ ရက်က ပဲစားသုံးမှုမြှင့်တင်ရေး အထောက်အကူပြု ဆင့်ပွားသင်တန်းကို ဖွင့်လှစ်ခဲ့ပါတယ်။

အဆိုပါသင်တန်းတွင် ရှမ်းပြည်နယ်၊ ပြည်နယ်ဦးစီးမှူး ဦးကျော်ဝင်းက ကမ္ဘာလုံးဆိုင်ရာ အာဟာရအဆင့်သတ်မှတ်ရာတွင် မြန်မာနိုင်ငံသည် အဆင့် ၂၂ တွင်ရှိနေကြောင်း လေ့လာသိရှိရသဖြင့် မိမိတို့နိုင်ငံသားများ၏ အာဟာရဓာတ်ပြည့်ဝရန် အဆင့်မြှင့်ဖို့ လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ပဲအများဆုံးစားသုံးသော ဒေသမှာ မန္တလေးတိုင်းဒေသကြီးဖြစ်ပြီး၊ ပဲအနည်းဆုံးစားသုံးသည့် ဒေသမှာရခိုင်ပြည်နယ်ဖြစ်ပါကြောင်း၊ အမျိုးသားရေးအာဟာရရှုထောင့်မှကြည့်မည်ဆိုလျှင် အိန္ဒိယက ပဲဝယ်သည်ဖြစ်စေ၊ မဝယ်သည်ဖြစ်စေ ပဲစားသုံးမှုကိုမြှင့်တင်ရမှာ ဖြစ်ပါကြောင်း၊ ပဲစားသုံးမှုကိုမြှင့်တင်ရာတွင် ရှမ်းပြည်နယ်အနေနှင့်လည်း ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများကလည်း သင်တန်းမှထပ်ဆင့်ဆင့်ပွားရှင်းလင်းဆွေးနွေးချက်များကို လေ့လာမှတ်သားပြီးအများပြည်သူများသို့ ပြန်လည်မျှဝေပေးကြရမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဆက်လက်၍ ပဲစားသုံးမှုမြှင့်တင်ရေး အထောက်အကူပြု နည်းပြ ရက်တိုသင် တန်း ၁/၂၀၁၈ ကို တက်ရောက်ပြီးစီးခဲ့သော အငယ်တန်းစာရေး ဒေါ်မူမူသိန်းနှင့် ဒေါ်မိုမိုသီတာထွန်းမြင့်တို့မှ ပဲစားသုံးခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းခဲ့ပြီး ပဲစင်းငုံမစ်ရှိတ်ဖျော်ရည်နှင့် ပဲတီစိမ်း(ပဲဝါလေး) ကြာဆန်ဟင်းရည် ချက်နည်းများကို စာတွေ့လက်တွေ့ ရှင်းလင်းပြသခဲ့ပါတယ်။ သင်တန်းကို မတ် ၈ ရက်မှ ၉ ရက်အထိ နှစ်ရက်တိုင် ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

လွင်ကိုအောင်(တောင်ကြီး)

## မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ "ဝန်ဆောင်မှုကဏ္ဍနှင့်စပ်လျဉ်း၍ စားသုံးသူတိုင်တန်းမှုများကို ကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာ ဆင့်ပွားသင်တန်း" ဖွင့်လှစ်

'ဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ စားသုံးသူ တိုင်တန်းမှုများကို ကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာ ဆင့်ပွားသင်တန်း'ကို မွန်ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ မတ် ၉ ရက်က ဖွင့်လှစ်ခဲ့ရာ မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်ရုံးမှဝန်ထမ်းများ စုစုပေါင်း ၃၆ ဦး တက်ရောက်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးဦးစိုးသန်းအေးက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း ဆောင်ရွက်နေသည့် ဝန်ထမ်းများအနေဖြင့် ဝန်ဆောင်မှုကဏ္ဍတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအား ထိရောက်စွာဆောင်ရွက်ပေးနိုင်ရန်အတွက် the United State Agency for International Development (USAID)၏ အထောက်အပံ့ဖြင့် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူး၍ 'ဝန်ဆောင်မှုကဏ္ဍနှင့်စပ်လျဉ်း၍ စားသုံးသူ တိုင်တန်းမှုများကို ကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ'ကို ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၇ ရက်အထိ မော်လမြိုင်မြို့ Strand Hotel ၌ ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါဆွေးနွေးချက်များအား ပြန်လည်မျှဝေခြင်းဖြစ်ကြောင်း၊ နောင်တွင် ဝန်ဆောင်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လာကြသည့်အခါ တိုင်ကြားမှုများရှိလာနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့ဝန်ထမ်းများအနေဖြင့် အသိပညာဗဟုသုတများပြည့်ဝထားဖို့ လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ယခုသင်ကြားမည့် သင်ခန်းစာများအား သေချာစွာမှတ်သားကြရန်နှင့် ဗဟုသုတ အခြေခံကို မှတ်သား၍ လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ထို့နောက် ဒုတိယပြည်နယ် ဦးစီးမှူး ဦးခင်အောင်သွင်က စားသုံးသူ ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများအကြောင်း၊ စားသုံးသူတိုင်တန်းမှုပုံစံများ အကြောင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာဆီယံ တွင် လိုအပ်သည့်အချက်များအား လည်းကောင်း၊ ဝန်ဆောင်မှုဆိုင်ရာ တိုင်တန်းမှုများအား စေ့စပ်ဖျန်ဖြေသည့် နည်းလမ်းဖြင့် ဖြေရှင်းခြင်းများအားလည်းကောင်း သင်ကြားပို့ချခဲ့ပြီးသင်တန်းသားများအား အုပ်စုလိုက် ဆွေးနွေးခြင်း၊ တစ်ဦးချင်းဆွေးနွေးခြင်း၊ သိလိုသည်များအား မေးမြန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။ မိုးမိုး(မွန်)

Vol: 18, No.11 Monday March 12 2018

# မူဆယ်မှ ပီလောပီနံအမှုန့် ပုံမှန်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၆၉၆ သန်းတန်ဖိုးရှိ ပီလောပီနံအမှုန့် ၆၄ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၈၂ တန်နဲ့ နှိုင်းယှဉ်ပါက ၁၈ တန်လျော့နည်းပေမယ့် မူဆယ်မှတစ်ဆင့် ပီလောပီနံအမှုန့်များကို တရုတ်နိုင်ငံတွင် တိရစ္ဆာန်အစာအတွက် အသုံးပြုတာမို့ ပုံမှန်တင်ပို့မှုရှိနေတာတွေ့ရပါတယ်။ ဖေဖော်ဝါရီလအတွင်း မူဆယ်မှ ပီလောပီနံအမှုန့်တန် ၃၀၀ ကျော်နဲ့ ပီလော ပီနံဥ ၈၂ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

# နယ်စပ်စခန်းစုံမှ တင်ပို့ခဲ့တဲ့ မြန်မာ့ဖရဲ

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းသုံးခုမှ ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ဒသမ၆၂၅ သန်းတန်ဖိုးရှိ ဖရဲသီး တန် ၂၆၇၈၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ တန် ၂၆၁၀၀၊ လွယ်ဂျယ်မှ ၂၄ တန်၊ ချင်းရွှေဟော်မှ ၄၁ တန်ခွဲနှင့် ကန်ပိုက်တီမှ ၆၁၅ တန်ဖြစ်ပါတယ်။ ယခင် တစ်ပတ်က မူဆယ်မှတန် ၃၁၂၀၀ နဲ့ ကန်ပိုက်တီမှတန် ၃၃၀ စုစုပေါင်းတန် ချိန် ၃၁၅၃၀ သာတင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၈၈၉ တန်ဖိုးရှိ ဖရဲသီး တန်၅၀၊ အမေရိကန်ဒေါ်လာ ၁၈၇၆၈ တန်ဖိုးရှိလိမ္မော်သီး ၁၃၂ တန်နဲ့ အမေရိကန်ဒေါ်လာ ၁၅၂၇၁ တန်ဖိုးရှိ နာနတ်သီးတန် ၁၀၀ တို့ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့သလို မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၁ သန်း တန်ဖိုးရှိ ဖရဲသီး ၄၂ တန်ကျော်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# တရုတ်နိုင်ငံသို့ ပြောင်းပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီကုန်သွယ်ရေးစခန်းသုံးခုမှ ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၂၀ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၂၀၃၈၇ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ တန် ၁၇၂၀၀၊ လွယ်ဂျယ်မှ ၂၈၈၇ တန်ကျော်နဲ့ ကန်ပိုက်တီမှ တန် ၃၀၀ ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က အဆိုပါစခန်းများမှ ပြောင်း ၇၉၉၂ တန်ကျော်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ၁၂၃၉၅ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းတစ်တန်လျှင် ၃၀၈၃၃၃ ကျပ်ဈေးဖြင့် ယခင်တစ်ပတ်ဈေးအတိုင်း ပြောင်းလဲမှုမရှိကြောင်း၊ မူဆယ်သို့ ပြောင်းကားစီးရေ ၆၁၀ စီး ဝင်ရောက်ခဲ့ကြောင်း၊ မန္တလေး-မူဆယ် ပြောင်းသယ်ယူစရိတ်မှာ တစ်ပိဿာ လျှင် ၆၃-၆၄ ကျပ်အထိရှိကြောင်း၊ ဖေဖော်ဝါရီတစ်လလုံး တရုတ်နိုင်ငံသို့ ပြောင်းဖူးစေ့တန်ချိန် ၆၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး တာချီလိတ်ကုန်သွယ် ရေးစခန်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ တန်သုံးရာ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ **မော်မော်အောင်**

# ပြည်တွင်းသို့ ဆိုင်ကယ်များပိုမိုတင်သွင်း

တရုတ်နဲ့ ထိုင်းနယ်စပ်ရှိကုန်သွယ်ရေးဇုန်များမှ ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၃၁ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၉၉၃၄ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၀၀၅ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၉၂၉ စီးပိုမို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်ရော မြဝတီကုန်သွယ်ရေးဇုန်ကပါ ဆိုင်ကယ်များ ပိုမိုတင်သွင်းခဲ့တဲ့အတွက် ယခုလို ပိုမိုရခြင်း ဖြစ်တယ်လို့ သိရပါတယ်။ တင်သွင်းမှုကိုကြည့်ပါက မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၃၆ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၈၆၇၄ စီးနဲ့ မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၉၅ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၂၆၀ စီးတင်သွင်းခဲ့ပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းနဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းတို့မှ ဆိုင်ကယ်များ တင်သွင်းနိုင်ခြင်းမရှိဘူးလို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့

ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ အမေရိကန် ဒေါ်လာ ၂၀၇၀၉ တန်ဖိုးရှိ လက်ဖက်ခြောက် ၅၃ တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တာချီလိတ်မှတင်ပို့မှုမရှိခဲ့ပေမယ့် ဖေဖော်ဝါရီလအတွင်း လက်ဖက်ခြောက် တန် ၁၅၀ ကျော်ကို တာချီလိတ်မှ ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံမှ လက်ဖက်ကို အမေရိကန်နဲ့ ဂျာမနီနိုင်ငံများသို့ တင်ပို့ရာတွင် ဈေးကွက်အောင်မြင်မှုရရှိကြောင်း မြန်မာနိုင်ငံလက်ဖက်စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သတင်းရရှိပါတယ်။ **မော်မော်အောင်**

# အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှုလျော့ကျ



မြန်မာ-အိန္ဒိယနယ်စပ်မှ ဖေဖော်ဝါရီ ၂၄ ရက်မှ မတ်လ ၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၉၅ သန်းတန်ဖိုးရှိ ကွမ်းသီး ၂၃၈၈ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၂၅၄ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၆၆ တန်လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးပိုမိုတင်ပို့ခဲ့သော်လည်း တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးတင်ပို့မှု ကျဆင်းခဲ့တဲ့အတွက်ကြောင့် ဖြစ်တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၅၇ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၇၃၇ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၃၉ သန်းတန်ဖိုးရှိကွမ်းသီးတန် ၆၅၀ ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၄၈၉ သန်းတန်ဖိုးရှိ နန့်ဖာလုံကုန်စုံ၊ ငရုတ်ကောင်း၊ မျောက်ငိုသီး၊ အုန်းသီး၊ ပန်းသီး၊ ဆီးသီးနှင့် ပဲစင်းငုံ ၃၁၁ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာသုည ဒသမ ၂၉၂ သန်းတန်ဖိုးရှိ စီးကရက်နှင့် ဖရဲသီး ၈၁ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# ထိုင်းနယ်စပ်မှ ရေထွက်ကုန် တင်ပို့မှုလျော့ကျ

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၈၈ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၆၅၀၆ တန် တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်က ၁၃၆၅၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာတန် ၇၁၅၀ လျော့ နည်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက် ကုန်တင်ပို့မှု ပိုမိုခဲ့ပေမယ့် ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေး စခန်းတို့မှ ရေထွက်ကုန်များ လျော့နည်းခဲ့တဲ့အတွက် ယခုလို လျော့ကျရခြင်း ဖြစ်တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၂၂၁ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်း ၁၈၈ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၃၃ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ အခြားရေထွက်၊ ရေဘဝဲ၊ ကဏန်း၊ ပင်လယ် ငါးရှဉ့် ၄၀၇၆ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၃၄ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ အေးခဲပုစွန်၊ ကင်းမွန်၊ အေးခဲကဏန်းပျော့၊ မွေးပုစွန်၊ သဲကဏန်း၊ ကင်းမွန်လိပ် ၂၂၄၁ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# တရုတ်နိုင်ငံသို့ သကြားပိုမိုတင်ပို့

ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းနှစ်ခုမှ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၁၉၆ သန်းတန်ဖိုးရှိ Re-export သကြား ၂၀၃၀၁ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၁၃၇၂၉ တန်နဲ့ ချင်းရွှေဟော်မှ ၆၅၇၂ တန်ကျော်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ချင်းရွှေဟော်မှ သကြားတင်ပို့မှုမရှိဘဲ မူဆယ်စခန်း တစ်ခုတည်းသာ ၄၄၃၅ တန်ကျော်တင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ သကြားတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ ကျပ် ၇၅၄၄၀၀ နဲ့ တစ်ဖက်နိုင်ငံဈေးယွမ် ၃၆၈၀ ဖြင့် ပြောင်းလဲမှုမရှိကြောင်း၊ ဖေဖော်ဝါရီလအတွင်း မူဆယ်နဲ့ ချင်းရွှေဟော်မှတစ်ဆင့် တရုတ်နိုင်ငံသို့ Re-export သကြား တန်ချိန် လေးသောင်းကျော် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

# ကန်ပိုက်တီနှင့် လွယ်ဂျယ်မှ တစ်သျှူးငှက်ပျော ပိုမိုတင်ပို့

ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီနဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းနှစ်ခုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၃၆ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော ၇၀၉၇ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ ကန်ပိုက်တီမှ ၆၀၇၅ တန်၊ လွယ်ဂျယ်မှ ၁၀၂၂ တန် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ကန်ပိုက်တီမှ ၁၃၇၅ တန်၊ လွယ်ဂျယ်မှ ၄၈ တန် စုစုပေါင်းတန်ချိန် ၁၄၂၃ တန်သာတင်ပို့ခဲ့တဲ့ အတွက် ယခုတစ်ပတ် ၅၆၇၄ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ဖေဖော်ဝါရီ တစ်လလုံး ကန်ပိုက်တီမှ တစ်သျှူးငှက်ပျော တန်ချိန်နှစ်သောင်းကျော်နဲ့ လွယ်ဂျယ်မှ တန်နှစ်ထောင်ခန့် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်ကတည်းက တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများကိုယ်တိုင် လာရောက်စိုက်ပျိုးခဲ့ကြပြီး ထွက်ရှိသမျှ တစ်သျှူးငှက်ပျောများကို ကန်ပိုက်တီနဲ့ လွယ်ဂျယ်နယ်စပ်ပေါက်များမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ကြကြောင်း သိရပါတယ်။ **မော်မော်အောင်**

# ဖေဖော်ဝါရီလအတွင်း တရုတ်နိုင်ငံသို့ ပရဆေး တန်ချိန်နှစ်ထောင်ခန့် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၉၂၃ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၄ မျိုး၊ တန်ချိန်အားဖြင့် ၉၆၁ တန်ကျော်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ ခဲ့တဲ့ ၃၉၈ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၅၆၃ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ် တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ ဒရင်ကောက်မြစ်၊ တောဂျုံးမြစ်၊ တောချင်း၊ နနွင်းတက်၊ နနွင်းခေါင်း၊ မာလာဥခေါင်း၊ မာလာဥ၊ ကွမ်းစားဂမုန်း၊ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ ကြောင်လျှာစေ့၊ ဆီးဆန်နဲ့ ချဉ်ပေါင်ဖာလာ (အခွံပါ) တို့ဖြစ်ပါတယ်။ ဖေဖော်ဝါရီတစ်လလုံး မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပရဆေးတန်ချိန် နှစ်ထောင်ကျော် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

# ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အကြောင်း

(ယခင်တစ်ပတ်မှအဆက်)

ထိုလမ်းညွှန်ချက်များတွင် စားသုံးသူအကာအကွယ်ပေးခြင်းနှင့်ပတ်သက်၍ စားသုံးသူများ၏အခြေခံ လိုအပ်ချက်များ ပြည့်စုံစေနိုင်မှု (Basic needs)၊ လုံခြုံစိတ်ချစွာဖြင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေနိုင်မှု (Safety)၊ သတင်းအချက်အလက်ပြည့်စုံ စွာရရှိနိုင်စေမှု (Information)၊ လွတ်လပ်စွာရွေး ချယ်နိုင်စေမှု (Choice)၊ နစ်နာဆုံးရှုံးမှုများအတွက် ပြောဆိုတင်ပြကြားနာနိုင်စေမှု (Representation)၊ ထိခိုက်နစ်နာမှုများအတွက် လျော်ကြေးရနိုင်စေမှု (Redress)၊ စားသုံးသူကိစ္စရပ်များ သင်ယူလေ့လာနိုင်မှု (Consumer education) နှင့် ကျန်းမာရေးနှင့် ညီညွတ်သောပတ်ဝန်းကျင်ကို ရရှိစေနိုင်မှုစသည့် စားသုံးသူအခွင့်အရေးရှုစ်ချက်ကို သတ်မှတ် ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

၁၉၈၅ ခုနှစ်တွင် ကျင်းပသည့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအစည်းအဝေးမှ စားသုံးသူ အကာအကွယ်ပေးရေးအတွက် နိုင်ငံအသီးသီးတွင် စားသုံးသူအကာအကွယ်ပေးရေးမူဝါဒနှင့် ဥပဒေပြဋ္ဌာန်းချက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးရန် အများဆန္ဒဖြင့် လက်ခံဆုံးဖြတ်ခဲ့ကြပါသည်။ ထို့ကြောင့်ပင် ၁၉၈၅ ခုနှစ်တွင်ကမ္ဘာ့ကုလသမဂ္ဂမှ စားသုံးသူ တို့၏ အခွင့်အရေးများကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုအချိန်မှစ၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကမ္ဘာ့ကုလသမဂ္ဂ၏ လမ်းညွှန်ချက်အရ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လာကြသည်။ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သဘောထားကာ အရှိန်အဟုန် မြှင့်တင်လာကြသည်။ စည်းမျဉ်းစည်းကမ်း ဥပဒေများပြဋ္ဌာန်းကာ ဆောင်ရွက်လာကြသည်။

ယနေ့ကမ္ဘာပေါ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှလူတို့၏နေထိုင်စားသောက်မှု ပုံစံများလည်း ပြောင်းလဲလာကြသည်။ လူတို့သည် အစားအသောက်များကို လွယ်ကူစွာစားသုံးလာကြသဖြင့် စီးပွားရေးလုပ်ငန်းရှင်များကလည်း လူတို့၏လိုအပ်ချက်များနှင့်အညီ အလွယ်တကူ အသင့်စား စားသောက်ကုန်ပစ္စည်းများကို တာရှည်ခံစေရန်၊ အနံ့အရသာနှင့်ပြည့်စုံစေရန်၊ မျက်စိ ပသာဒရှိစေရန်တို့ကိုသာ ဦးစားပေး၍ ဈေးနှုန်း သက်သာသော တရားမဝင်ဓာတုဆေးဝါးများ၊ ခွင့်မပြုဓာတုဆိုးဆေးများကို လျှိုင်လျှိုင်သုံးကာ အသုံးပြုထုတ်လုပ်လာကြသဖြင့် ပြည်သူများသည် အရွယ်မတိုင်မီ ရောဂါဆန်းများဖြစ်ပွားခြင်း၊ နာတာရှည်ဖြစ်ခြင်း၊ သေကြေပျက်စီးခြင်းများကြုံတွေ့လာရပြီးလူ့စွမ်းအားအရင်းအမြစ်များဆုံးရှုံးကာ နိုင်ငံတော်ဘတ်ဂျက်များလည်း ထိခိုက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများကိုပါ ထိခိုက်လာသည်ထိဖြစ်လာသည်ကိုတွေ့ရှိရသည်။

ထို့သို့ စီးပွားရေးလုပ်ငန်းရှင်အချို့၏ ဘယ်သူ သေသေ၊ ငတေမာရင်ပြီးရောဟူသော သဘောဖြင့် မိမိတိုးတက်ကြီးပွားရေးအတွက်သာ ဦးတည်ပြီး ပြည်သူများဘေးအန္တရာယ်ဖြစ်ပွားမှု၊ သေကျေ ပျက်စီးမှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများကို ဥပေက္ခာပြုကာ ထုတ်လုပ်လာကြသဖြင့် စားသုံးသူ ပြည်သူများ အတိဒုက္ခရောက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေလာနိုင်သည်။အန္တရာယ်ဖြစ်လာသဖြင့် စားသုံးသူပြည်သူများကို အကာအကွယ်ပေးနိုင်ရေးအတွက် နိုင်ငံအသီးသီးတွင် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေများပြဋ္ဌာန်းကာ ဆောင်ရွက်လာကြပါသည်။

ကမ္ဘာပေါ်တွင် စားသုံးသူတို့အတွက် ထုတ်ကုန်နှင့်ဝန်ဆောင်မှုလုပ်ငန်းများအပေါ် မသမာမှုပြုမှုကို ကာကွယ်ရန်အတွက် စည်းမျဉ်းစည်းကမ်းဥပဒများ မည်သို့ပင်ပြဋ္ဌာန်းသည်ဖြစ်စေလုပ်ငန်းရှင်များ၊ စားသုံးသူများ ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာအောင်မြင်နိုင်မည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ဝန်ကြီးဌာနတစ်ခု၊ ဦးစီးဌာနတစ်ခုတည်းဖြင့် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် ဆောင်ရွက်မည့်အစား သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြမှသာလျှင် အောင်မြင်နိုင်မည့် လုပ်ငန်းတစ်ခုဖြစ်သည်။ စားသုံးသူများ၊ ကုန်စည် ထုတ်လုပ်၊ တင်ပို့တင်သွင်း၊ ဖြန့်ဖြူးရောင်းချသူအားလုံးသည် မိမိနိုင်ငံသားများဖြစ်သည်။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပမာတစ်ဦးနှင့်တစ်ဦး အပြန်အလှန်အကျိုးပြုလျက်ရှိနေကြ သည်။

မြန်မာနိုင်ငံတွင် ရှေးယခင်ကတည်းကပင် စားသုံးသူ အကာအကွယ်ပေးရေးအတွက် တွဲဖက် မစားသင့်သော အစားအစာများ

**နိုင်ဦး (DOCA)**



အကြောင်း၊ နွယ်မြက်သစ်ပင်များ၏ အာနိသင် အကျိုးအပြစ်များအကြောင်းကို ပြည်သူများအား အသိပေးခဲ့ပါသည်။ ယခုလည်း ခေတ်နှင့်အညီ စားသုံးသူများအား အပြည့်အဝ ကာကွယ်ပေးနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စာသုံးသူအကာအကွယ်ပေးရေး ဥပဒေ (၂၀၁၄)ကို ပြည်ထောင်စု လွှတ်တော်အမှတ် (၁၀)ဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၄ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး စားသုံးသူများအား အပြည့်အဝကာကွယ်ပေးပြီး စီးပွားရေးလုပ်ငန်း ရှင်များကိုလည်း အန္တရာယ်ကင်းသောကုန်စည်နှင့် ဝန်ဆောင်မှုများကို ကျင့်ဝတ်များနှင့်အညီ ထုတ်လုပ်ဆောင်ရွက်နိုင်စေရေးအတွက် အရှိန် အဟုန် မြှင့် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော စားသုံးသူအကာအကွယ်ပေးရေးဥပဒေသည် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံမှ စားသုံးသူအကာအကွယ်ပေးရေးအတွက် ၁၉၈၅ ခုနှစ် ဧပြီ ၉ရက်တွင် ဆုံးဖြတ်ချက်အမှတ်( ၃၉/ ၂၄၈ )ဖြင့် ချမှတ်ခဲ့သော စားသုံးသူအခွင့်အရေးများကဲ့သို့ပင် မြန်မာနိုင်ငံရှိ၅၁ သန်းကျော်ရှိသော ပြည်သူများအားလုံးစားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိစေရေးအတွက် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ စားသုံးသူရေးရာဦးစီးဌာနရှိ ဝန်ထမ်းများသည် ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ မူဝါဒလုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ပညာပေးဟောပြောဆွေးနွေးခြင်း၊ အသိပညာပေးခြင်း၊ နည်းပညာများ ဖြန့်ဖြူးပေးခြင်း၊ ကွင်းဆင်းစစ်ဆေးအရေးယူခြင်းများအား ဆောင်ရွက်လျက်ရှိပါသည်။

**ကုန်စည်နှင့် ဝန်ဆောင်မှုကို ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေခြင်း (Right to Safety)**

လူ့အသက်နှင့် ကျန်းမာမှုတို့ကို ခြိမ်းခြောက် အန္တရာယ်ပေးနိုင်သော ကုန်စည်များ၊ ထုတ်လုပ်မှု ဖြစ်စဉ်များနှင့် ဝန်ဆောင်မှုများမှ အကာအကွယ် ရရှိနိုင်ခြင်းပင်ဖြစ်ပေသည်။ အချို့သောလုပ်ငန်းရှင်များသည် နိုင်ငံတကာသတ်မှတ်ချက်များနှင့် မကိုက်ညီသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအား ထုတ်လုပ်ခြင်းဖြင့် စားသုံးသူများအတွက် လုံခြုံစိတ်ချရမှုရှိ/မရှိကို အလေးမထားဘဲ ကိုယ်ကျိုးရှာအမြတ်ထုတ်နေကြသည်။ ထို့ကြောင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကိုထုတ်လုပ်ရန်အတွက် ညွှန်ကြားထားသည့် ညွှန်ကြားချက်များ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာလိုက်နာရမည့်အသိပေးမှုများအား လိုက်နာခြင်းဖြင့် စားသုံးသူများ၏အသက်၊ ကိုယ်ခန္ဓာနှင့် ပစ္စည်းများကို အန္တရာယ်ဖြစ်ပေါ် ခြင်းမရှိအောင် ပြုလုပ်ပေးထားခြင်းသည် လည်း ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေခြင်းအတွက် ပေးသင့်သောအခွင့်အရေးပင်ဖြစ်သည်။

**ကုန်စည်နှင့် ဝန်ဆောင်မှုများအား စိတ်ကြိုက် ရွေးချယ်နိုင်ခွင့် (Right to Choice)**

ကျေနပ်နှစ်သိမ့်မှုဖြစ်စေနိုင်သော အရည် အသွေးအာမခံနိုင်စွမ်းနှင့် ရောင်းဝယ်မှုဖြစ်စဉ်တွင် ပြောဆိုကတိပြုထားသည့် ဈေးနှုန်းများ၊ စည်းကမ်းချက်များ၊ အာမခံပေးမှုများအတိုင်း ဝယ်ယူ စဉ်နှင့် ဝယ်ယူပြီးနောက်ပိုင်းတို့တွင် စားသုံးသူများမှ စိတ်ကြိုက်ရွေးချယ်နိုင်ခွင့်ရရှိစေနိုင်ခြင်းသည် လည်း စားသုံးသူ၏အခွင့်အရေးတစ်ရပ်ပင်ဖြစ်ပါသည်။

**ကုန်စည်နှင့်ဝန်ဆောင်မှု၏ မှန်ကန်ပြည့်စုံသော သတင်းအချက်အလက်များ ရရှိစေခြင်း (Right to Information)**

မှန်ကန်သောရွေးချယ်မှုများပြုလုပ်နိုင်ရန်အတွက် တိကျမှန်ကန်သော သတင်းအချက်အလက်များ ရရှိနိုင်ခြင်းနှင့် ရိုးသားမှုမရှိသော သို့မဟုတ် မှန်ကန်မှုမရှိသော ကြော်ငြာခြင်းနှင့် တံဆိပ်တပ်ဆင်ခြင်းတို့မှ အကာအကွယ်ရရှိနိုင်ခြင်းပင်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များသည် ၎င်းတို့၏ ကုန်စည်နှင့်ဝန်ဆောင်မှုများ ရောင်းချရာတွင် မှားယွင်းသည့်တင်ပြမှုများ၊ အလွန်အမင်းချဲ့ကားပြောဆိုမှုများပါဝင်နေသော ကြော်ငြာများ၊ အညွှန်းတံဆိပ်တပ်ဆင်ခြင်းများသည်စားသုံးသူများအကြား နစ်နာဆုံးရှုံးမှုများနှင့် နားလည်မှုလွဲမှားစေခြင်းများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့်ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ အရည်အသွေးတစ်ခု အနေဖြင့်ဖော်ပြသော သတင်းအချက်အလက်များနှင့် ဖော်ပြမှုအညွှန်းများသည် မှန်ကန်ပြီးပြည့်စုံရ မည့် အခွင့်အရေးသည်လည်း စားသုံးသူ၏အခွင့်အရေးပင်ဖြစ်ပါသည်။

**ကုန်စည်နှင့် ဝန်ဆောင်မှုများကြောင့် နစ်နာဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ ပါဝင်ကြားနာခြင်းရရှိစေရန် (Right to Heard)**

ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ အသုံးပြုမှုကြောင့် ဖြစ်ပေါ်လာသော မကျေနပ်မှု၊ အငြင်းပွားမှုများအား ဖြေရှင်းပေးနိုင်ရန် အရေးဆိုတိုင်တန်းနိုင်ခွင့်၊ စားသုံးသူများ၏ အကျိုးရှိမှုအတွက် ခံစားထင်မြင်ယူဆချက်များကို ပြောဆိုတင်ပြနိုင်ခွင့်၊ သင့်လျော်သော အကာအကွယ်ပေးမှုများ ရရှိနိုင်ခွင့်သည်လည်း အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။

**ကုန်စည်နှင့်ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် အသိပညာများ၊ အခွင့်အရေးနှင့် အချက်အလက်များကို သိရှိလေ့လာခွင့်ရရှိစေရန် (Right to Consumer Education)**

စားသုံးသူဆိုင်ရာ အခြေခံအခွင့်အရေးများနှင့် တာဝန်ရှိမှုများကို သိရှိနိုင်စေခြင်း၊ ၎င်းတို့ကို မည်သို့အသုံးပြုနိုင်သည်ကို ကောင်းမွန်စွာသိရှိပြီး ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ ယုံယုံကြည်ကြည်ရွေးချယ် ဝယ်ယူနိုင်စေခြင်း၊ ထုတ်လုပ်ရောင်းချသူများမှ ၎င်းတို့၏ကုန်ပစ္စည်းများကို အသုံးပြုသည့်အခါတွင် ဆောင်ရန်၊ ရှောင်ရန် အချက်များအား စားသုံးသူများနားလည်အောင် ပြောဆိုရောင်းချခြင်းများ ရရှိစေရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုများနှင့် အသိပညာများရရှိနိုင်စေခြင်း ဖြစ်ပါသည်။

**ကုန်စည်နှင့်ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ စားသုံးသူ၏ အခြေခံလိုအပ်ချက်များပေါ်တွင် စိတ်ကျေနပ်မှု ရရှိစေခြင်း (Right to Satisfaction of basic needs)**

စားသုံးသူများသည် မိမိအမှန်တကယ် အသုံးပြုရန် သို့မဟုတ် စားသုံးရန်အတွက် ဝယ်ယူအသုံးပြုရာ၌ ဝယ်ယူသည့်ပစ္စည်းသည် စားသုံးသူ လိုအပ်ချက်အတိုင်းဖြစ်စေရေးသည် စားသုံးသူများ ရရှိမည့် အခွင့်အရေးတစ်ရပ်ပင်ဖြစ်ပါသည်။

**ကုန်စည်နှင့် ဝန်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးနစ်နာမှုများနှင့် စပ်လျဉ်း၍ ကုစားခွင့်ရရှိစေခြင်း (Right to Remedies)**

စားသုံးသူသည် ကုန်စည်နှင့်ဝန်ဆောင်မှုများကို အသုံးပြုရာ၌ လုပ်ငန်းရှင်များမှ သဘောတူ ညီချက်နှင့်အညီ ပေးအပ်နိုင်မှုမရှိခြင်း၊ အရည်အသွေးညံ့ဖျင်းခြင်း၊ မှားယွင်းသောကုန်စည်နှင့် ဝန်ဆောင်မှုများပေးသဖြင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ပါက လုပ်ငန်းရှင်မှ စားသုံးသူအားလျော်ကြေးပေးခြင်း၊ ပစ္စည်းအစားထိုးပေးခြင်းနှင့် စားသုံးသူမှ တရားမျှတသော တောင်းဆိုမှုအတိုင်းရရှိစေခြင်း ဖြစ်ပါသည်။

**ကျန်းမာဝပြောသည့် ပတ်ဝန်းကျင်ကောင်းတွင် ရှင်သန်နိုင်ခွင့်ရရှိစေခြင်း (Right to a Healthy Environment)**

စားသုံးသူပြည်သူများ အန္တရာယ်ကင်းသော ကုန်စည်နှင့်ဝန်ဆောင်မှုကိုရရှိပြီး ကျန်းမာချမ်းသာစွာဖြင့် လူနေမှုဘဝကို ဖြတ်သန်းပိုင်ဆိုင်ခွင့်ရရှိစေနိုင်ခြင်းသည်လည်း စားသုံးသူများရရှိမည့် အခွင့်အရေးတစ်ရပ်ပင် ဖြစ်ပါသည်။ ဤသို့ပိုင်ဆိုင်ခွင့်ရရှိရန်မှာ စားသုံးသူကိုယ်တိုင်ရော မိမိ၏ မိသားစုများအတွက်ပါ အန္တရာယ်ကင်းသော ကုန်စည်ဝန်ဆောင်မှုများကိုရွေးချယ်၍ စားသောက်သုံးစွဲရန် သင့်/မသင့် ဝေဖန်ပိုင်းခြားသိရှိနိုင်မှသာ ဖြစ်နိုင်ပေမည်။

**စာမျက်နှာ (၃၁) သို့**

# Suntac Construction Product




- » Admixture System
- » Flooring System
- » Grouting & Repair System
- » Waterproofing System
- » Underground System
- » Injection System & Specialities

SUNTAC TECHNOLOGIES

Room (5, 7, 8, 12) Bldg (5,8) Myanmar ICT Park,
Hlaing Universities Campus, Hlaing PO (11052),
Yangon, Union of Myanmar.
Tel: (+ 95 1) 652 245, 652 246, 652 310, 652 312
Fax: (+ 95 1) 652 287
Hand Phone : (+959) 5106773, (+959) 785106773. (+959) 785106772
E-mail: info@suntactechnologies.com ,
URL: www.suntactechnologies.com



ISL Logistics

## Infinity Speed Lucky Co., Ltd

DOOR TO DOOR WORLD WIDE SERVICE






Air Sea Land



Bld (5), Room (103/A), 2nd floor, 54th Street (Inngin Street), Pazaudaung Tsp, Yangon.
Ph : 095155012 , 09 965155012 , 09974850870 , 01201658 , Fax : 01201658
Email : aung@islgroups.com , Webside : www.islgroups.com



## SAN DARA AUNG CO.,LTD
(For Better Trade)

**We Carefully Handle Your Cargo**
**Our Services**

- Fumigation , Inspection & Documentation Services
- Customs Clearance Services
- Container Transporation Services






No.(71), Ground Floor, 31st Street , 9 Quarter,
Pabedan Township, Yangon.
HP : +95 9 5005553, +95 9 795005553 E-mail : sandaraaung71@gmail.com


asm
Asterism International Co., Ltd.
Building Materials & Construction
asm CONSTRUCTION
AMG Exp: & Imp:
Email - azm.asterism@gmail.com,
asterism@asmbuilding.com
info@asmbuilding.com
mkt@asmbuilding.com
အုပ်ကြွပ် အမိုးပြား
Koramic
30 YEARS
SHINE
SCG
အုပ်ကြွပ် ကြမ်းခင်းပြား
PRIMA
ရေစိုခံ မျက်နှာကြက်ဘုတ်
SUZUKA
အလှဆင် ကျောက်တုံး
Dulux
PureAir
Authorized Distributor
(အိမ်သုတ်ဆေး)
ရန်ကုန်လိပ်စာ
အရောင်းခန်းမ-အမှတ်(၂၂၂/ဓအ)၊
လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- 01-3640649, 01-3647814
09-976644133, (144, 155)
09-976471900
မန္တလေးလိပ်စာ
၆၆-လမ်း၊ ၃၉-၄၀ လမ်းကြား၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း- 01-2847605, 09-91000153,
09-43400400, 09-5192828,
09-43222888
နေပြည်တော်လိပ်စာ
အမှတ်-၃၉၊ ပျဉ်းမနားတောင်ညီလမ်း၊
ယောက်သွားအင်းရပ်ကွက်၊ ပျဉ်းမနား၊
နေပြည်တော်၊
ဖုန်း-09-448540067, 09420712521
website
www.asmbuilding.com


ထိန်းချုပ်ကြယ်
ကုမ္ပဏီလီမိတက်
CONTROL STAR
Export & Import Co., Ltd.
ORCHID
ORCHID FLOWER BRAND
MSG
Monosodium Glutamate
SUPER SEASONING
fudo
MoMo
GOLDEN FROG
Nya-55, Yuzana Street, Bayintnaung, Mayangone Township, Yangon, Myanmar.
Tel : 01-680659, 01-686542

# Ease of Doing Business Ranking မြင့်မားစေရေးအတွက် Trading Across Border Indicator အထောက်အကူပြု အဖွဲ့ဝင်ဌာနများ၏ လက်ရှိအခြေအနေတွင် လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကြာမြင့်ချိန် ကုန်ကျစရိတ်နှင့် လုပ်ငန်းစဉ်အဆင့်များ (စိုက်ပျိုးရေးဦးစီးဌာန)

ယခင်တစ်ပတ်မှအဆက်

**မှတ်ပုံတင်ထားသော ပိုးသတ်ဆေး တစ်မျိုးမျိုး၏ ဖြန့်ဖြူးသူပြောင်းလဲလိုပါက ဆောင်ရွက်ရမည့် အချက်များနှင့် ကြာမြင့်ချိန်**

| အမှတ်စဉ် | လုပ်ငန်းစဉ် | ဆောင်ရွက်ရမည့် ဌာန | ကြာမြင့်ချိန် | ကုန်ကျစရိတ် | စိစစ်သုံးသပ်ခြင်း |
|---|---|---|---|---|---|
| ၁။ | ထုတ်လုပ်သူ ပြည်ပကုမ္ပဏီမှ ဖြန့်ဖြူးသူ ပြောင်း လဲလိုကြောင်း တင်ပြစာ | သက်ဆိုင်ရာ ကုမ္ပဏီ | | | -ကုမ္ပဏီမှ လျှောက်ထားတင်ပြ စာအား လက်ခံခြင်းနှင့် အထောက်အထားများ အားစိစစ်ခြင်း၊ -ညွှန်ကြားရေးမှူးမှ မှတ်ချက်ချခြင်း (ပထမ)ရက် -အထောက်အထားများ ပြည့်စုံသည် အထိကုမ္ပဏီမှဆောင်ရွက်ပေးခြင်း - ပူးတွဲအထောက်အထားများ ပြည့် စုံမှန်ကန်မှသာ ဌာနမှဆက်လက် ဆောင်ရွက်ခြင်း |
| ၂။ | မူလဖြန့်ဖြူးသည့် ကုမ္ပဏီမှ ကန့်ကွက်ရန်မရှိ ကြောင်း တင်ပြစာ | ။ | | | |
| ၃။ | လွှဲပြောင်းလက်ခံမည့် ကုမ္ပဏီမှ သိရှိလက်ခံ ကြောင်းနှင့် | ။ | | | |
| ၄။ | မူလဖြန့်ဖြူးသည့်ကုမ္ပဏီမှ ဈေးကွက် ပစ္စည်း လက်ကျန်များကို တာဝန်ယူကြောင်း တင်ပြ စာ | ။ | | | |
| ၅။ | ဖြန့်ဖြူးသူ ပြောင်းလဲမည့် ပိုးသတ်ဆေးများ ၏ မှတ်ပုံတင် လက်မှတ်များနှင့် အညွှန်းစာများ ပူးတွဲတင်ပြခြင်း | ။ | | | |
| ၆။ | နေ့စဉ်ထုတ် အင်္ဂလိပ်မြန်မာ သတင်းစာများ တွင် သတ်မှတ်ပုံစံ ဖြင့် ထည့်သွင်းကြေငြာ ခြင်း | ။ | (၂) ပတ် | | |
| ၇။ | ဖြန့်ဖြူးသူပြောင်းလဲမည့် ကုမ္ပဏီ များမှ ဖြစ် ပေါ်လာသည့် ကိစ္စအဝဝအား တာဝန်ယူ ကြောင်း ဝန်ခံကတိ လက်မှတ်ရေးထိုးခြင်း | | (၁) ရက် | | |
| ၈။ | တင်ပြသည့် အချက်အလက်များအား စိစစ်ခြင်း | သီးနှံကာကွယ် ရေးဌာနခွဲ | (၁) ရက် | | |
| ၉။ | မှန်ကန်ပါက ထောက်ခံချက် ထုတ် ပေးခြင်း | သီးနှံကာကွယ် ရေးဌာနခွဲ | (၁) ရက် | | |

ဓါတ်ခွဲစမ်းသပ်ခကျသင့်ငွေစာရင်း

| စဉ် | ဓါတ်ခွဲစမ်းသပ်မည့် အမျိုးအစား | နှုန်း(ကျပ်) |
|---|---|---|
| 1. | Moisture | 4000 |
| 2. | N | 6000 |
| 3. | $P_2O_5$ | 6000 |
| 4. | $K_2O$ | 6000 |
| 5. | Ca | 6000 |
| 6. | Mg | 6000 |
| 7. | S | 7000 |
| 8. | Mn | 8000 |
| 9. | Cu | 8000 |
| 10. | Fe | 8000 |
| 11. | Zn | 8000 |
| 12. | B | 6000 |
| 13. | Mo | 8000 |
| 14. | Si | 8000 |
| 15. | Organic Matter | 6000 |
| 16. | pH | 4000 |
| 17. | Cl | 6000 |
| 18. | Na | 6000 |
| 19. | Biuret | 6000 |

**မှတ်ပုံတင်ထားသော ပိုးသတ်ဆေး တစ်မျိုးမျိုး၏ ကုန်သွယ်မှုအမည်ပြောင်းလဲလိုပါက ဆောင်ရွက်ရမည့် အချက်များနှင့် ကြာမြင့်ချိန်**

| အမှတ်စဉ် | လုပ်ငန်းစဉ် | ဆောင်ရွက်ရမည့် ဌာန | ကြာမြင့်ချိန် | ကုန်ကျစရိတ် | စိစစ်သုံးသပ်ခြင်း |
|---|---|---|---|---|---|
| ၁။ | ထုတ်လုပ်သူပြည်ပကုမ္ပဏီမှ ကုန်သွယ်မှုအမည် ပြောင်းလဲလိုကြောင်း တင်ပြစာ | သက်ဆိုင်ရာ ကုမ္ပဏီ | | | -ကုမ္ပဏီမှလျှောက်ထားတင်ပြ စာအား လက်ခံခြင်းနှင့် အထောက်အထားများအား စိစစ်ခြင်း၊ - ညွှန်ကြားရေးမှူးမှ မှတ်ချက်ချခြင်း (ပထမ)ရက် - အထောက်အထား များ ပြည့်စုံသည်အထိ ကုမ္ပဏီမှ ဆောင်ရွက် ပေးခြင်း - ပူးတွဲအထောက် အထားများ ပြည့်စုံမှန်ကန်မှသာ ဌာနမှ ဆက်လက်ဆောင်ရွက်ခြင်း |
| ၂။ | မူလဖြန့်ဖြူးသည့် ကုမ္ပဏီမှ ကန့်ကွက်ရန်မရှိကြောင်း တင် ပြစာ | ။ | | | |
| ၃။ | မူလကုန်သွယ်မှုအမည်ဖြင့် ဈေးကွက်ပစ္စည်း လက်ကျန် များကို တာဝန်ယူကြောင်း တင်ပြစာ | ။ | | | |
| ၄။ | ကုန်သွယ်မှုအမည် ပြောင်းလဲမည့် ပိုးသတ်ဆေးများ၏ မှတ်ပုံတင်လက်မှတ်များနှင့် အညွှန်းစာများ ပူးတွဲတင် ပြခြင်း | ။ | | | |
| ၅။ | နေ့စဉ်ထုတ် အင်္ဂလိပ်မြန်မာ သတင်းစာများတွင် သတ် မှတ်ပုံစံဖြင့် ထည့်သွင်း ကြေငြာခြင်း | ။ | | | |
| ၆။ | ကုန်သွယ်မှုအမည် ပြောင်းလဲမည့် ကုမ္ပဏီများမှ ဖြစ် ပေါ်လာသည့် ကိစ္စအဝဝအားတာဝန်ယူကြောင်း ဝန်ခံ ကတိ လက်မှတ်ရေးထိုးခြင်း | ။ | | | |
| ၇။ | ကုန်သွယ်မှုအမည် ပြောင်းလဲမည့် ကုမ္ပဏီများမှ ဖြစ် ပေါ်လာသည့် ကိစ္စအဝဝအား တာဝန်ယူကြောင်း ဝန်ခံ ကတိလက်မှတ်ရေးထိုးခြင်း | ။ | | | |
| ၈။ | တင်ပြသည့် အချက်အလက်များအား စိစစ်ခြင်း | ။ | (၁) ရက် | | |
| ၉။ | မှန်ကန်ပါက ထောက်ခံချက် ထုတ်ပေးခြင်း | သီးနှံကာကွယ်ရေးဌာနခွဲ | (၁) ရက် | | |

**မြေဩဇာလုပ်ငန်းမှတ်ပုံတင်ခနှင့် သက်တမ်းတိုးမှတ်ပုံတင်ခနှုန်းထားများ**

| စဉ် | အကြောင်းအရာ | မြေဩဇာ အရေအတွက် | တစ်နှစ် နှုန်းထား (ကျပ်) |
|---|---|---|---|
| ၁။ | ပြည်တွင်းထုတ်လုပ်ခြင်း | ၁ မျိုး | ၂၀၀၀၀ |
| ၂။ | ပြည်ပသို့ တင်ပို့ခြင်း | ၁ မျိုး | ၃၀၀၀၀ |
| ၃။ | ပြည်ပမှ တင်သွင်းခြင်း | ၁ မျိုး | ၃၀၀၀၀ |

**မြေဩဇာလုပ်ငန်း လိုင်စင်ခနှင့် သက်တမ်းတိုး လိုင်စင်ခနှုန်းထားများ**

| စဉ် | အကြောင်းအရာ | အရေအတွက် | (၂)နှစ် နှုန်းထား (ကျပ်) |
|---|---|---|---|
| ၁။ | မြေဩဇာ သိုလှောင်ခြင်း | ၁ မျိုး | ၅၀၀၀၀ |
| ၂။ | မြေဩဇာဖြန့်ဖြူးရောင်းချခြင်း (မူလပြုလုပ်) | ၁ ဆိုင် | ၅၀၀၀၀ |
| ၃။ | မြေဩဇာဖြန့်ဖြူးရောင်းချခြင်း (သက်တမ်းမတိုး၍ အသစ် ထပ်မံပြုလုပ်ခြင်း) | ၁ ဆိုင် | ၈၀၀၀၀ |

**မြေဩဇာတင်သွင်းခွင့် မှတ်ပုံတင်လက်မှတ်၊ မြေဩဇာတင်သွင်းရန် ထောက်ခံစာနှင့် မြေဩဇာသိုလှောင်လိုင်စင်လျှောက်ထားရန် လုပ်ငန်းစဉ်များ၊ ကုန်ကျစရိတ်နှင့် ကြာချိန်**

**( စိုက်ပျိုးရေးဦးစီးဌာန )**

| No. | Description of Procedure | Agency responsible | Time | Cost | Justification (of Procedure, time taken and cost) |
|---|---|---|---|---|---|
| ၁. | ဓါတ်ခွဲစစ်ဆေးခြင်း။ | မြေအသုံးချရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန | (၁၀) ရက်ခန့် | | ကုမ္ပဏီ၏ လျှောက်လွှာလက်ခံခြင်းနှင့် အထောက် အထားစာရွက်စာတမ်းများ စိစစ်၍ ညွှန်ကြားရေးမှူးမှ စစ်ဆေးမိန့် ထုတ်ပေးခြင်း။ (ပထမရက်) |
| ၂. | ရွက်ဖျန်းမြေဩဇာများနှင့် ကွန်ပေါင်းမြေဩဇာများ အတွက် စမ်းသပ်ကွက် ဆောင်ရွက်ခြင်း။ | ။ | သီးနှံတစ်ရာသီ | | - |
| ၃. | မြေဩဇာမှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်း။ (သက်တမ်း(၃)နှစ် ) | မြေဩဇာကော်မတီ | မတ်လ၊ ဇွန်လ၊ စက်တင်ဘာလ၊ ဒီဇင်ဘာလ | | အထောက်အထားပြည့်စုံပါက နေ့ချင်းပြီး ဆောင်ရွက်ပေးပါသည်။ |
| ၄. | သိုလှောင်လိုင်စင်လျှောက်ထားခြင်း။ ( သက်တမ်း (၂) နှစ် ) | စိုက်ပျိုးရေးဦးစီးဌာန | | | အထောက်အထားပြည့်စုံပါက နေ့ချင်းပြီး ဆောင်ရွက်ပေးပါသည်။ |
| ၅. | “တင်သွင်းရန်မြေဩဇာမှန်ကန်ကြောင်း” ထောက်ခံချက်။ ( သက်တမ်းကာလ (၆)လ ) | စိုက်ပျိုးရေးဦးစီးဌာန | (၃)ရက်ခန့် | | - |

## မန္တလေးမြို့တွင် ဖွင့်လှစ်သော ရော်ဘာအစေးလှီးသင်တန်းသို့ ဧရာဝတီတိုင်းဒေသကြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ တက်ရောက်

မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် South Land ကုမ္ပဏီတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၁၀ ရက်ထိ (၂) ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် ရော်ဘာ အစေးလှီးသင်တန်းသို့ ဧရာဝတီတိုင်းဒေသကြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အသင်းဝင် စုစုပေါင်း ၁၃ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းပြီးဆုံးချိန်တွင် သင်တန်းဆင်းလက်မှတ် (Certificate) ပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများ အသင်း မှ သိရ သည်။

အဆိုပါ ရော်ဘာသင်တန်းသို့မြန်မာတစ်နိုင်ငံလုံးရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင် ၁၅၀ ဦးခန့် တက်ရောက်လျက်ရှိပြီး သင်တန်းသားများအတွက် နေထိုင်စားသောက်စရိတ်ကို စိုက်ပျိုးရေးဦးစီးဌာနနှင့် South Land ကုမ္ပဏီတို့ပူးပေါင်း၍ အခမဲ့စီစဉ်ဆောင်ရွက်ပေးကာ သင်တန်းသားများအား ပြည်ပနိုင်ငံများမှ ထုတ်လုပ်သည့် နည်းစနစ်များသိရှိစေရန်သာမက ရော်ဘာလုပ်ငန်းရှင်များအား ရော်ဘာစနစ်တကျ အစေးလှီးနည်းမှ ရော်ဘာပြားထုတ်လုပ်သည့်အဆင့်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ရော်ဘာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်၍ ယခုလို ဖွင့်လှစ်သင်ကြားပို့ချရခြင်းဖြစ်ကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ရော်ဘာအသင်းမှ သင်တန်းတက်ရောက်သူများမှ သင်တန်းပြီးဆုံးချိန်တွင် တိုင်းအတွင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်များအား ဆင့်ပွားသင်တန်း ပြန်လည်ပို့ချရန် စီစဉ်ထားရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။

**ထွန်းထွန်း(ပုသိမ်)**

■

# အခွန်တိမ်းရှောင်မှု၊ အခွန်ထိမ်ချန်မှုနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ အစီရင်ခံစာ

| မောင်လွင်ပြင် |

မြန်မာနိုင်ငံ၏ အခွန်ရငွေသည် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် လွန်စွာလျော့နည်းနေသည်။ နိုင်ငံတော်အရပ်ရပ် အခွန်ဝင်ငွေအနေအထားကို တစ်မျိုးသားလုံး ထုတ်ကုန်တန်ဖိုး ဂျီဒီပီအချိုးသည် ခုနစ်ရာခိုင်နှုန်း ကျော်ကျော်လေးသာ ရှိနေသေးသည်။ ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကြားဖြတ် ခြောက်လတာကာလတွင် အခွန်ရငွေအချိုး ၈ ဒသမ ၅ ရာခိုင် နှုန်းအထိ တိုးတက်ရရှိရန် ရည်မှန်းထားသည်။ ဒီရာခိုင် နှုန်းသည်လည်း ဒေသတွင်းနိုင်ငံများနှင့် ယှဉ်လျှင် နည်းပါးနေသေးသည်။ ဒေသတွင်း နိုင်ငံအချို့တွင် အခွန်ရငွေအခြေအနေသည် အားကျစရာ ကောင်းပြီး ဂျီဒီပီ အချိုး၏ ရာခိုင်နှုန်း ၂၀ နီးပါးအထိ ရှိနေသည်။ မြန်မာနိုင်ငံကတော့ အရပ်ရပ် အခွန်ရငွေအချိုး ၁၀ ရာခိုင်နှုန်းပြည့်မီရန် မနည်းတိုက်တွန်း နှိုးဆော် နေရသည်။ အခွန်ရငွေ ရသင့်ရသင့်ထိုက်သလောက် ကောက်ခံမရရှိခြင်းသည် အခွန်ဥပဒေ၏ အားနည်းချက်များကြောင့်လည်း ဖြစ်နိုင်သည်ဟု ထောက်ပြမှုများလည်း ရှိနေသည်။

ပြည်ထောင်စု လွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများ၏ ပထမ ခြောက်လပတ် အခွန်ရငွေစာရင်းများနှင့် စပ်လျဉ်းပြီး လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာတစ်ရပ်ကို ဖေဖော်ဝါရီ ၂၆ ရက်က ပြုလုပ်သော ပြည်ထောင်စု လွှတ်တော် အစည်းအဝေးတွင် ထုတ်ပြန်ခဲ့သည်။ လိုရင်းကတော့ အခွန်ရငွေတိုးတက်ရရှိရေး အရှိန်မြှင့် ဆောင်ရွက်ရေးပင်ဖြစ်သည်။ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီသည် အခွန်တိုးတက်ရရှိရန်၊ အခွန်ကျေပွန်စွာ ထမ်းဆောင်သူများကို အလေးထားပြီး ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်ပေးနိုင်ရန် လိုအပ်ကြောင်းနှင့် အခွန်တိမ်းရှောင်မှု၊ အခွန်ထိမ်ချန်မှုနှင့် ကုန်စည်များ တရားမဝင် တင်သွင်းမှုနှင့် ထုတ်လုပ်ရောင်းဝယ်ဖောက်ကားမှုများကို တားဆီးနိုင်ရန် လိုအပ်ကြောင်းကိုလည်း သဘောထားမှတ်ချက်ပြုထားသည်။ အခွန်ရငွေ တိုးတက်ရရှိရေး အရှိန်မြှင့်တင် ဆောင်ရွက်ရာတွင် တည်ဆဲအခွန်မူဝါဒများနှင့် ကိုက်ညီသည့် သွယ်ဝိုက်ခွန်များ ဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်များကိုလည်းကောင်း၊ တိုက်ရိုက်ခွန်ဖြစ်သည့် ဝင်ငွေခွန်များကိုလည်းကောင်း အထူးအလေးထားပြီး ဖိဖိစီးစီး ကောက်ခံသင့်ကြောင်းကိုလည်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းထားသည်။

ထို့ပြင် အခွန်တိုးတက်ရရှိရေးအတွက် အခွန်ကျေပွန်စွာ ထမ်းဆောင်သူများကို အလေးထားသင့်သည်။ ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသင့်သည်။ အခွန်ရှောင်မှုများ အခွန်ထိမ်ချန်မှုများကိုလည်း ဖော်ထုတ်အရေးယူသင့်သည်။ တရားမဝင်ကုန်စည်များ တင်သွင်းခြင်း၊ တရားမဝင် ကုန်စည်နှင့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းနှင့် အခြားပစ္စည်းများထုတ်လုပ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းများကိုလည်း ယခုထက်ပိုမို၍ ထိရောက်စွာ ကာကွယ်တားဆီးသင့်သည်။ စစ်ဆေးဖော်ထုတ် အရေးယူသင့်သည် စသည်ဖြင့်လည်း အစီရင်ခံစာတွင် ထောက်ပြထည့်သွင်း ဖော်ပြထားသည်။ ထို့ပြင် အခွန်ထမ်းဆောင်မှု အလေ့အထ ပြန့်ပွားရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယင်းပညာပေး ဆောင်ရွက်နေခြင်းကို သုံးသပ်မှု ပြုထားပါသေးသည်။ အခွန်ထမ်းဆောင်မှု အလေ့အထ ပြည်သူလူထုအတွင်း ပြန့်ပွားလာရေး အသိ ပညာပေး ဆောင်ရွက်ရာတွင် ပြည်သူများ တံဆိပ်ခေါင်းခွန် ထမ်းဆောင်ခြင်းကြောင့် ရရှိခံစားနိုင်မည့် အခွင့်အရေးများကို ပြည်သူအများ ပိုမိုသိရှိစေရန် ပညာပေးမှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင် ရွက်သင့်ကြောင်းကိုလည်း သုံးသပ်ထောက်ပြထား ပါသည်။ ပြည်သူများ ပေးဆောင်ကြရသည့် တံဆိပ်ခေါင်းခွန်ဆိုသည်မှာ ဥပမာအားဖြင့် စားသောက် ဆိုင်များမှ ကောက်ခံနေသော စားသုံးမှု ကျသင့်တန်ဖိုး အပေါ် ငါးရာခိုင်နှုန်း အခွန်တံဆိပ်ခေါင်းကပ် ကောက်ယူခြင်းကို ဆိုလိုသည်။

အစီရင်ခံစာတွင် ပြည်ထောင်စု၏ အခွန်အကောက်ရငွေ နှစ်စဉ်တိုးတက်နေသည်ဆိုသော်လည်း အခွန်ရငွေ တိုးတက်ရရှိရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ကောက်ခံသင့်ကောက်ခံထိုက်သော အခွန်များကို ထိထိရောက်ရောက် ကောက်ခံနိုင်ရေးကြိုးပမ်းဆောင်ရွက်မှုများကို ယခုထက်ပိုမို အရှိန်မြှင့်တင် ဆောင်ရွက်သွားရန် လိုနေကြောင်းလည်း တိုက်တွန်းထားပါသေးသည်။ ဒီမိုကရေစီ နိုင်ငံများတွင် အခွန်ရငွေသည် အဓိကဝင်ငွေဖြစ်ပြီး နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် အခြေခံအကျဆုံးသော မောင်းနှင်အားတစ်ရပ်ဖြစ်ခြင်း၊ ပြည်ထောင်စု၏ အခွန်အကောက်ရငွေ တိုးတက်လျက်ရှိသော်လည်း အခွန်ရငွေနှင့် ဂျီဒီပီ အချိုး ၁၁ ရာခိုင်နှုန်းပင် မပြည့်မီခြင်း၊ လျော့ကျနေခြင်း၊ အာဆီယံနိုင်ငံများတွင် အနည်းဆုံးဖြစ်နေခြင်း၊ အက်ဖ်တာ (AFTA- အာရှလွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူစာချုပ်) စာချုပ်အရလည်းကောင်း၊ အာဆီယံ တံခါးတစ်ပေါက်စနစ် (Singal Window) အရလည်းကောင်း၊ အကောက်ခွန်နှုန်းထား လျှော့ချမှု အစီအစဉ်ကို လိုက်နာဆောင်ရွက်ခြင်း စသည်တို့ကြောင့် အခွန်အကောက်ရငွေများ လျော့နည်းကျဆင်းနေခြင်း၊ သွင်းကုန်ဆိုင်ရာ ဖြေလျှော့ပေးမှုနှင့် မော်တော်ယာဉ်ဆိုင်ရာ မူဝါဒများကြောင့် သွင်းကုန်အတွက် လိုင်စင်ခများ လျော့နည်းကျဆင်းနေခြင်းအတွက် ဖြည့်ဆည်းရရှိရန် လိုအပ်ခြင်းများ ရှိနေကြောင်းကိုလည်း ပြည်သူ့ငွေစာရင်း ပူးပေါင်း ကော်မတီက အစီရင်ခံစာထဲတွင် ဖော်ပြထားသည်။

ထို့ပြင် အခွန်အခရငွေအားလုံးသည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျကြောင်းကိုလည်း ဖော်ပြထားသည်။ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် ကောက်ခံရရှိမှုပုံမှန်တိုးတက်နေကြောင်းကိုလည်း ဖော်ပြထားသည်။ ထိုသို့ တိုးတက်ရရှိခြင်းသည် ကုန်သွယ်လုပ်ငန်းခွန် အခြေကျယ်ပြန့်ပြီး နိုင်ငံ၏ ပကတိအခြေအနေအရ သင့်တင့်သော နှုန်းထားများဖြင့် ကောက်ခံနေခြင်းနှင့် အထူးကုန်စည်ခွန်တွင်လည်း ရသင့်ရထိုက်သော အခွန်ငွေများရရှိရန် ကြိုးပမ်းဆောင်ရွက်နေခြင်းတို့ကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။ သို့သော် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ယူမှုအတွက် ကောက်ခံသည့် အခွန်ငွေများကတော့ ကျဆင်းနေသည်။ ယင်းကလည်း ကမ်းလွန်လုပ်ကွက်များ၏ သက်တမ်း ကြာမြင့်လာမှုကြောင့် ထုတ်လုပ်မှု ကျဆင်းလာရခြင်းနှင့်အတူ အခွန်ရငွေလည်း တဖြည်းဖြည်း လျော့နည်း ကျဆင်းလာလျက်ရှိသည်ကို တွေ့နေရကြောင်း ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီက အခွန်ရငွေတိုးတက်လာရေး အစီရင်ခံစာပြုစုထုတ်ပြန်ခဲ့ရာတွင် အခွန်ရပေါက်ရလမ်း လျော့နည်းကျဆင်းစေသော တရားမဝင်ကုန်သွယ်မှု၊ တရားမဝင်ကုန်စည်ပစ္စည်း ထုတ်လုပ် ရောင်းဝယ်ဖောက်ကားမှုများကို ပြည်ထောင်စုအစိုးရအနေဖြင့် ပြင်းပြင်းထန်ထန် အရေးယူ ဆောင်ရွက်ရမည်ဟု ဝေဖန်မှုများ ပေါ်ပေါက်နေသည်။ နေ့စဉ်နှင့်အမျှ အမြဲတမ်းဂိတ်စခန်းများဖြစ်သော ရေပူနှင့် မရမ်းချောင် စစ်ဆေးရေးစခန်းများတွင် တရားမဝင် ကုန်ပစ္စည်းများ ဖမ်းဆီးရမိနေသည့် သတင်းများကလည်း ပေါ်ထွက်နေသည်။ အကောက်ခွန်ဦးစီးဌာနက အထောက်အထားမဲ့ ခိုးသွင်း ခိုးထုတ်နေသော ကုန်စည်များ မကြာခဏ ရှာဖွေဖမ်းဆီး ရမိနေသည်များလည်း ရှိနေသေးသည်။ ယင်းတို့သည် တိုင်းပြည်၏ အခွန်ဘဏ္ဍာငွေ နစ်နာဖွယ်ရာများ ဖြစ်နေသည်။ တိုင်းပြည်အတွက် အခွန်ဘဏ္ဍာငွေ နစ်နာခြင်းသည် ပြည်သူလူထုအတွက် ဖွံ့ဖြိုးတိုးတက်ရေး အနှောင့်အယှက်ပေးခြင်း တစ်မျိုးဖြစ်သည် သို့မဟုတ် နိုင်ငံနှင့် လူမျိုးအပေါ် အဖျက်အမှောင့် လုပ်ငန်းလုပ်နေခြင်းမျိုး ဖြစ်သည်ဟု ပြောနိုင်သည်။

အမှန်တော့ နိုင်ငံတော်အတွင်း နေထိုင်ကျသည့် နိုင်ငံသားအားလုံး မိမိနှင့်ထိုက်တန်သည့် အခွန်ဘဏ္ဍာငွေ ပေးဆောင်ရခြင်းသည် နိုင်ငံ့သားကောင်းပီသရေးအတွက် ဂုဏ်ဖော်စရာ တစ်ချက်ပင်ဖြစ်သည်။ နိုင်ငံသားအချင်းချင်း၊ စီးပွားပြိုင်ဖက်အချင်းချင်း ဂုဏ်တုဂုဏ်ပြိုင် ပြိုင်ချင်းပြိုင် အခွန်တာဝန်ကျေပွန်ခြင်း၊ အခွန်ပေးဆောင်နိုင်မှု ပမာဏ အနည်းအများချင်း ပြိုင်ဆိုင်သင့်သည်။ နိုင်ငံသားတစ်ဦး သို့မဟုတ် လုပ်ငန်းရှင်တစ်ဦး ဝင်ငွေခွန် ကျေပွန်အောင် ထမ်းဆောင်ခြင်းသည် မိမိ၏ ဥစ္စာခနကို တိုင်းပြည်ကို လှူဒါန်းခြင်းဖြစ်သည်။ မိမိ၏ စည်းစိမ်ချမ်းသာကို ပြည်သူလူထုအား ပြန်မျှပေးခြင်းဖြစ်သည်ဟု မြင်သင့်ပါသည်။ နိုင်ငံတော်အား အခွန်ပေးဆောင်စေခြင်း သဘောကိုက နိုင်ငံအတွင်း ဆင်းရဲချမ်းသာ ကွာဟမှု ကျဉ်းမြောင်းသထက် ကျဉ်းမြောင်းစေရန် ထိန်းညှိပေးခြင်း သဘောပင်ဖြစ် သည်။ ယင်းသဘောလေးလောက်ကိုပင်လျှင် မပေါက်နိုင်ကျသေးသော လုပ်ငန်းရှင်ကြီးအချို့ ရှိနေသည်။ လက်ရှိကာလတွင် အခွန်တိမ်းရှောင်မှု၊ အခွန်ထိမ်ချန်မှုများ မသိမသာ ဆိုးရွားနေပါသေးသဖြင့် ထိုအဖြစ်များပပျောက်ရေး ပညာပေးမှု အရှိန်မြှင့် တင်တော့မည်ဆိုလျှင် အခွန်မဆောင်လျှင် အဒိန္နဒါနမြောက်သည်ဟု သီလနှင့် ကိုင်ပေါက်ပြီး ခြိမ်းခြောက် ပြောဆို စည်းရုံးဖို့ လိုလာမည်ဖြစ်ကြောင်း သုံးသပ်ရေးသားလိုက်ရပါသည်။

Commerce ကာတွန်း



## ကယားပြည်နယ်တွင် ပဲစားသုံးမှုမြှင့်တင်ရေးအထောက်အကူပြု ဆင့်ပွားသင်တန်းဖွင့် လှစ်

ကယားပြည်နယ်မှ ထွက်ရှိတဲ့ ပဲများအား တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ပဲစားသုံးမှုမြှင့်တင်ရေးဆင့်ပွားသင်တန်းကို မတ် ၈ ရက်က ကယားပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးတွင် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ ပြည်နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ပဲကုန်သည်များ၊ သတင်းမီဒီယာများ စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ပါတယ်။

အဆိုပါ ဆင့်ပွားသင်တန်းတွင် ပြည်နယ်ဦးစီးမှူးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပဲစားသုံးမှုမြှင့်တင်ရေး အထောက်အကူပြုသင်တန်းတက်ရောက်ခဲ့သော အငယ်တန်းစာရေး ဒေါ်သက်မာအောင်က ပဲစင်းငုံမစ်ရိုတ်ပြုလုပ်နည်း၊ အချိုမှုန့်အစားထိုး ဟင်းခတ်မှုန့် ပြုလုပ်နည်းကိုလည်းကောင်း၊ အငယ်တန်းစာရေး ဒေါ်အေးအေးမော်က ပဲတီစိမ်းအကြော် ကြော်နည်း၊ ပဲတီစိမ်း(ပဲနှပ်) ပြုလုပ်နည်းများကို လက်တွေ့သရုပ်ပြသ၍ ပဲမျိုးစုံစားသုံးခြင်း၏ ကျန်းမာရေး အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ပြီး ပဲမျိုးစုံတန်ဖိုးမြှင့် ထုတ်လုပ်နည်း လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါတယ်။

**မြို့ရိ (စားသုံးသူ၊ကယား)**

# ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးလိုအပ်ချက် ပေါင်းစပ်ညှိနှိုင်းရေး ဆွေးနွေးပွဲကျင်းပ

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဦးဆောင်သော ကော်မတီဝင်များနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များပါဝင်သော တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က မုံရွာစက်မှုဇုန်ခန်းမတွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ကော်မတီဥက္ကဋ္ဌက နိုင်ငံ၏ GDP တွင် အစိုးရကဏ္ဍမှ ၂၅ ရာခိုင်နှုန်းသာပါဝင်ပြီး ပုဂ္ဂလိကကဏ္ဍမှ ၇၅ ရာခိုင်နှုန်းရှိသည့်အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဖော်ဆောင်ခြင်းဖြင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ GDP ကျပ်မီလီယံ ၉၁၀၀၀ အနက် စစ်ကိုင်းတိုင်းဒေသကြီး၏ပါဝင်မှုသည် ဆယ်ပုံတစ်ပုံပါဝင်ကာ လယ်ယာကဏ္ဍသည် ၃၀ ရာခိုင်နှုန်းနှင့် စက်မှုကဏ္ဍ၊ ကုန်သွယ်မှု ကဏ္ဍတို့သည် ၂၅ ရာခိုင်နှုန်းခန့်စီ ပါဝင်တာကိုတွေ့ရကြောင်း၊ တိုင်းအတွင်း လုပ်ငန်းအမျိုးအစား ကြီး၊ လတ်၊ ငယ် လုပ်ငန်းပေါင်း ၄၅၀၀ ကျော်ရှိရာ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးရမည့် ဧရိယာများဖြစ်ကြောင်း၊ ယခုဆိုလျှင် လယ်ယာဖွံ့ဖြိုးရေးချေးငွေအပြင် အစိုးရ၊ ပုဂ္ဂလိက ဘဏ်ချေးငွေများ၊ two step loan ချေးငွေများဖြင့် SME ချေးငွေဟူ၍ ချေးငွေလမ်းကြောင်းပိုမိုလာခဲ့ပြီဖြစ်သဖြင့် အရင်းအနှီးငွေကြေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်နေပြီဖြစ်ကြောင်း၊ ချေးငွေအတိုးနှုန်းသည် နိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသည့် အပ်ငွေပေါ်တွင်ပေးသည့် အတိုးနှုန်း ရှစ်ရာခိုင်နှုန်းအောက် လျော့နည်းသတ်မှတ်မရသည်ကိုနားလည်ပြီး ချေးငွေချေးခြင်း၏ ရည်ရွယ်ချက်ဖြစ်သော လုပ်ငန်းတိုးချဲ့အောင်မြင်အောင် ဆောင်ရွက်ခြင်းမှလွဲ၍ ရင်းနှီးမြှုပ်နှံမည့် ငွေကြေးကို အခြားနည်း အသုံးပြုခြင်း မရှိအောင် ငွေကြေးစီမံခန့်ခွဲမှုစနစ်ကျဖို့လိုအပ်ကြောင်း၊ ချေးငွေပြန်လည်ပေးဆပ်နိုင်ခြင်းမရှိသည့် ဆုံးရှုံးမှု မဖြစ်စေရေးအတွက် ချေးငွေလျှောက်ထားလိုပါက လိုအပ်သော အချက်အလက်များနှင့် စည်းကမ်း သတ်မှတ်ချက်များကိုတော့ အလေးထား လိုက်နာရမည်ဖြစ်ကြောင်း၊ စီးပွားရေးအလားအလာကောင်းများရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးရှိ လုပ်ငန်းရှင်များ လိုအပ်နေသည့်အချက်များကို သိရှိပေါင်းစပ်ညှိနှိုင်းပေးခြင်းဖြင့် အောင်မြင်သည့် လုပ်ငန်းတွေဖြစ်စေလိုကြောင်း ပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ လုပ်ငန်းရှင်များက လုပ်ငန်းအခြေအနေ၊ ချေးငွေလိုအပ်ချက်၊ တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာ လုပ်ငန်းကော်မတီဝင်များ၊ သက်ဆိုင်သည့် ဌာနဆိုင်ရာများမှ ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**ရီလင်းထွန်း(မုံရွာ)**

# မန္တလေးတက္ကသိုလ်နှင့် ဆွီဒင်နိုင်ငံတက္ကသိုလ်တို့ ပညာရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကျင်းပ

မန္တလေးတက္ကသိုလ်သည် ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးကို အထောက်အကူပြုမည့် သုတေသနလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရေး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ပြည်ပနိုင်ငံများသို့ ပညာသင်စေလွှတ်ရေး၊ ပညာရပ်နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်ပတက္ကသိုလ်များနှင့် သင်ရိုးညွှန်းတမ်းများ အပြန်အလှန်ဖလှယ်ရေး၊ ဘာသာရပ်အလိုက် ဆွေးနွေးပွဲများနှင့် စာတမ်းဖတ်ပွဲများတွင် ပြည်ပပညာရှင်များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို ရည်ရွယ်ပြီး ပြည်ပတက္ကသိုလ်များနှင့် ပညာရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာ (MoU) များ ရေးထိုးလျက်ရှိသည်။

မန္တလေးတက္ကသိုလ်နှင့် ဆွီဒင်နိုင်ငံ Lund University တို့အကြား ပညာရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲကို မတ် ၅ ရက်က မန္တလေးတက္ကသိုလ် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပြီး မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းနှင့် ဆွီဒင်နိုင်ငံ Lund University မှ တာဝန်ရှိသူတို့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

မန္တလေးတက္ကသိုလ်အနေဖြင့် ဂျာမနီ၊ ဂျပန်၊ အင်္ဂလန်၊ ဆွစ်ဇာလန်၊ အမေရိကန်၊ ကိုရီးယား၊ ဩစတြေးလျ၊ အီတလီ၊ ဒိန်းမတ်၊ တရုတ်၊ ဟန်ဂေရီ၊ ထိုင်း၊ စင်ကာပူနိုင်ငံရှိ တက္ကသိုလ်များနှင့် နားလည်မှုချွန်လွှာ ၃၃ ခု လက်မှတ်ရေးထိုးထားခဲ့ပြီး ဆွီဒင်တက္ကသိုလ်နှင့်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းသည် ၃၄ ခုမြောက်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**

# ဆက်လက်အေးစက်နေသော ရန်ကုန်ကားဈေးကွက်

မတ်လဒုတိယပတ်အတွင်း ရောက်ရှိလာပြီး ရန်ကုန်လိုင်စင်ချမှတ်ပေးမည့် မူဝါဒတစ်ခုထွက်ပေါ်ရန်ရှိကြောင်း သတင်းကြားသိရချိန်မှအစပြု၍ ရက်သတ္တပတ်သုံးပတ်အတွင်းတွင် ရန်ကုန်ကားဈေးကွက်၏အခြေအနေမှာ စလစ်ကပ်ကားများအမေးနည်းလာပြီး ဖရီးပါမစ်အင်ဂျင်ပါဝါသေးကားများ ရောင်းသူများ၍ဝယ်သူနည်းကာ ပြည်တွင်းထုတ်ကားအချို့မှ အသုံးပြုပြီးကားအချို့သာအဝယ်အနည်းငယ်ရှိကြောင်း သိရသည်။

ရန်ကုန်ကားဈေးကွက်သာမက မန္တလေးမြို့ဈေးကွက်နှင့် အခြားနယ်မြို့များတွင်လည်း အဆိုပါအတိုင်းပင်ဖြစ်နေပြီး ဧပြီလဆန်းတွင်ထွက်ပေါ်လာမည့် ရန်ကုန်လိုင်စင်မူဝါဒတစ်ရပ်နှင့် အခွန်သက်သာခွင့်ပြုမည့် သတ်မှတ်ချက်များချမှတ်ရန်ရှိသည်ဟု ကြားသိရသဖြင့် ဝယ်လက်အများစုမှာ ဈေးကွက်စောင့်ကြည့်နေကြပြီး လတ်တလောမဖြစ်မနေအသုံးပြုရန် လိုအပ်သူများသာ ကားလေးများ၊ စလစ်ကပ်ကားစသည်ဖြင့် တစ်စီးစ၊ နှစ်စီးစသာဝယ်ယူတတ်ကြောင်း၊ လတ်တလောဈေးကွက်အခြေအနေမှာ ရောင်းချလိုသူများနေပြီး ဝယ်သူနည်းပါးနေကာ ရောင်းချသူများကလည်း လတ်တလောအကျဘက် အနည်းငယ်ရောက်နေသည့် ဈေးတန်းအရဈေးပြန်လည်ထိန်းညှိကာ ပြန်အရှာခက်/အဝယ်ခက်မည်ကိုစိုးရိမ်သဖြင့် တွေ့တွေ့ဆိုင်ဆိုင်မဟုတ်လျှင် အရောင်းအဝယ်မဖြစ်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်က ပြောသည်။

လက်ရှိ ရန်ကုန်သာမက အခြားဈေးကွက်များတွင် စလစ်ကပ်ကားများမှာ လူမေးအနည်းဆုံးဖြစ်နေပြီး ယခင်ကပွင့်လင်းရာသီ နွေပိတ်ရက်ရာသီရောက်လျှင် အရောင်းအဝယ်ကောင်းခဲ့သည့် ခရီးသွားကား ဖိုးဝိုးလ်ကားများမှာ ယခုကာလတွင် ရောင်းသူဝယ်ယူအပြန်အလှန်ဈေး အပေးအယူမှန်မှသာ (သို့) ဈေးအနည်းငယ်ကျဆင်းပေးမှသာ အနည်းငယ်အရောင်းအဝယ်ဖြစ်တတ်ကြောင်း၊ ကားလေးများမှာမူ ဧပြီလမူဝါဒထုတ်ပြန်လျှင် နယ်လိုင်စင်များ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရပ်နားခွင့် ညအိပ်ခွန်မြို့ဝင်ကြေး စသည်ဖြင့် အခွန်ဆောင်ရမည့်သတင်းများထွက်ပေါ်နေ၍ နယ်လိုင်စင်ကားများဈေးကွက်ပျောက်နေပြီး အမေးနည်းကာ ရောင်းသူ/ဝယ်သူညှိနှိုင်းနိုင်မှသာ တစ်စီးတလေ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ ရန်ကုန်နှင့် ကားဈေးကွက်တစ်ခုလုံး အခြေအနေမှာ ဧပြီလရောက်မှသာ ပြောင်းလဲလာမည့် မူဝါဒအခြေအနေကြည့်၍ စလစ်ကပ်ကားအပါအဝင် အဓိကလူအများမျှော်လင့်နေသည့် ရန်ကုန်လိုင်စင်ကားလေးများ ဈေးကွက်ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းများက သုံးသပ်ပြောကြားသည်။

**SN**

# စားသုံးသူရေးရာဦးစီးဌာန ဟသ်ာတခရိုင်ဦးစီးမှူးရုံးတွင် ပဲစားသုံးမှုမြှင့်တင်ရေး အထောက်အကူပြုသင်တန်းပြုလုပ်



စားသုံးသူရေးရာဦးစီးဌာန ဟသ်ာတခရိုင် ဦးစီးမှူးရုံးတွင် ဖေဖော်ဝါရီ ၂၈ ရက်က ပဲစားသုံးမှုမြှင့်တင်ရေး အထောက်အကူပြု ဆင့်ပွား သင်တန်းကို ကျင်းပခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန ဟသ်ာတခရိုင်ဦးစီးမှူး ဦးကြည်ဟန်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး လှည်းကူးမြို့ CTQM တွင် ပဲစားသုံးမှုမြှင့်တင်ရေး အထောက်အကူပြုနည်းပြ ရက်တိုသင်တန်း ၁/ ၂၀၁၈ ကို တက်ရောက်ခဲ့သော ဒုတိယဦးစီးမှူး ဦးမောင်မောင်မြတ်ခိုင်က ခရိုင်အတွင်းရှိ ဝန်ထမ်းများအား သင်တန်းပို့ချခဲ့ကာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ စားသုံးခြင်း၏ အကျိုးကျေးဇူးများ၊ ပြည်ပတင်ပို့မှုအပြင် အာဟာရဓာတ်ပြည့်ဝသော ပဲများကို စားသုံးမှုတိုးမြှင့်စေရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ပဲတီစိမ်းအခြမ်းနှပ်ပြုလုပ်ခြင်း၊ ပဲစင်းငုံ ဟင်းချိုချက်လုပ်နည်း၊ ပဲစင်းငုံသီးစုံဟင်းချက်လုပ်နည်း၊ အချိုမှုန့် အစားထိုးပဲဖြင့် ပြုလုပ်သော ဟင်းခတ်မှုန့်ပြုလုပ်နည်း၊ ပဲကြာဆန်ပြုလုပ်နည်း၊ ပဲလမုန့် ပြုလုပ်နည်း၊ မြန်မာလူမျိုးများ ကြိုက်နှစ်သက်သော လက်ဖက်နှင့် တွဲဖက်စားသုံးရာတွင် မရှိမဖြစ်အသုံးပြုသော နှစ်ပြန်ကြော်နေရာတွင် အစားထိုးစားသုံးနိုင်သည့် ပဲတီစိမ်း(ပဲဝါလေး) ကြော်နည်း၊ ပဲရွှေကြည်ဆနွင်းမကင်းပြုလုပ်နည်း၊ ပဲစင်းငုံဖျော်ရည်ပြုလုပ်နည်းများ လက်တွေ့စာတွေ့ ရှင်းလင်းပို့ချခဲ့ကြောင်းနှင့် သင်တန်းသို့ ဟသ်ာတခရိုင်အတွင်းရှိဝန်ထမ်း ၂၉ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**ရွှေဟသ်ာ**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အေဒီဗင် (၂၀၁၁) | ယာယီ | ၂၃၀ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ဟိုင်းလက်ဆပ်(ဗ်) (၂၀၀၁) | J | ၃၄၀ သိန်း | 2.4 ဒီဇယ်ဆီ၊ ရန်ကုန်လိုင်စင် |
| ၃။ | ပရိုဘောက် (၂၀၀၇) | H | ၁၂၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | အာဗီအာ (၂၀၁၁) | ယာယီ | ၃၉၀ သိန်း | 1.83 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဟွန်ဒါဖစ်(ရှပ်တဲလ်) (၂၀၁၃) | ယာယီ | ၂၇၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ဟွန်ဒါဖစ် (၂၀၁၂) | ယာယီ | ၂၅၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ကလူဂျာ (၂၀၀၆) | ယာယီ | ၄၇၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန်၊ ခုံ(၃) တန်း |
| ၈။ | အာလ်ဖတ် (၂၀၀၃) | H | ၃၆၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (ရန်ကုန်) | | ၁၂၂ သိန်း | ကားကောင်း |

# အာရပ်စော်ဘွားများနိုင်ငံ ဒူဘိုင်းမြို့၌ EXPO 2020 Dubai ပြပွဲနှင့်စပ်လျဉ်း၍ တက္ကသိုလ်ကျောင်းသားများအတွက် Creative Youth Programme တွင် ဒီဇိုင်းပြိုင်ပွဲများကျင်းပမည်

၂၀၂၀ ခုနှစ်တွင် အာရပ်စော် ဘွားများနိုင်ငံ ဒူဘိုင်းမြို့၌ ၆ လကြာ ကျင်းပမည့် EXPO 2020 Dubai ပြပွဲ နှင့်စပ်လျဉ်း၍ တက္ကသိုလ်ကျောင်းသား များအတွက် Creative Youth Programme တွင် ဒီဇိုင်းပြပွဲများ ပါဝင်ယှဉ်ပြိုင် နိုင်ကြောင်း သိရှိရပါသည်။

အဆိုပါပြိုင်ပွဲ၏ဦးတည်ချက်မှာ တက္ကသိုလ်ကျောင်းသားများ၏ ဒီဇိုင်း ပညာဖြင့် တီထွင်ဖန်တီးမှုကို အဓိက ထားပြီး ပြိုင်ပွဲဝင်တက္ကသိုလ်ကျောင်း သားအဖွဲ့များအနေဖြင့် တီထွင်ဖန်တီး မှု၊ မိမိနိုင်ငံ၏သမိုင်းကြောင်း၊ ယဉ်ကျေး မှု၊ နိုင်ငံ၏ဦးစားပေးကဏ္ဍများ၊ ဖွံ့ဖြိုး မှုနှင့်ပတ်သက်သည့် စိန်ခေါ်မှုများကို ဖော်ဆောင်ပြသရမည်ဖြစ်သည်။ ဆုရ ဒီဇိုင်းများကို EXPO 2020 Dubai ပြပွဲ တွင် မြန်မာနိုင်ငံကိုယ်စားပြု ပြခန်း၏ အတွင်းဒီဇိုင်းများအဖြစ် ဖော်ပြခြင်း ခံရမည်ဖြစ်သည့်အပြင် ဆုငွေလည်း ချီးမြှင့်ပေးမည် ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်မည့် တက္ကသိုလ် ကျောင်းသားများအနေဖြင့် အသေး စိတ်အချက်အလက်များကို webpage: www.expo2020dubai.com/ creative-youth-programme တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ဒီဇိုင်းပညာရှင်/ တီထွင်ဖန်တီး သူ သုံးဦး (သို့) လေးဦးဖြင့် National Steering Committee ကို ဖွဲ့စည်း၍ ရွေးချယ်သွားမည်ဖြစ်ပြီး ဆန်ကာတင် ဒီဇိုင်းပုံစံများကို ဇွန်လ ၂၀ ရက်တွင် Participant Portal တွင်Upload တင်၍ ပေးပို့ရမည် ဖြစ်သည်။

EXPO 2020 Dubai ပြပွဲနှင့်စပ် လျဉ်း၍ ပြပွဲကာလအတွင်း တက္ကသိုလ် ကျောင်းသားများကိုလည်း ပြပွဲကော် မတီမှ လိုအပ်ပါက လမ်းညွှန်ခြင်း၊ ပံ့ပိုး ခြင်းများပြုလုပ်ပေးမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါပြပွဲနှင့်စပ်လျဉ်း ၍ တက္ကသိုလ်ကျောင်းသားများ Creative Youth Programmeတွင်ပါဝင် ယှဉ်ပြိုင် နိုင်ကြောင်း၊ လေ့လာသိရှိလိုပါက www.expo2020dubai. com/ creative-youth-programme သို့ဝင်ရောက်ကြည့် ရှုနိုင်ကြောင်းနှင့် စိတ်ပါဝင်စားပါက မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း-၀၆၇ ၄၃၀၄၄၆, ၄၃၀၄၄၇၊ ဖက်စ်- ၀၆၇ ၄၃၀၁၂၈ ၊ E-mail: moctradefair@gmail.com သို့လည်းကောင်း၊ မြန်မာ ကုန်သွယ်မှုဗဟိုဌာန(ရန်ကုန်မြို့) ဖုန်း- ၀၁ ၂၅၄၀၂၄၊ ဖက်စ်-၀၁ ၂၅၄၀၂၃ သို့ လည်းကောင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆုမွန်သိန်း (TD)**

# ဧရာဝတီတိုင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း တွေ့ဆုံ ဆွေးနွေးပွဲနှင့် အမှုဆောင်သစ်ရွေးချယ်ခြင်း အခမ်းအနားကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်း၏ သင်းလုံးကျွတ် တွေ့ဆုံဆွေးနွေးပွဲနှင့် အမှုဆောင်အသစ် ရွေးချယ်တင်မြှောက် ခြင်း အခမ်းအနားကို မတ် ၃ ရက်က ပုသိမ်မြို့ မြို့တော်ခန်းမတွင် ကျင်းပခဲ့ ရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူ ရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်း သိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီး မှူး ဦးဌေးလွင်၊ စားသုံးသူရေးရာ ဦးစီး ဌာန ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်၊ ဧရာဝတီကုန်သည်များနှင့် စက်မှုလက် မှုလုပ်ငန်းရှင်များအသင်း (ARCCI) ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ တိုင်းရော်ဘာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် EC/ CEC များ၊ တိုင်းအတွင်းရှိ အသင်းဝင် များ၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်း ဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန ဝန်ကြီးဦးတင်အောင် ဝင်းက အဖွင့်အမှာစကား ပြောကြား ခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ တိုင်းဦးစီးမှူး ဦးဌေးလွင်က ရော်ဘာ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။ ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်က တိုင်းဒေသကြီး ရော်ဘာအသင်းကို သင်းဖွဲ့စည်းမျဉ်းစည်းကမ်းများနှင့် အညီ စနစ်တကျဖွဲ့စည်း၍ ရော်ဘာ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပြည်ပပို့ကုန် တိုးမြှင့် တင်ပို့နိုင်ရေး၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်း များ ပိုမိုဖွံ့ဖြိုးတိုးတက်စွာ လုပ်ကိုင် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ပကုမ္ပဏီ များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ သက်ဆိုင်ရာ ဌာနဆိုင်ရာဌာနများနှင့်လည်း ပေါင်းစပ် ညှိနှိုင်း၍ မိမိတို့ဌာနမှလည်း ပူးပေါင်း ပါဝင် ကူညီဆောင်ရွက်သွားမည် ဖြစ် ကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာ သော လုပ်ငန်းရှင်များ၏ သဘောထား ဆန္ဒနှင့်အညီ ဧရာဝတီတိုင်းဒေသကြီး ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌအဖြစ် ဦးအောင်သိန်း၊ အတွင်း ရေးမှူးအဖြစ် ဦးရာဇော်လင်း၊ ဘဏ္ဍာ ရေးမှူးအဖြစ် ဦးစိုးနိုင်တို့ကို ရွေးချယ်ဖွဲ့ စည်းခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

# စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေဖြင့် ဝယ်ယူသည့် စက်ကိရိယာများအား မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများသို့ ပေးအပ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် (မန္တလေးတိုင်းဒေသကြီးဘဏ်ခွဲ) စိုက်ပျိုးရေး နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း JICA (Two Step Loan)ချေးငွေဖြင့်ဝယ်ယူသည့် စက်ကိရိယာများ အား မန္တလေးတိုင်းဒေသကြီးအတွင်းရှိတောင်သူလယ်သမား များသို့ ပေးအပ်ပွဲ အခမ်းအနားကို မတ် ၇ ရက်က မန္တလေး ခရိုင် ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကျေးရွာတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှစ်ဆင့် ချေးငွေစီမံကိန်းချေးငွေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ လက်မှု လယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းရေး ဆောင်ရွက်ပေး မှုများအား ရှင်းလင်းပြောကြားကာ JICA Myanmar Office မှ ဒေသဆိုင်ရာတာဝန်ခံက ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင် ရွက်ပေးမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေး မြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဒေါက်တာစိုးသန်း နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူတို့က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူ များအား JICA ချေးငွေဖြင့် ဝယ်ယူသည့် လယ်ယာသုံး စက် ကိရိယာများအား တောင်သူလယ်သမားများထံ လွှဲပြောင်း ပေးအပ်ခဲ့ပြီး JICA ချေးငွေဖြင့် ရောင်းချနေသော လယ်ယာ သုံးစက်ကိရိယာများ ခင်းကျင်းပြသထားမှုများအား ကြည့်ရှု အားပေးခဲ့ကြသည်။ JICAချေးငွေယန်း ၁၅ ဒသမ ၁၃၅ သန်း ထည့်ဝင်ငွေဖြင့် တောင်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေး ကို အခြေခံသည့် လုပ်ငန်းများအတွက် စက်ကိရိယာများ ဝယ်ယူရန် နှစ်တိုချေးငွေ၊ နှစ်ရှည်ချေးငွေများအား အတိုးနှုန်း ရှစ်ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Vol: 18, No.11 Monday March 12 2018

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၁၂-၃-၂၀၁၈ မှ ၁၈-၃-၂၀၁၈ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများသည် အပြိုင်အဆိုင်အတိုက်အခိုက်များ ရှိနေတတ်သည်။ များပြားသောအမြတ်အစွန်းမရရှိသော်လည်း ထိုက်သင့်သော အမြတ်အစွန်းကို ရရှိနေတတ်ပါသည်။ ရာသီထွက်ကုန်ပစ္စည်းများ၊ ဆီထွက်သီးနှံများ၊ ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် စားသောက်ကုန်များ အကျိုးပေး ကောင်းနေတတ်ပါသည်။ ပညာရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးများ သင့်တင့် နေမည့်ကာလဖြစ်နေတတ်ပါသည်။ **ယတြာ။ ။မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများ တွင် ကျယ်မှုရှိနေမည်။ ဝါဂွမ်း၊ ချည်ထည်နှင့်အထည်အလိပ်များ၊ အထည်ချုပ်လုပ်ငန်းများ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်၍အကျိုးပေးကောင်းနေလိမ့်မည်။ ပညာရေးကံကောင်းနေတတ်ပါသည်။ အချစ်ရေးတွင် ချစ်ခင်ကြင်နာမှုစိတ်ဝင်စားမှုတို့ကို ခံရတတ်ပါသည်။ ကျန်းမာရေးညံ့တတ်သောကာလဖြစ်သည့်အတွက် အနေအထိုင် အစားအသောက် သတိပြုဆင်ခြင်သင့်ပါသည်။ **ယတြာ။ ။ဘုရားတွင်ဂြိုဟ်ပြေန်ပြေလှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် အမြတ်အစွန်းနည်းပါးနေတတ်သည်။ လူ့အသုံးအဆောင်ပစ္စည်းများ၊ မိုဘိုင်းဖုန်းများနှင့် ဆက်သွယ်ရေးကိရိယာများ အကျိုးပေးကောင်းနေတတ်သည်။ ပညာရေးကို ကြိုးစားသင်ယူနေရမည်။ အချစ်ရေးတွင် အတုအယောင်များနှင့် ဆုံတွေ့ရတတ်သည်။ အိမ်ထောင်ရှိသူဖြစ်လျှင် စီးပွားရေးအဆင်မပြေမှုကြောင့် အိမ်တွင်းရေးပဋိပက္ခရှိနေတတ်သည်။ ကျန်းမာရေး မျက်စိနာခြင်း၊ မျက်ရိုးကိုက်ခြင်းတို့ကို သတိပြုသင့်ပါသည်။
**ယတြာ။ ။ဘုရားတွင်ရွှေထီး (၇)လက်လှူ၍ကံပွင့်ဂါထာရွတ်ဖတ်ပူဇော်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ရော်ဘာနှင့် ရော်ဘာထွက်ကုန်ပစ္စည်းများ၊ အလှပြုပြင်ရေးနှင့် အလှဆင်လုပ်ငန်းများ၊ အလှကုန်ပစ္စည်းများ အကျိုးပေးသည်။ ပညာရေးတွင် ဆေးပညာ၊ စက်မှုအင်ဂျင်နီယာပညာရပ်များ အကျိုးပေးသည်။ အချစ်ရေးတွင် မိမိမျှော်လင့်နေတတ်သူ၊ မိမိအား ချစ်စကားပြောစေရန် စောင့်စားနေတတ်သူ ရှိနေတတ်ပါသည်။ အိမ်ထောင်ရေး ပင်ပန်းမှုများ ရှိမည်။ ကျန်းမာရေးပုံမှန် အနေအထားရှိတတ်သည်။
**ယတြာ။ ။ထီလက်မှတ်များဝယ်၍ လက်ဆောင်ပေးပါ။**



**ကြာသပတေးသားသမီးများအတွက်** ယခုအချိန်ကာလသည် စီးပွားရေးကောင်းမွန်မည့်ကာလဖြစ်သည်။ အပေါင်းအသင်းဟောင်းများကလည်း အကောင်းဆုံးအကြံဉာဏ်ပေးခြင်း၊ ဆော်သြခြင်း၊ အားပေးခြင်းများပြုကြပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ဓာတုဗေဒပစ္စည်းများ အကျိုးပေးတတ်ပါသည်။ ပညာရေးကံကောင်းနေမည်။ အချစ်ရေးတွင် စိတ်ဝင်စားနေသူ၊ တကယ်ချစ်သောသူနှင့်တွေ့ရတတ်ပါသည်။ ကျန်းမာရေးတွင် သွေးအားနည်းရောဂါ၊ ဝမ်းပျက်ဝမ်းကိုက်ရောဂါဖြစ်တတ်သည်။
**ယတြာ။ ။ ဖိနပ်လှူပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းခွင်စည်းစနစ်ကျနစွာဖြင့် စီးပွားရေးအရှိန် အဟုန်မြင့်မားလာရန် ကြိုးစားနေရတတ်သည်။ ပုလဲနှင့် ကျောက်မျက်ရတနာများ အကျိုးပေး အားကောင်းနေတတ်ပါသည်။ ပညာရေးတွင် မှတ်ဉာဏ်အတွေးအခေါ်ကောင်းများ ရှိနေတတ်ပါသည်။ အချစ်ရေးတွင် မထင်မှတ်မရည်ရွယ်သောသူကို တွေ့ရလိမ့်မည်။ အိမ်ထောင်ရေး စီးပွား ရှာဖွေစုဆောင်းမှုပြုနေရတတ်သည်။ ကျန်းမာရေးအနေဖြင့် အပူကြီးသော ဝေဒနာ၊ ဖျားနာခြင်း၊ အဆုတ်အားနည်းခြင်းတို့ ဖြစ်တတ်ပါသည်။
**ယတြာ။ ။ ဘုရားတွင် ဆွမ်းကိုသကြားနှင့်ကပ်လှူပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်မာ၊ ကုန်ခြောက်များ၊ ပွဲရုံလုပ်ငန်းများအကျိုးဖြစ်ထွန်းနိုင်သည်။ ပညာရေးတွင်လုပ်ငန်းခွင် ပညာရေးဖြစ်စေ၊ မည်သို့သောပညာရပ်မျိုးတွင်ဖြစ်စေ၊ စိတ်ဝင်စားမှုရှိလျှင် အောင်မြင်မှုများရတတ်သည်။ အချစ်ရေးတွင် ဘာသာမတူ၊ တိုင်းရင်းသားလူမျိုးတို့၏ ချစ်ခင်ခြင်းကို ခံရတတ်သည်။ ကျန်းမာရေးတွင် သင့်တင့်လျောက်ပတ်စွာ စားသောက်မည်ဆိုလျှင် ကြီးမားသော ရောဂါဝေဒနာ မဖြစ်ပေါ်တတ်ပါ။
**ယတြာ။ ။ သက်ကြီးရွယ်အိုများအား ဆေးဝါးလှူ၍ငွေကြေးထောက်ပံ့ပါ။**

## အိမ်သုံးလျှပ်စစ်ပစ္စည်းများ စမ်းသပ်စစ်ဆေးခြင်း သင်တန်းအမှတ်စဉ်(၁/၂၀၁၈)အား လှည်းကူး (CTQM) တွင် ဖွင့်လှစ်

အိမ်သုံးလျှပ်စစ်ပစ္စည်းများ စမ်းသပ်စစ်ဆေးခြင်း သင်တန်းအမှတ်စဉ် (၁/၂၀၁၈)ကို မတ် ၇ ရက်က လှည်းကူးမြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် အရည်သွေး စီမံခန့်ခွဲရေးဌာနခွဲ၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာစု (CTQM) တွင် ဖွင့်လှစ်ခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဝေနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် ရုံးချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ သင်တန်းသား/သင်တန်းသူများ စုစုပေါင်း ၃၀ ဦး တက်ရောက်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် အရည်သွေး စီမံခန့်ခွဲရေးဌာနခွဲမှ ညွှန်ကြားရေးမှူးက ၎င်းသင်တန်းကို စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် စားသုံးသူ အများပြည်သူများ နေ့စဉ်သုံးစွဲလျက်ရှိသော အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရေး၊ စားသုံးသူကာကွယ်ပေးရေးလုပ်ငန်းများအပေါ် အလေးထား လိုက်နာဆောင်ရွက်ခြင်းဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု ကျင့်စဉ်များ စွဲမြဲလာစေရေး၊ ဈေးကွက်အတွင်းရှိ အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့်ပတ်သက်၍ အငြင်းပွားတိုင်ကြားလာမည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများအား သတ်မှတ်စံချိန် စံညွှန်းကိုက်ညီမှု ရှိ/မရှိ အရည်အသွေးပြည့်မီမှု ရှိ/မရှိစစ်ဆေးဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ သည်။

ထို့နောက် စက်မှုဝန်ကြီးဌာန၊ လျှပ်စစ်စမ်းသပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနမှ သင်တန်းနည်းပြ ဖြစ်သော ဒုတိယညွှန်ကြားရေးမှူး ဦးခိုင်မြင့်က အိမ်သုံးလျှပ်စစ်ပစ္စည်းများ၏ နိုင်ငံတကာ ISO, IEC စံချိန် စံညွှန်းများနှင့် မြန်မာ့စံချိန်စံညွှန်းများ၊ လျှပ်စစ်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဘာသာရပ်များကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးအေးကိုက အိမ်သုံးလျှပ်စစ်ပစ္စည်းများ၏ Function Test နှင့် ဈေးကွက်အတွင်းရှိ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၏ အရည်အသွေးများအား စစ်ဆေးပုံ စစ်ဆေးနည်း ဘာသာရပ်ကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိသဲဖြူက အိမ်သုံးလျှပ်စစ်ပစ္စည်းများကို မီတာများဖြင့် လက်တွေ့ တိုင်းတာစစ်ဆေးခြင်း ဘာသာရပ်ကိုလည်းကောင်း စာတွေ့လက်တွေ့သင်ကြား ပို့ချခဲ့ကြသည်။

အဆိုပါ အိမ်သုံးလျှပ်စစ်ပစ္စည်းများ စမ်းသပ်စစ်ဆေးခြင်းသင်တန်းမှာ စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက် နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲမှ ပထမဆုံးအကြိမ် ကျင်းပပြုလုပ် သောသင်တန်းဖြစ်ပြီး မတ် ၇ ရက်မှ ၉ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။

**လှပို**
**(သတင်းနည်းပညာ/အရည်အသွေး)**

## MANDALAY EXPO & အီလက်ထရောနစ်၊ အလှကုန်၊ လူသုံးကုန်ပစ္စည်းပြပွဲကျင်းပ၊ ပြခန်း ၆၀ ကျော်ဖွင့်လှစ်၊ ကုမ္ပဏီများမှ အထူးနှုန်းဖြင့် မိတ်ဆက်ရောင်းချ





၂၀၁၈ ခုနှစ် MANDALAY EXPO & အီလက်ထရောနစ်၊ အလှကုန်၊ လူသုံးကုန်ပစ္စည်းကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၃ ရက်က မန္တလေးမြို့တော်ခန်းမ ကုန်စည်ပြပွဲမှုခ်ဦးရှေ့တွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာ ရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ Winner Econo mic Enterprise မှဒါရိုက်တာ မျိုးညွှန့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မန္တလေးမြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် ကုန်စည်ပြပွဲ ခင်းကျင်းပြသထားမှုများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

မန္တလေးကုန်စည်ပြပွဲ ၂၀၁၈ တွင် အီလက်ထရွန်းနစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အလှကုန်များ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ စာရေးကိရိယာများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိန္ဒိယနိုင်ငံမှ တင်သွင်းသော မော်တော်ဆိုင်ကယ်များ၊ ယာဉ်အပိုပစ္စည်းများ၊ စက်ဆီချောဆီများ အပါအဝင် ပြခန်းပေါင်း ၆၀ ကျော် ခင်းကျင်းပြသထားပြီး ကုမ္ပဏီများက ထုတ်ကုန်များအား မိတ်ဆက်ပြသ၍ အထူးနှုန်းဖြင့် ရောင်းချပေးရာ လာရောက်ဝယ်ယူလေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။

မန္တလေးကုန်စည်ပြပွဲကို မတ် ၃ ရက်မှ ၆ရက်အထိ နံနက် ၉ နာရီမှ ည ၈ နာရီထိ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ပြသရောင်းချခဲ့ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

## ဖျာပုံခရိုင်တွင် ပဲစားသုံးမှုမြှင့်တင်ရေး အထောက်အကူပြုသင်တန်း အမှတ် (၁/၂၀၁၈) ဆင့်ပွားသင်တန်းပို့ချ

ဖျာပုံခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီ ၂၈ ရက်က ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်ရှိ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများအား ပဲစားသုံးမှုမြှင့်တင်ရေး အထောက်အကူပြုသင်တန်းအမှတ် ၁/၂၀၁၈ ဆင့်ပွား သင်တန်း ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာန (CTQM) လှည်းကူးတွင် ဖေဖော်ဝါရီ ၁၉ ရက် မှ ၂၁ ရက်ထိ သင်တန်းတက်ရောက်ခဲ့သူ ဒုတိယမြို့နယ်တာဝန်ခံ ဦးမင်းဇော်က စာတွေ့လက်တွေ့သင်ကြားခဲ့ပြီး ပဲစင်း ငုံလှော်နည်းနှင့် ပဲစင်းငုံမစ်ရှိတ်ပြုလုပ်နည်းကိုလည်းကောင်း၊ မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းတို့ဖြင့် ပြုလုပ်သည့် ပဲစင်း ငုံသီးစုံဟင်း၊ ဟင်းချို၊ ဆန္ဒင်းမကင်း၊ မတ်ပဲဘယာကြော်၊ ပဲတီစိမ်း(ပဲဝါလေး)ကြာဆန်ဟင်းချို၊ ပဲတီစိမ်းခြမ်းကြော်တို့ကိုလည်းကောင်း၊ ပဲစင်းငုံဖြင့် ပြုလုပ်သည့် အာဟာရမုန့်၊ အချိုမုန့်၊ အစားထိုးဟင်းခတ်မှုန့်၊ ပဲရွှေကြည်၊ ပဲစင်းငုံခေါက်ဆွဲ၊ ပဲစင်းငုံဖျော်ရည်၊ ပဲကြာဆန်၊ ပဲတို့ဟူးကြော်၊ ပဲချောင်း အစပ်/အဆိမ့် ပြုလုပ်နည်းနှင့် ပဲစင်းငုံ အခြေခံကွတ်ကီးမုန့် ပြုလုပ်နည်းများကို ဆင့်ပွားသင်ကြားပို့ချခဲ့သည်။ ထိုသင်တန်းသို့ ဖျာပုံခရိုင်အတွင်းရှိ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်း ၃၂ ဦး တက်ရောက်ကြောင်း သတင်း ရရှိသည်။ **မင်းဇော်မွန်(ဖျာပုံ)**

# ကုမ္ပဏီမှတ်ပုံတင်ကြေးကို လက်ရှိပမာဏထက် နည်းအောင်လျှော့ချမည့် လုပ်ငန်းစဉ်ကို ဧပြီ ၁ ရက်တွင် စတင်မည်

ကုမ္ပဏီမှတ်ပုံတင်ကြေးကိုလက်ရှိသတ်မှတ်ထားသည့် ကျပ် ၅သိန်းထက်နည်းသောပမာဏအထိ လျှော့ချမည့် လုပ်ငန်းစဉ်များကို ဧပြီ ၁ ရက်မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ သတ်မှတ်နှုန်းထားလျှော့ချရခြင်းမှာ လုပ်ငန်းများ စတင်ချိန်တွင် ကုန်ကျစရိတ်ကြီးမြင့်ခြင်းမရှိစေရန်၊ လုပ်ငန်းအသေးများ မှတ်ပုံတင်ကြေးလျှော့နည်းပြီး ကုမ္ပဏီကိုလွယ်ကူစွာ ထူထောင်နိုင်ရန်နှင့် တရားဝင်ကဏ္ဍထဲတွင် ပါဝင်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က "ကုမ္ပဏီ မှတ်ပုံတင်ကြေးလျှော့ဖို့ကို ဧပြီ ၁ ရက်နေ့စမယ်။ အစီအစဉ်တွေရှိတယ်။ ထုတ်ပြောဖို့က စောသေးတယ်။ ၅ သိန်းထက် နည်းမယ်။ အဓိက,က Starting Business လုပ်ငန်းစမယ့်သူတွေအဆင်ပြေအောင်လို့ လုပ်တာပါ"ဟု ပြောသည်။

ကုမ္ပဏီ မှတ်ပုံတင်ကြေးမှာ ယခင် ကျပ် ၁၀ သိန်း ပေးသွင်းရခြင်းမှ ၂၀၀၆ ခုနှစ်အကျော်တွင် ကျပ် ၅ သိန်းကျော် ပေးသွင်းခဲ့ရပြီး ယခုတစ်ကြိမ်တွင် ကျပ် ၅ သိန်းအောက် ထပ်မံလျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။

# ပင်လယ်စာနှင့် အကင်များကို စျေးသက်သာစွာရနိုင်မည့် Zone BBQ အကင်ဆိုင်

ဘတ်ဂျက် ချွေတာလိုသူများအတွက် ပင်လယ်စာနှင့် အကင်များကို စျေးသက်သာစွာရရှိနိုင်မည့် Zone BBQ အကင်ဆိုင်ကို အနောက်ရွှေဂုံတိုင်လမ်းရှိ အမှတ် (၂၈၁-က) တွင် မတ် ၃ ရက်က ဖွင့်လှစ်ခဲ့သည်။

"ကျွန်တော်တို့ ဒီဆိုင်လေးကို ဖွင့်ဖြစ်တာက သူငယ်ချင်း ၅ ယောက်စုပြီး လုပ်ခဲ့တာပါ။ သူငယ်ချင်း ၅ ယောက်ကလည်း ငယ်ပေါင်းတွေဖြစ်ပြီး အလုပ်တူတူလုပ်ဖို့အတွက် စဉ်းစားရင်း လူတိုင်းစျေးတန်တန်နဲ့ စားနိုင်အောင် ဒီဆိုင်လေးဖွင့်ဖြစ်တာပါ။ စားသုံးသူတွေအနေနဲ့ ဆိုင်ရဲ့အပြင်အဆင်ကို ကြည့်ပြီး တော့ စျေးကြီးမယ်လို့ထင်ရပေမယ့် လူတန်းစားမရွေး စားသုံးလို့ရနိုင်မယ့် စျေးနှုန်းတွေနဲ့ ဘတ်ဂျက်ဆိုင် စစ်စစ်ဖြစ်အောင် ရောင်းချပေးသွားမှာပါ။ ဒီဆိုင်မှာ ပင်လယ်စာကိုအဓိကထားပြီး ရောင်းချပေးသွားမှာပါ" ဟု ဆိုင်၏ ဆားဗစ်ပိုင်းတာဝန်ခံ ကိုစိုင်းလုံက ပြောသည်။

Zone BBQ သို့ လာရောက်သုံးဆောင်သောသူများအတွက် ဝန်ဆောင်မှုအနေဖြင့် စားသောက်ဖွယ်ရာများကို မှာယူနေစဉ်အတွင်း အပျင်းပြေစားသုံးနိုင်စေရန် ထောပတ်ပေါက်ပေါက်ဆုပ်ဖြင့်ဧည့်ခံမည်ဖြစ်ကြောင်း၊ စားသောက်ကုန်ကြမ်းများကိုလည်း ထိုင်းနိုင်ငံနှင့် တရုတ်ပြည်မှ အဓိကမှာယူခြင်းဖြစ်ပြီး အကင်များကို ကျပ် ၅၀၀ မှ စတင်ရောင်းချ၍ အခြားပင်လယ်စာများကို အမြင့်ဆုံး ကျပ် ၇၀၀၀ မှ အနိမ့်ဆုံး စျေးနှုန်း ကျပ် ၃၀၀၀ ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆိုင်ဖွင့်ပွဲသို့ ကမ္ဘာ့လက်ဝှေ့ချန်ပီယံဖိုးသော်မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဖိတ်ကြားထားသော ဧည့်သည်တော်များလည်း တက်ရောက်ခဲ့ကြသည်။

■

# More & More ရွှေဆိုင်၏ ၁၀ နှစ်ပြည့်အခမ်းအနား ကျင်းပ

More & More ရွှေဆိုင်၏ ၁၀ နှစ်ပြည့်အခမ်းအနားနှင့် ပရိမိုးရှင်း အထူးစျေးရောင်းပွဲကို ရန်ကုန်မြို့ရှိ ဂျန်းရှင်းစီတီး ပရိမိုးရှင်းဧရိယာတွင် မတ် ၁ ရက်က ကျင်းပခဲ့ပါသည်။

အဆိုပါ ၁၀ နှစ်ပြည့်စျေးရောင်းပွဲတော်ကို More & More ရွှေဆိုင်၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်နှင်းလွင်မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပထမဦးဆုံးဝယ်ယူသူအယောက် ၁၀၀ အား အထူးပရိုမိုရှင်းအနေဖြင့် ၃ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ Special Promotion ပေးခဲ့သည့်အပြင် ပလက်တီနမ် လော့ကတ်သီးများ လက်ဆောင်ပေးခဲ့ကြောင်း သိရသည်။

More & More ရွှေဆိုင်၏ အဓိကအားသာချက်မှာ အများနှင့် မတူသော သက်သာသည့် စျေးနှုန်းများ၊ နောက်ဆုံးပေါ် ဆန်းသစ်လှပသော စိန်ထည်နှင့် ပလက်တီနမ်လက်ရာ ဒီဇိုင်းများ၊ ၁၈ ကာရက်စစ်စစ်ရွှေဖြူ (ပလက်တီနမ်) လက်ဝတ်ရတနာများ၊ ပျက်စီးသွားသောပစ္စည်းများအား အပျက်အစီးစျေးနှုန်း ထည့်မတွက်ဘဲ လက်ရှိပေါက်စျေးအတိုင်းပြန်လည်ဝယ်ယူသော ဝန်ဆောင်မှုများ၊ လဲလှယ်ခြင်းနှင့် ပြန်လည်ရောင်းချခြင်းအတွက် ဝန်ဆောင်မှုများ၊ B2B Plan ဖြင့် အရစ်ကျဝယ်ယူနိုင်မည့်အခွင့်အရေးများ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှ Order မှာယူနိုင်သည့်အစီအစဉ်များနှင့် ပစ္စည်းမှန်စျေးမှန်လက်လီ / လက်ကားရောင်းချနိုင်မည့် အစီအစဉ်များဖြင့် ဝန်ဆောင်မှုပေးနေခြင်း ဖြစ်ကြောင်း သိရသည်။

# ကယ်လီဖိုးနီးယားအခြေစိုက် Esprit Brand ကို ပြည်တွင်းရှိ Online Shopping မှတစ်ဆင့် ဝယ်ယူနိုင်

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားအခြေစိုက် Esprit Brand အမှတ်တံဆိပ်ကို ပြည်တွင်းရှိ အွန်လိုင်းရှော့ပင်းတစ်ခုဖြစ်သည့် Shop.com. mm မှတစ်ဆင့်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ အွန်လိုင်းမှဝယ်ယူနိုင်အောင် လုပ်ဆောင်ရခြင်းမှာ အွန်လိုင်းကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာသော ကြောင့်ဖြစ်ပြီး စျေးဝယ်သူများ လွယ်ကူစွာဝယ်ယူနိုင်စေရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ အွန်လိုင်းကုန်သွယ်မှုက တိုးတက်လာပါတယ်။ အဲဒါကြောင့် Esprit Brand ရဲ့ဖက်ရှင်ကို အချိန်နဲ့တစ်ပြေးညီ အွန်လိုင်းကနေ ဝယ်ယူနိုင်အောင် လုပ်ဆောင်တာပါ။ Shop.com.mm ကလည်း Brand တွေကို ရောင်းနေတာဖြစ်လို့ လက်တွဲခဲ့တာပါ။ အွန်လိုင်းကရောင်းချတာဖြစ်တဲ့အတွက် ပရိုမိုးရှင်းပေးနိုင်အောင် လုပ်ထားတယ်။ ပထမဆုံးဝယ်ယူသူ အယောက်၅၀ ကို တီရှပ်ဖရီးပေးဖို့လုပ်ထားပါတယ်။ Esprit Brand က နေ့စဉ်နေ့တိုင်းထသွား ထလာဝတ်လို့ရမယ့် ထုတ်ကုန်တွေကို ထုတ်တာပါ။ နောက်ပိုင်းမှာ ကလေးဝတ်တွေပါ တင်သွင်းသွားမှာပါ။ စျေးနှုန်းတွေကတော့ တစ်သောင်းဝန်းကျင်ကနေ နှစ်သိန်းအထိ ရှိပါတယ်။ ပရိုမိုးရှင်းကလည်း ဆိုင်မှာရှိသလို အွန်လိုင်းလည်း ရှိပါတယ်။ အွန်လိုင်းကို ပိုပေးသွားမှာပါ"ဟု Wai Sithu International ကုမ္ပဏီမှ Executive Director Ma Winnie Khine က ပြောသည်။

Esprit Brand ကို ပြည်တွင်းရှိ Wai Sithu International ကုမ္ပဏီမှ တစ်ဦးတည်းမူပိုင်တင်သွင်း ရောင်းချခြင်းဖြစ်ပြီး အရည်အသွေးမြင့် ကုန်ကြမ်းများဖြင့် အမျိုးသား၊ အမျိုးသမီး၊ ကလေးဝတ် အဝတ်အထည်များနှင့် အသုံးအဆောင်များကို ထုတ်လုပ်ရောင်းချနေသည့် အမှတ်တံဆိပ်တစ်ခု ဖြစ်သည်။

# HBT Fashion မှ Happy Chinese New Year 2018 ကံထူးရှင်များကို ရွေးချယ်ခဲ့

HBT Fashion ၏ Happy Chinese New Year 2018 ကံထူးရှင် ၉၀ ဦး ရွေးချယ်ပွဲကို အဆိုပါ HBT Fashion ဆိုင်တည်ရှိရာ ရန်ကုန်မြို့ ပြည်လမ်းမပေါ်ရှိ တော်ဝင်စင်တာ မြေညီထပ်တွင် မတ် ၃ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါကံထူးရှင်ရွေးချယ်ပွဲတွင် တက်ရောက်လာသည့် စာနယ်ဇင်းမီဒီယာများမှ ဆုမဲပေါင်း၉၀ ကို မဲနှိုက်ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။ ဆုမဲ ၉၀ အတွက် ရွှေဆွဲပြား ၁၈ ခုနှင့် ဗလာမပါဆုကြီး များ ပြန်လည်ရွေးချယ်ခြင်းကို မတ် ၁၀ ရက်တွင် Junction Square ရှိ ပရိုမိုးရှင်းဧရိယာတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

# အူရီဒူးမြန်မာမှ Mr. Alok Verma အား Chief Commercial Officer အဖြစ် အသစ်ခန့်အပ်

အူရီးဒူးမြန်မာမှ Mr. Alok Verma အား Chief Commercial Officer အဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

Alok သည်လုပ်ငန်းအတွေ့အကြုံ ၂၂ နှစ်ကျော်ရှိပြီး အိန္ဒိယနှင့် အာဖရိကတို့ရှိ Vodafone နှင့် Airtel ကဲ့သို့သော နိုင်ငံတကာကုမ္ပဏီကြီးများတွင် အရောင်း၊ စျေးကွက်ချဲ့ထွင်ရေးနှင့် သုံးစွဲသူဝန်ဆောင်မှုဌာနတို့တွင် Business Head တာဝန်အပါအဝင် လုပ်ငန်းများစွာကို တာဝန်ယူလုပ်ဆောင်ခဲ့သော ဆက်သွယ်ရေးလုပ်ငန်း အတွေ့အကြုံ ၁၄ နှစ်ကျော်ရှိကြောင်း သိရသည်။

"အူရီဒူးက သုံးစွဲသူတွေကို အထူးဂရုစိုက်၍ ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် လူထုနေ့စဉ်ဘဝ၏ အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လိုပါတယ်။ ဒီရည်မှန်းချက်ရဲ့ တစ်စိတ်တစ်ပိုင်းက မြန်မာနိုင်ငံမှာ အကောင်းဆုံး ဝန်ထမ်းအဖွဲ့ရှိရမှာ ဖြစ်ပါတယ်။ ကျွန်တော်က Alok ရဲ့ ကျွမ်းကျင်မှု၊ အတွေ့အကြုံနဲ့ စိတ်အားထက်သန်မှုအပေါ် ယုံကြည်ပါတယ်။ ဒီအချက်သုံးချက်ကြောင့် သူ့အနေနဲ့ အူရီဒူးမြန်မာအတွက် အဓိပ္ပာယ်ပြည့်ဝတဲ့ ပံ့ပိုးမှုတွေ ပေးအပ်နိုင်မှာပါ" ဟု အူရီဒူးမြန်မာ၏ CEO ဖြစ်သူ Mr. Vikram Sinha က ပြောသည်။

Alok သည် အိန္ဒိယနိုင်ငံ National Institute Of Technology, Surat မှ အင်ဂျင်နီယာဘွဲ့ကို ရရှိခဲ့ပြီး ဒေလီမြို့ရှိ Indian Institute Of Technology တွင် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့ MBA ကို ရရှိခဲ့ကြောင်း သိရသည်။

■

# Mitsubishi Royal Showroom အသစ် ဖွင့်လှစ်ပွဲ ကျင်းပ

Mitsubishi Royal Showroom အသစ်ဖွင့်ပွဲကို ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ Mitsubishi အရောင်းပြခန်းတွင် ကျင်းပခဲ့သည်။

အဆိုပါ အရောင်းပြခန်း ဖွင့်လှစ်သည့်နေ့ (မတ်လ ၃ ရက်)တွင် ဝယ်ယူအားပေးသော Customer များကို လျှော့စျေးအပြင် သတ်မှတ်ထားသော ကားအမျိုးအစားအလိုက် IPhone X လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

"ဆိုင်သစ်ဖွင့်တဲ့အနေနဲ့ အမေရိကန်ဒေါ်လာ ၅၀၀ လျှော့တာကို တစ်လသတ်မှတ်ပေးထားပါတယ်။ မစ်ဆူဘီရှီကားသစ်တွေကို အရစ်ကျစနစ်နဲ့ ဝယ်ယူနိုင်သလိုအသေးစိတ်သိလိုရင်အရောင်းပြခန်းကိုလာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်" ဟု မစ်ဆူဘီရှီအရောင်းပြခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင် မစ်ဆူဘီရှီကားသစ် New ASX(RVR) 2018 နှင့် Mirage 2017 တို့ကို အရောင်းပြခန်းတွင် ဝယ်ယူရရှိနိုင်ပြီး အရစ်ကျစနစ်ဖြင့်လည်း ဝယ်ယူနိုင်ကြောင်း သိရသည်။

ချောစု စုစည်းသည်

# အစိုးရ၏ အခွန်ကောက်ခံခြင်းအပေါ် ပြည်သူများ အကောင်းမြင်မှုရှိကြောင်း စစ်တမ်းတစ်စောင်ဖော်ပြ

နိုင်ငံတော်အစိုးရမှ အခွန်အကောက်များ ကောက်ခံမှုအပေါ် ပြည်သူများအနေဖြင့် တရားမျှတမှု ရှိသည်ဟု ယုံကြည်ထားကြောင်း Asia Foundation က ပြုစုထားသော မြန်မာနိုင်ငံ၏ အခွန်အကောက်များအပေါ် မြို့ပြနေ ပြည်သူများ၏ သဘောထားအမြင်စစ်တမ်းတွင် ဖော်ပြထားသည်။

အဆိုပါ သုတေသနစာတမ်းကို Asia Foundation နှင့် ရန်ကုန် နိုင်ငံရေးသိပ္ပံကျောင်းတို့ ပူးပေါင်းကာ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတား မြို့နယ်၊ သာကေတမြို့နယ်၊ မြောက်ဒဂုံမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နှင့် ရှမ်းပြည်နယ်တောင်ကြီးမြို့တို့ရှိပြည်သူ ၁၄၀၀ ဦးကို စစ်တမ်းကောက်ယူကာ ပြုစုရေးသားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စစ်တမ်းတွင် အဓိကအသုံးပြုခဲ့သော ဝင်ငွေခွန်အပေါ် ဖြေဆိုသူ ၇၀ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန်အပေါ် ဖြေဆိုသူ ၇၀ရာခိုင်နှုန်းနှင့် ပစ္စည်းခွန်အပေါ် ၇၂ရာခိုင်နှုန်းတို့က တရားမျှတမှုရှိသည်ဟု ဖြေဆိုခဲ့ကြကြောင်း သိရသည်။

“ပြီးခဲ့တဲ့ လွှတ်တော်အစည်းအဝေးမှာ အခွန်နဲ့ပတ်သက်ပြီးတော့ ဆွေးနွေးသွားတာရှိလို့ အခွန်ကိုပြည်သူတွေကြားမှာ ပိုပြီးတော့ သိလာတယ်။ အခွန်အကောက်တွေဟာ ကျန်းမာရေး၊ ပညာရေးတို့လို အများပြည်သူဝန်ဆောင်မှုတွေအတွက် ဘဏ္ဍာရေးအရထောက်ပံ့ပေးနိုင်တယ်။ အစိုးရအတွက် ရေရှည်တည်တံ့ခိုင်မြဲမယ့် ဘဏ္ဍာငွေအရင်းအမြစ်တစ်ခုဖြစ်သလို ပြည်သူနဲ့ အစိုးရကြား ပြုလုပ်ထားတဲ့ လူမှုပဋိညာဉ်တစ်ခုဖြစ်ပါတယ်”ဟု အဆိုပါစစ်တမ်းကိုရေးသားခဲ့သည့် Asia Foundation မှ မဟေမာန်ထွန်းက ပြောသည်။

အစိုးရအနေဖြင့်လည်း ပိုစတာများ၊ ပြည်သူလူထုနှင့် တွေ့ဆုံပွဲများကဲ့သို့သော သမားရိုးကျချဉ်းကပ်ပုံနည်းလမ်းများအပြင် လူမှုမီဒီယာ၊ မိုဘိုင်းအက်ပလီကေးရှင်းများကဲ့သို့သော သစ်လွင်သော ချဉ်းကပ်ပုံနည်းလမ်းများကို အသုံးပြုခြင်းဖြင့် ပြည်သူလူထုစိတ်ဝင်စားပြီး သုံးစွဲမှုဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ပြန် ဖော်ပြသင့်ကြောင်း၊ အခွန်များအပြင် အစိုးရတစ်ရပ်လုံးနှင့် သက်ဆိုင်သောသဘောထားအမြင်များ ကောင်းမွန်စေပြီး ပြည်သူလူထုလိုချင်သည့် သတင်းအချက်အလက်များကို ဖော်ပြထားသော အခွန်တောင်းခံသည့် ပြေစာအမျိုးအစားကို စမ်းသပ်သုံးစွဲသင့်ကြောင်း အဆိုပါစစ်တမ်းတွင် အကြံပြုထားသည်။

# SME လုပ်ငန်းများအတွက် ကမ္ဘောဇဘဏ်မှ One Stop SME Banking Center ဖွင့်လှစ်




အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း (SME)များအား ဘဏ္ဍာရေး အကူအညီပိုမိုပေးအပ်နိုင်ရန် ကမ္ဘောဇဘဏ်မှ One Stop SME Banking Center ကို ရန်ကုန်မြို့၊ မင်းရဲကျော်စွာလမ်းရှိမင်းရဲကျော်စွာ Business Building တွင် မတ် ၇ရက်က စတင်ဖွင့်လှစ်လိုက်ကြောင်း သတင်းရရှိသည်။

အဆိုပါဘဏ်စင်တာတွင် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်း (SME) များအတွက် ဘဏ်ဝန်ဆောင်မှုများအပြင် အပ်ငွေ၊ ချေးငွေ၊ ငွေကြေးစီမံခန့်ခွဲမှုနှင့် Transactional Banking Products များအပါအဝင် ကမ္ဘောဇဘဏ်၏ အဓိကထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို ရယူနိုင်ခြင်း၊ စီးပွားရေး လုပ်ငန်းရှင်များအတွက် အကြံပြု ဆွေးနွေးပေးခြင်းနှင့် သင့်တော်သော အကြံဉာဏ်များပေးခြင်း၊ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား စီးပွားရေး စီမံခန့်ခွဲမှုသင်တန်းများ၊ ငွေရေးကြေးရေးဆိုင်ရာ သင်တန်းများပေးခြင်းနှင့် အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းရှင်များအတွက် SME Development Center ၏ တာဝန်ကျ အရာထမ်းမှ Registration ပြုလုပ်ပေးခြင်း၊ Reco- mmendation Letter လျှောက်ထားနိုင်ခြင်း၊ အစိုးရ၏ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သော မူဝါဒများ၊ သတင်းအချက်အလက်များကို ရယူနိုင်ခြင်း စသည့် ဝန်ဆောင်မှုများကို ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

“စွန့်ဦးလုပ်ငန်းတစ်ခု အောင်မြင်မလားဆိုတာက လုပ်ငန်းရဲ့ အစပိုင်းနှစ်တွေမှာ ရရှိခဲ့တဲ့ အထောက်အပံ့နဲ့ လမ်းညွှန်ပြသမှုတွေပေါ်မှာ မူတည်နေပါတယ်။ ဘဏ္ဍာရေးပိုင်းဆိုင်ရာအကူအညီတွေအတွက် SME ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုတွေကို ကမ္ဘောဇဘဏ်ကနေရယူနေသလိုပဲ ကျွန်တော့်စီးပွားရေးလုပ်ငန်းတွေ ဆက်လက် ဖွံ့ဖြိုးလာဖို့အတွက် အကြံဉာဏ် ရယူသွားမှာပါ။ အခုဖွင့်လှစ်လိုက်တဲ့ SME Banking Center က လုပ်ငန်းစတင်ဖို့ကြိုးစားနေတဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအားလုံးအတွက် အသုံးဝင်မှာပါ ” ဟု KBZ SME Banking ကို အသုံးပြုနေသော Highlands Coffee စီးပွားရေးလုပ်ငန်းပိုင်ရှင် ဦးငွေထွန်းက ပြောသည်။

■

# ယခုနှစ် မဟာသင်္ကြန်ကာလတွင် ချင်းတွင်းသင်္ကြန် ရေကစားပွဲတော် ပြုလုပ်မည်

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ၏ ဦးစီးမှုဖြင့် ချင်းတွင်းသင်္ကြန် ရေကစားပွဲတော်ကို မုံရွာမြို့၊ ချင်းတွင်းမြစ်ကမ်းဘေး၊ ဇက်ဆိပ်အနီးရှိသဲသောင်ပြင်တွင် ဧပြီ ၁၁ရက်မှ ၁၇ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရသည်။

“ကျွန်တော်တို့အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ ဖွံ့ဖြိုးတိုးတက်နေမှုတွေ၊ ကြွယ်ဝပေါများလှတဲ့ ကျွန်တော်တိုရဲ့ ရိုးရာဓလေ့အမွေအနှစ်တွေကို ဒီပွဲတော်ကြီးကနေတစ်ဆင့် ဖော်ထုတ်ပြသသွားမှာဖြစ်ပါတယ်။ သင်္ကြန်ကာလဆိုတာဟာ မြန်မာနိုင်ငံရဲ့ လှပပြီးအဓိပ္ပာယ် ရှိလှတဲ့ တန်ဖိုးအနှစ်သာရတွေ ကိုထုတ်ဖော်ပြသဖို့ အသင့်လျော်ဆုံး အချိန်တစ်ခုဖြစ်တဲ့အပြင် လူငယ်တွေအတွက်လည်း ပျော်ရွှင်စိတ်လှုပ်ရှားစရာအစီအစဉ်တွေကို ဖန်တီးပေးဖို့ အကောင်းဆုံးအချိန်ဖြစ်တဲ့အတွက် နိုင်ငံတကာနဲ့ပြည်တွင်းကခရီးသွား ဧည့်သည်တွေအနေနဲ့ ဒီပွဲတော်ကြီးကို အတူတကွလာရောက်ဆင်နွှဲပြီး ကျွန်တော်တို့ရဲ့ ရိုးရာဓလေ့တွေ၊ ထုတ်ကုန်တွေကို ကြည့်ရှုခံစားကြည့်ဖို့ ဖိတ်ခေါ်လိုပါတယ်”ဟု စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောသည်။

ချင်းတွင်း သင်္ကြန်ရေကစားပွဲတော်၌ တိုင်းရင်းသား ရိုးရာကပြဖျော်ဖြေမှုများ၊ နာမည်ကျော်တေးသံရှင်များနှင့် သင်္ကြန် ယိမ်းအကများကိုဗဟိုမဏ္ဍပ်တွင် တင်ဆက်မည့်အပြင် ချင်းတွင်းမြစ်ကမ်းတစ်လျှောက်၌ ဇုန်လေးဇုန်ဖြင့် ကလေးများ ဆော့ကစားနိုင်သည့်နေရာ၊ သင်္ကြန်ရေကစားခြင်းပြုလုပ်နိုင်သည့်နေရာ၊ မြစ်ကမ်းတစ်လျှောက်တွင် အစားအသောက်များ သုံးဆောင်ပြီး နားနေနိုင်သည့်နေရာနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ အသေးစား အလတ်စား စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ဒေသတွင်းယဉ်ကျေးမှုဆိုင်ရာ ထုတ်ကုန်များ၊ အမှတ်တရပစ္စည်းများနှင့် အစားအသောက်များကို ခင်းကျင်းပြသရောင်းချမည့် ပြခန်းနှင့် ပြကွက်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

သန်းထိုက်အောင် စုစည်းသည်

# ကိုကာကိုလာမှ Ice Tea အမျိုးအစား Heaven and Earth ကို စတင် ထုတ်ဝေ



ကိုကာကိုလာမှ Ice Tea အမျိုးအစား Heaven and Earth ကို ပြည်တွင်းဈေးကွက်အတွင်း စတင်ထုတ်ဝေလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ယခုထုတ်ဝေလိုက်သောHeaven and Earth အမျိုးအစား Ice Tea တွင် Ice Lemon Tea၊ Honey Green Tea နှင့် Herbal Drink ဟူ၍ အမျိုးအစား သုံးမျိုးပါဝင်ပြီး ကျောက်ကျော၊ ဂန္ဓမာပန်း၊ Momordica သစ်သီး၊ သံပရိုသီးနှင့် ပျားရည်အစရှိသည်တို့ကို Black Tea ၊ Green Tea တို့နှင့် အချိုးညီပေါင်းစပ်ဖန်တီးထားကြောင်း သိရသည်။

“Heaven and Tea ကြောင့် စားသုံးသူတွေအနေနဲ့ ကိုကာကိုလာရဲ့ ထုတ်ကုန်အချိုရည်တွေထဲမှာ ရွေးချယ်စရာနောက်တစ်ခု တိုးလာပါတယ်။ ဒါဟာ ကိုကာကိုလာအနေနဲ့ ကမ္ဘာ့အဆင့်မီအရသာရှိတဲ့ ထုတ်ကုန်တွေကို ပြည်တွင်းက စားသုံးသူတွေဆီ ယူဆောင်ပေးရုံသက်သက်မဟုတ်ဘဲ စာသုံးသူတွေရဲ့ အကြိုက်၊ လိုအပ်ချက်နဲ့ ရာသီပွဲတော်တွေရဲ့အကြောင်း နားလည်အောင် ကြိုးစားပြီး ဒါတွေနဲ့ လိုက်ဖက်ညီမယ့်ထုတ်ကုန်တွေကို ဖန်တီးပေးနိုင်ရေးဆိုတဲ့ ကတိကဝတ်ကို အကောင်အထည်ဖော်လိုက်ခြင်း ဖြစ်ပါတယ်”ဟု ကိုကာကိုလာမြန်မာ၏ GeneralManager ဖြစ်သူ Mr. Rehan Khan က ပြောသည်။

Heaven and Earth ကို 350ml PET အရွယ်အစားတစ်ဘူးလျှင် ကျပ် ၅၀၀ ဖြင့် ကုန်စုံဆိုင်များ၊ လက်လီအရောင်းဆိုင်များနှင့် စူပါမားကတ်များတွင် စတင်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကိုကာကိုလာကုမ္ပဏီ၏ အသင့်သောက်သုံးနိုင်သော Ice Tea အချိုရည်များကို နိုင်ငံပေါင်း ၅၀ ကျော်တွင် ဈေးကွက်များရရှိထားပြီး စင်ကာပူနှင့် မလေးရှားနိုင်ငံတွင် Heaven and Earth Tea ၊ ဗီယက်နမ်နိုင်ငံတွင် Fuze၊ ဖိလစ်ပိုင်နိုင်ငံတွင် Real Leaf၊ အင်ဒိုနီးရှားနိုင်ငံတွင် FresTeat ဖြစ် ထင်ရှားကြောင်း သိရသည်။



## မြို့ကြီးများ၏ ၁၂-၃-၂၀၁၈ မှ ၁၆-၃-၂၀၁၈ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၂-၃-၂၀၁၈) | အင်္ဂါ(၁၃-၃-၂၀၁၈) | ဗုဒ္ဓဟူး(၁၄-၃-၂၀၁၈) | ကြာသပတေး(၁၅ -၃-၂၀၁၈) | သောကြာ(၁၆-၃-၂၀၁၈) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၇°C/၉၈°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F |
| ရန်ကုန်မြို့ | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F |
| မန္တလေးမြို့ | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F |
| မြစ်ကြီးနား | နေသာ ၃၂°C/၈၆°F | နေသာ ၃၁°C/၈၅°F | နေသာ ၃၂°C/၈၇°F | နေသာ ၃၂°C/၈၈°F | တိမ်အသင့်အတင့် ၃၂°C/၈၃°F |
| လားရှိုး | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F |
| ကျိုင်းတုံ | နေသာ ၂၉°C/၈၅°F | နေသာ ၂၈°C/၈၃°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၉၀°F |
| လွိုင်ကော် | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| တောင်ကြီး | တိမ်အသင့်အတင့် ၄°C/၄၀°F | တိမ်အသင့်အတင့် ၁°C/၃၄°F | တိမ်အသင့်အတင့် ၆°C/၄၂°F | နေသာ ၁၂°C/၅၃°F | တိမ်အသင့်အတင့် ၁၄°C/၅၇°F |
| မော်လမြိုင် | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၂°C/၉၁°F | နေသာ ၃၃°C/၉၂°F |
| ဘားအံ | တိမ်အသင့်အတင့် ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F | တိမ်အသင့်အတင့် ၃၅°C/၉၅°F | တိမ်အသင့်အတင့် ၃၆°C/၉၆°F | တိမ်အသင့်အတင့် ၃၅°C/၉၅°F |
| တောင်ငူ | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၈°F |
| မုံရွာ | နေသာ ၃၇°C/၉၆°F | နေသာ ၃၇°C/၉၆°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၉°F |
| ပုသိမ် | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၅°C/၉၅°F |
| မြိတ် | ၄၀% ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F |
| စစ်တွေ | နေသာ ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၂၉°C/၈၅°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F |
| မကွေး | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၁°F |
| ဖလမ်း | နေသာ ၂၃°C/၇၄°F | နေသာ ၂၂°C/၇၂°F | နေသာ ၂၄°C/၇၅°F | နသာ ၂၄°C/၇၆°F | တိမ်အသင့်အတင့် ၂၄°C/၇၅°F |

## ထိုင်း မိုးလေဝသဗျူရိုက နေရာဒေသအများအပြားတွင် မုန်တိုင်းသတိပေးချက်ထုတ်ပြန်

ဒေသတွင်း၌ အပူပိုင်းမုန်တိုင်းများ ကျဆင်းနိုင်ဖွယ်ရှိကြောင်း ဗန်ကောက်မြို့တွင် နေထိုင်သူများအား ထိုင်းမိုးလေဝသဗျူရိုက သတိပေးထားကြောင်းနှင့် တော်ဝင်ရေသွင်းစိုက်ပျိုးရေးဌာနကလည်း ရေလွှမ်းမိုးမှုအတွက် ပြင်ဆင်လျက်ရှိကြောင်း ပတ္တယာမေးလ်သတင်းတွင် ဖော်ပြခဲ့သည်။

မတ် ၇ ရက်မှ ၉ ရက်အတွင်း မြောက်ပိုင်း၊ အရှေ့မြောက်ပိုင်း၊ အလယ်ပိုင်းလွင်ပြင်၊ အရှေ့ပိုင်းနှင့် မြို့တော်ဝန်းကျင်ဒေသများတွင် မိုးသက်မုန်တိုင်းများ ကျဆင်းကာ လေပြင်းများတိုက်ခတ်မှုနှင့်အတူ ဆီးနှင်းမုန်တိုင်းများ ကျဆင်းနိုင်ကြောင်းနှင့် မုန်တိုင်းကျရောက်ချိန်တွင် အပြင်မထွက်ကြရန် မိုးလေဝသဌာနက ကြေညာထားသည်။

တရုတ်နိုင်ငံတွင်ဖြစ်ပေါ်နေသော လေထုဖိအားမြင့်မားမှုသည် မတ် ၁၁ ရက်မှ ၁၂ ရက်အတွင်း ထိုင်းနိုင်ငံအထက်ပိုင်းနှင့် တောင်တရုတ်ပင်လယ်ဒေသများတွင် ဆက်လက်ဖိအားပေးနေဦးမည်ဟုခန့်မှန်းရပြီး အနောက်တောင်လေများက မြောက်ပိုင်းဒေသသို့ စိုထိုင်းဆများကို သယ်ဆောင်လာမည်ဟု ခန့်မှန်းရသည်။ လောလောဆယ်တွင် ဒေသတွင်း၌ ဖြစ်ပေါ်လျက်ရှိသော အရှေ့လေများသည် အားနည်းလာပြီဖြစ်သည့်အတွက် တောင်ပိုင်းဒေသသည် မိုးရွာမည့်အလားအလာ နည်းသွားနိုင်သည်။

တစ်ချိန်တည်းမှာပင် တော်ဝင်ရေသွင်းစိုက်ပျိုးရေးဌာန ဒုတိယအထွေထွေညွှန်ကြားရေးမှူးချုပ် သီဗီဆက်သာနာဒက်ချိုပိုသည် ရေလွှမ်းမိုးမှုဖြစ်ပွားပါက အသင့်ဖြစ်အောင်ပြင်ဆင်ထားရန် ရေသွင်းစိုက်ပျိုးရေးဇုန်များရှိ ဝန်ထမ်းများကို ညွှန်ကြားထားသည်။ တာဝန်ရှိသူများသည် မိုးလေဝသ နောက်ဆုံးအခြေအနေကို အဆက်မပြတ် လေ့လာနေပြီး ရေစုပ်စက်အပါအဝင် လိုအပ်သော စက်ယန္တရားနှင့် ပစ္စည်းကိရိယာ စုဆောင်းထားရန် ညွှန်ကြားထားကြောင်း သိရသည်။

နောက်ဆုံးရရှိထားသော အစီရင်ခံစာများအရ လောလောဆယ်တွင် ထိုင်းနိုင်ငံအတွင်းရှိ အဓိကဆည်ကြီးများတွင် သိုလှောင်ထားသော ရေအားမှာ ကုဗမီတာ ၅၄ ဘီလီယံရှိသဖြင့် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ကုဗမီတာ ၁ ဘီလီယံ ပိုမိုလျက်ရှိသည်။

ချောင်ဖရားမြစ်တစ်လျှောက်ရှိ အဓိကဆည်ကြီးလေးခုတွင် စုစုပေါင်းရေပမာဏမှာ ကုဗမီတာ ၁၆ ဘီလီယံရှိနေသောကြောင့် စုစုပေါင်းသိုလှောင်စွမ်းအား၏ ၆၇ ရာခိုင်နှုန်းအထိ ရှိနေသည်။ **ဉာဏ်တင်**

# ဂျပန်နိုင်ငံတွင် ရှင်မိုးမီးတောင် ဆက်လက်ပေါက်ကွဲ

ဂျပန်နိုင်ငံ အရှေ့တောင်ပိုင်းရှိ မီးတောင်တစ်ခုသည် ရက်သတ္တတစ်ပတ်ခန့် ဆက်လက်ပေါက်ကွဲလျက်ရှိကြောင်း အင်န်အိပ်ချ်ကေသတင်းတွင်ဖော်ပြသည်။

မီးတောင်သည် မတ် ၆ ရက်က ၁၈ ကြိမ်နှင့် မတ် ၇ ရက်တွင် ၁၆ ကြိမ်ပေါက်ကွဲခဲ့ကြောင်း မိုးလေဝသအေဂျင်စီက ကြေညာခဲ့ပြီး ကျောက်တုံးကြီးများသည် မီးတောင်ထိပ်စမှ မီတာ ၇၀၀ အမြင့်အထိ လွင့်တက်သွားကာ မီးခိုးလုံးကြီးများက မီတာ ၃၀၀၀ နီးပါးအထိ မြင့်တက်ခဲ့သည်။

မီးတောင်ဝနှင့် ပတ်ဝန်းကျင်ဧရိယာများတွင် မတ် ၈ ရက်က တိမ်များထူထပ်ပြီး မြေလျှင် ဆက်လက်လှုပ်ခတ်လျက်ရှိသည်။

ရှင်မိုးမီးတောင်သည် ကျူးရှူးကျွန်းပေါ်ရှိ ကီရီရှီမာတောင်တန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကောင်းကင်ဂြိုလ်တုဓာတ်ပုံများအရ မီးတောင်ဝအတွင်းတွင် ချော်ရည်များ လျင်မြန်စွာရောက်ရှိနေကြောင်း တွေ့ရသည်။ ဒေသတွင်းရှိ စောင့်ကြည့်လေ့လာရေးစခန်း၏ အတည်ပြုချက်အရ မတ် ၇ ရက်က မီးတောင်မှ ဆာလ်ဖာဒိုင်အောက်ဆိုဒ်များ တန်ချိန် ၃၄၀၀၀ အထိထွက်ရှိကြောင်း အတည်ပြုထားသည်။ လွန်ခဲ့သော ငါးရက်အခြေအနေနှင့် နှိုင်းယှဉ်ပါက ထုတ်လွှတ်မှုမှာ ၁၅ ဆ မြင့်တက်လျက်ရှိသည်။

မီးတောင်သတိပေးချက် အဆင့်ငါးဆင့်ရှိသည့်အနက် ယခုအဆင့်ကို အေဂျင်စီက အဆင့် ၃ အဖြစ် သတ်မှတ်ပြီး မီးတောင်နှင့်ဝေးရာတွင်နေထိုင်ကြရန် လူအများကို သတိပေးထားသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် ကျောက်တုံးကြီးများသည် မီးတောင်ဝမှ သုံးကီလိုမီတာအထိ လွင့်ထွက်နိုင်ပြီး မီးတောင်ချော်ရည်များက နှစ်ကီလိုမီတာအထိ စီးဆင်းနိုင်ကြောင်း သိရသည်။ **ဉာဏ်တင်**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

## ကျောက်ဆည်ခရိုင်အတွင်းရှိ ယာဉ်လုပ်ငန်းကြီးကြပ်ရေးကော်မတီရုံး၌ စားသုံးသူ အသိပညာပေးဟောပြောပွဲကျင်းပ

ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ကျောက်ဆည်မြို့နှင့် မြစ်သားမြို့နယ်များမှ အခြေပြု ပြေးဆွဲလျက်ရှိသော ခရီးသွားမော်တော်ယာဉ်အသင်းများမှ အသင်းကြီးကြပ်သူများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ အဝေးပြေးဂိတ်များ စသည့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်နေသူများကို စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများပြုလုပ်ခဲ့ရာ ဖေဖော်ဝါရီ ၉ ရက်တွင် ကျောက်ဆည်မြို့ ယာဉ်လုပ်ငန်းကြီး ကြပ်ရေးကော်မတီရုံး၌လည်းကောင်း၊ ဖေဖော်ဝါရီ ၁၆ ရက်တွင် မြစ်သားမြို့ ယာဉ်လုပ်ငန်းကြီးကြပ်ရေးကော်မတီရုံး၌လည်းကောင်း ဟောပြောပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောဆွေးနွေးပွဲတွင်ကျောက်ဆည်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူးက စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး လာရောက် ဟောပြောရသည့် အကြောင်းအရင်းများနှင့် လုပ်ဆောင်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားခဲ့သည်။ ဆက်လက်၍ စားသုံးသူရေးရာ ဌာနခွဲတာဝန်ခံက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ၏ ရည်ရွယ်ချက်၊ စားသုံးသူနှင့် စီးပွားရေး လုပ်ငန်းရှင်တို့၏ အခွင့်အရေးများ၊ တာဝန်များ၊ တားမြစ်ချက်များ၊ ဝန်ဆောင်မှု အမျိုးမျိုး၊ စားသုံးသူဥပဒေပါ ကုန်စည်နှင့် ဝန်ဆောင်မှုများကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုများ၊ စားသုံးသူများ ကုန်စည် (သို့) ဝန်ဆောင်မှုများ ရယူသုံးစွဲရာတွင် နစ်နာဆုံးရှုံးမှုများမရှိစေရေးအတွက်ဥပဒေဆိုင်ရာ အကာအကွယ်ပေးရေး၊ ကျန်းမာရေးနှင့် ဘေးဥပါဒ်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အာမခံချက်ပေးရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုများကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုများအား သိရှိစေရန်နှင့် ကျောက်ဆည်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနရုံး၌ ဖွင့်လှစ်ထားသည့် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေး စင်တာ CICC ရုံးခန်း ဖွင့်လှစ်ထားရှိမှု၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် အရေးယူဆောင်ရွက်မှုများကို အသေးစိတ် ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ပါသည်။ အဆိုပါ ဟောပြောပွဲများသို့ ယာဉ်လိုင်းကြီးကြပ်သူများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ စုစုပေါင်း ၁၅၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**နှင်းလဲ့လဲ့ (ကျောက်ဆည်)**

## ရှမ်းပြည်နယ်တောင်ပိုင်း မြို့နယ်များတွင် ဈေးကွက်စစ်ဆေးခြင်းများဆောင်ရွက်

ရှမ်းပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ဝေဝေနှင်းနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ တတိယပတ်အတွင်း ရှမ်းပြည်နယ်တောင်ပိုင်းရှိမြို့နယ်များတွင် ဈေးကွက်စစ်ဆေးခြင်းများကိုပြုလုပ်ခဲ့ကြတယ်လို့သိရပါတယ်။

ဖေဖော်ဝါရီ ၁ ရက်တွင် ပင်လောင်းမြို့ ရပ်ကွက်ဈေးဆိုင်များ၊ မြို့မဈေးနှင့်ရေသန့်စက်ရုံကိုလည်းကောင်း၊ ဖေဖော်ဝါရီ၂ ရက်တွင် နောင်တရားမြို့ ရပ်ကွက်ဆိုင်များ၊ အ. ထ. က ကျောင်း မုန့်ဈေးတန်း၊ ရေသန့်စက်ရုံနှင့် ညောင်ရွှေမြို့ ခေါင်တိုင်ကျေးရွာ ကုန်စုံဆိုင်များကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၃ ရက်တွင် ပင်လောင်းမြို့ တီကျစ်ကျေးရွာ ကုန်စုံဆိုင်များနှင့် မုန့်ဖိုကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၈ ရက်တွင် တောင်ကြီးမြို့နယ် ဘော်ဆိုင်း အ. ထ. က ကျောင်း မုန့်ဈေးတန်း၊ တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် နယ်မြေ(၅)ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၉ ရက်တွင် နယ်မြေ(၁၃)ကို လည်းကောင်း၊ ဖေဖော်ဝါရီ ၁၄ ရက် တွင် နယ်မြေ(၈)၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် တောင်ကြီးမြို့ မြို့မဈေး၊ စပ်စံထွန်းဈေးသို့လည်းကောင်း၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် လွိုင်လင် မြို့မဈေးနှင့် ဖေဖော် ဝါရီ ၂၁ ရက်တွင် တောင်ကြီးမြို့ သစ်တောရပ်ကွက် နယ်မြေ (၄၊ ၅၊ ၆၊ ၁၀) တို့ကို စစ်ဆေးခဲ့ရာ ရပ်ကွက်ဈေးဆိုင်များမှ သက်တမ်းလွန်ကုန်စည်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှစားသုံးရန်/သုံးစွဲရန်မသင့်ကြောင်း ကြော်ငြာထားသော လူသုံးကုန်ပစ္စည်းများကို စစ်ဆေးတွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့ကြပါတယ်။

ကွင်းဆင်း စစ်ဆေးရေးအဖွဲ့သည် အဆိုပါဆိုင်များအား ထုတ်ကုန်လုံခြုံ စိတ်ချရမှုမရှိသော ကုန်စည်များကို စားသုံးသူများအား လုံးဝရောင်းချခြင်းမပြုရန် အသိပေးပြောကြားခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေစာအုပ်များ၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။

**စောမောင် (တောင်ကြီး)**

## ပြည်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂/ ၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ၂/ ၂၀၁၈ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးသို့ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်များ၊ စားသုံးသူကိုယ်စားလှယ်များ၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်နှင့်မြို့နယ်အဆင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါတယ်။

အဆိုပါ အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်ဝင်းက စားသုံးသူရေးရာ ဦးစီးဌာန၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ ထို့နောက် ယခုလအတွင်း မိမိတို့ဌာနအနေနဲ့ FDA ဌာနနှင့် ပူးပေါင်း၍ ပြည် မြို့ပေါ်ရှိ အလှကုန်ပစ္စည်းများ ရောင်းချသည့် စတိုးဆိုင်ကြီး များအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုများ၊ ရှေ့ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများဖြစ်သော ပြည်မြို့ပေါ်ရှိစားသောက် ကုန်ထုတ်လုပ်ရောင်းချသော လုပ်ငန်းရှင်များအား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့စုံဖြင့် စစ်ဆေးပြီး ထုတ်လုပ်သောထုတ်ကုန်များနှင့်ပတ်သက်၍ လိုက်နာရမည့် တာဝန်နှင့် ဝတ္တရားများ၊ သိသင့်သိထိုက်သော အချက်အလက်များအား အသိပညာပေးဟောပြောပွဲပြုလုပ်ခြင်းနှင့် မြို့ပေါ်ရှိ စည်ပင်သာယာဈေးများ၊ လက်ကားဖြန့်ဖြူးရောင်းချနေသော ဆိုင်ကြီးများအား အဖွဲ့မှ တစ်လတစ်ကြိမ် ကွင်းဆင်းစစ်ဆေး ခြင်းများ ဆောင်ရွက်ရန်စသည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂၃ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ဒဂုံတက္ကသိုလ်မှ မော်ကွန်းထိန်းနှင့် ပါမောက္ခများ၊ ဌာနမှူးများနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများနှင့် တက္ကသိုလ်အတွင်းရှိ အစားအသောက်ရောင်းချသူများ စုစုပေါင်း ၆၇၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ဒဂုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခ ဒေါက်တာမင်းသောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပေါ်ပေါက်လာပုံ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၏ ရည်ရွယ်ချက်၊ ဥပဒေပါပြဋ္ဌာန်းချက်များ၊ စားသုံးသူ၏အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်တို့၏ အခွင့်အရေးနှင့်တာဝန်များ၊ တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ ဗဟိုကော်မတီ တိုင်းစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ် ဖွဲ့စည်းထားရှိမှုများ၊ စားသုံးသူ များမှလည်း ကုန်ပစ္စည်းဝယ်ယူသုံးစွဲရာတွင် အမှတ်တံဆိပ်ဖော်ပြချက်အပြည့်အစုံနှင့် ထောက်ခံချက်ပါရှိသော ကုန်ပစ္စည်းများအား ဝယ်ယူသုံးစွဲရန်လိုအပ်ကြောင်း၊ ကုန်စည်/ဝန်ဆောင်မှုနှင့်ပတ်သက်သည့် တိုင်ကြားလာမှုအပေါ် ထုတ်ကုန်လုံခြုံမှုဆိုင်ရာ ဈေးကွက်ကွင်းဆင်းမှုနှင့် ဈေးကွက်စောင့်ကြည့်သည့်လုပ်ငန်း ဆောင်ရွက်နေမှုများ၊ အသိပညာပေး ဟောပြောပွဲဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ စားသုံးသူပြည်သူများ သိရှိလိုက်နာနိုင်ရန် သတင်းစာ၊ ရုပ်သံမီဒီယာများတွင် ထည့်သွင်းကြေညာခဲ့သည့် အသိပညာပေး ကြေညာချက်ကိုလည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့်အညီ ကုန်စည်/ ဝန်ဆောင်မှုများကိုပါ အကာအကွယ်ပေးလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက FDA ၏ လုပ်ငန်းစဉ်များဖြစ်သော ဈေးကွက်မတင်မီနှင့် ဈေးကွက်တင်ပြီး ဆောင်ရွက်မှုများ၊ တင်သွင်းလာသော စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးများကို ထောက်ခံချက်ထုတ်ပေးနေမှုများ၊ တိုင်ကြားမှုအပေါ် အရေးယူဆောင်ရွက်ပေးခဲ့မှု အခြေအနေများနှင့် တိုင်ကြားမှုများထဲမှ စားသောက်ကုန်၊ တယ်လီဖုန်း၊ မော်တော်ယာဉ်ဝယ်ယူသုံးစွဲမှု၊ TV ဝယ်ယူသုံးစွဲမှု၊ ATM စက်မှ ငွေထုတ်ယူမှု၊ ပြည်ပတွင် ပညာသင်သွားရောက်ရန် ဝန်ဆောင်မှုအပ်နှံခြင်း၊ ခရီးသွားဝန်ဆောင်မှုစသည့် တိုင်ကြားမှုဖြစ်စဉ်များကို သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်ရန် အချက်များ၊ Online မှတစ်ဆင့်ကြော်ငြာ ရောင်းချနေသည့် ဆေးဝါး၊ အလှကုန်၊ ကုန်စည်များကိုလည်း မိမိတို့ကိုယ်တိုင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ စားသုံးသူ၏အခွင့်အရေးများနှင့် အညီ ချင့်ချိန်ပြီး ဝယ်ယူ သုံးစွဲရန်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရသည်။

အလားတူ ဖေဖော်ဝါရီ စတုတ္ထပတ်အထိ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိအရှေ့ပိုင်းခရိုင်တွင် ၁၉ နေရာ၊ အနောက်ပိုင်းခရိုင်တွင် ၁၄ နေရာ၊ တောင်ပိုင်းခရိုင်တွင် ၃၇ နေရာ၊ မြောက်ပိုင်းခရိုင်တွင် ၂၀ နေရာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်း အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**အေးအေးခိုင် (စားသုံးသူ)ရန်ကုန်**


Royal Material Co.,Ltd.
Quality Brand သုံးစွဲသူများအတွက်
နိုင်ငံတကာ အရည်အသွေးမီ ကိုရီးယားနိုင်ငံထုတ်
အိမ်တွင်းအလှဆင်ပစ္စည်းများအရောင်းပြခန်းနှင့်
အိမ်တွင်းအလှဆင်လုပ်ငန်း
ISO 9001:2015 Cert. No. 761212
- အဆင့်မြင့် မိုင်ခုံသပ်ရပ်သော အလှမီနီယမ်နှင့် ဆက်စပ်ပစ္စည်းများ
- ကြမ်းခင်းနှင့်နံရံသုံးဆန်းသစ်သော Vinyl ပြားများ
- အိပ်ခန်းနှင့် သန့်စင်ခန်းသုံးတံခါး (ABS Doors)နှင့်
- အခြားအိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုး ကိုလည်း ဝယ်ယူရရှိနိုင်ပါသည်။
Survey ဆင်း၍ အတိုင်းအတာအခမဲ့တွက်ချက်ပေးပါသည်။
အမှတ် (၃၁၂-၃၁၈)၊အနော်ရထာလမ်း၊ (၃)လမ်းထိပ်၊ (KBZ Bank ဘေး)၊
လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။ Ph: 0979700 6070~71~72, 09 44312 6052
Website :www.royalmaterial.com, Email :info.royalmaterial@gmail.com


Superfine FURNITURE
Superfine Manufacturing Co. Ltd.
SHOW ROOM
Yangon
(1) No.97A, West Shwegondaing Road, Bahan Township. Tel : 95-1-548808, 543342 Fax : 95-1-543342
(2) Yuzana Plaza 4th Floor, Banyadala Road, Tamwe Township. Tel : 95-1-200747 (Ext :5544), 09-732 40414
Mandalay
A-12 To A-16,78th Street, Between 31st & 32nd Street, Under the Fantasy World, Mandalay.
Tel : 95-2-64589


Annawa Trade Park Marine Co.,ltd
Office: NO 104, Yadanar Theingi St,Industrial Zone (7)
Hlaing Thar Yar Tsp
Ph :645232,09513 4233, Fax;645189
Email;unnawar@gmail.com


GOLDEN PINYA INVESTMENT CO., LTD.
Address: No. 32, Kone Myint Yeik Thar Street, 7 Miles, 6 Ward, Mayangone Township, Yangon, Myanmar.
Tel: (95-1)652 905, 652 906 , 652 907
Fax: (95-1)651 751
E-mail: goldunirgn@gmail.com


MYAWADDY
TRADING LIMITED
Vision
To be the leading organization in trading sector
Mission
To deliver best supports to achieve business goals by implementing the trading business in most efficient and effective way
MYAWADDY TRADING LIMITED
Website: www.myawaddytrade.com



## ကွန်တီထွက်သွားပါက ဒေးဗစ်လုဇ် ချယ်လ်ဆီးတွင် ဆက်ရှိနေမည်

ချယ်လ်ဆီးနည်းပြကွန်တီသည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာပြီး PSG အသင်းကို ကိုင်တွယ်သွားတော့မည်ဟု သတင်းများထွက်ပေါ်နေသည်။ အသင်းနှင့် အနာဂတ်မသေချာသည့် နောက်ခံကစားသမား ဒေးဗစ်လုဇ်က ချယ်လ်ဆီးအသင်းမှ နည်းပြကွန်တီထွက်ခွာသွားမည်ဆိုပါက မိမိအနေဖြင့် ချယ်လ်ဆီးအသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဒေးဗစ်လုဇ်အနေဖြင့် နည်းပြကွန်တီနှင့် အဆင်မပြေမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း အသင်း၌ ပုံမှန်ပွဲထွက်ခွင့် မရရှိဘဲ အရန်ကစားသမားအဖြစ်နှင့်သာ ကစားခွင့်ရနေသူဖြစ်သည်။

ချယ်လ်ဆီးနည်းပြ ကွန်တီအနေဖြင့် လတ်တလောကာလတွင် အသင်းရလဒ်ဆိုးရွားမှုများနှင့်အတူ ဖိအားများရင်ဆိုင်နေရသည်။ ချယ်လ်ဆီးအသင်းသည် ပွဲစဉ် ၂၉ ကစားပြီးချိန်တွင် အဆင့်(၅)တွင်သာ ရပ်တည်နေနိုင်ပြီး အဆင့် (၄) မှ စပါးနှင့် ငါးမှတ်အထိကွာဟနေသည်။

နောက်ခံကစားသမား ဒေးဗစ်လုဇ်က'ကျွန်တော့်ရဲ့ အနာဂတ်ကအခုချိန်ထိ မသေချာသေးပါဘူး။ နည်းပြကွန်တီက ကျွန်တော့်ကိုယုံကြည်မှုမရှိသလို ပွဲထွက်ခွင့်မပေးတာကြောင့် အသင်းပြောင်းရွှေ့ဖို့ စဉ်းစားထားပါတယ်။ ဒါပေမဲ့ လက်ရှိထွက်ပေါ်နေတဲ့ သတင်းများအရ နည်းပြကွန်တီသာ PSG အသင်းကို ပြောင်းရွှေ့သွားမယ်ဆိုပါက ကျွန်တော့်အနေနဲ့ ချယ်လ်ဆီးမှာပဲ ဆက်ရှိနေမှာပါ'ဟု ပြောကြားခဲ့သည်။

# မိမိကိုမေ့ထားပါက ကြီးမားသည့် အမှားကိုကျူးလွန်ရာ ရောက်သည်နှင့်တူကြောင်း မော်ရင်ဟိုကို ရက်ချ်ဖို့ဝေဖန်

မန်ယူအသင်း၏ တောင်ပံတိုက်စစ်ကစားသမား ရက်ချ်ဖို့က နည်းပြ မော်ရင်ဟိုအနေဖြင့် မိမိကို ပုံမှန်ပွဲထွက်ခွင့်မပေးဘဲ မေ့ထားမည်ဆိုပါက ကြီးမားသည့်အမှားကို ကျူးလွန်ရာရောက်သည်နှင့် တူကြောင်း မော်ရင်ဟိုကို ဝေဖန်ပြောဆိုလိုက်သည်။

ရက်ချ်ဖို့သည် မန်ယူအသင်းသို့ မော်ရင်ဟိုရောက်ရှိလာပြီး အစပိုင်းတွင်ပုံမှန်ပွဲထွက်ခွင့် ရရှိခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် အရန်ကစားသမားအဖြစ်နှင့်သာ ပွဲထွက်နေရသည်။

ရက်ချ်ဖို့သည် အသင်းကစားဖော်များဖြစ်သည့် လင်ဂတ်နှင့် မာရှယ်တို့လောက်ပင် ပွဲထွက်ခွင့်မရတော့ဘဲ ဆန်းချက်ဖ် ရောက်ရှိလာပြီးနောက်ပိုင်းတွင်လည်း ပိုဆိုးလာခဲ့သည်။



ရက်ချ်ဖို့သည် မန်ယူအသင်း၏ ငယ်မွေးခြံပေါက် ကစားသမားတစ်ဦးဟု ပင်ပြော၍ ရနိုင်သည်။ ၎င်း၏မန်ယူလူငယ်ကစားသမားဘဝကို ၂၀၀၅ ခုနှစ်မှစတင်ခဲ့သူဖြစ်သည်။ ၎င်းကစားသမားသည် ၂၀၁၅ ခုနှစ်တွင် မန်ယူအသင်းကြီးတွင် ကစားခွင့်ရခဲ့ပြီး ၆၉ ပွဲတွင် ၁၄ ဂိုး သွင်းထားနိုင်သူဖြစ်သည်။

ရက်ချ်ဖို့က 'ဘယ်ကစားသမားမဆို ပုံမှန်ပွဲထွက်ခွင့် ရချင်ကြတာပါပဲ။ မန်ယူအသင်းမှာ ကစားသမားကောင်းတွေနဲ့ ယှဉ်ပြိုင်ရမှာကို ကျွန်တော်နားလည်ပါတယ်။ ကျွန်တော့်ရဲ့ အရည်အချင်းကို ယုံကြည်မှုရှိနေလို့ ပထမပွဲထွက်ခွင့်အတွက် ဆက်လက်ကြိုးစားသွားမှာပါ။ ဒါပေမဲ့ နည်းပြမော်ရင်ဟိုအနေနဲ့ ကျွန်တော့်ကို မေ့ထားခဲ့မယ်ဆိုရင်တော့ ကြီးမားတဲ့အမှားတစ်ခုကိုသူ့အနေနဲ့ ကျူးလွန်ရာ ရောက်တာနဲ့ အတူတူပါပဲ'ဟု ပြောဆိုခဲ့သည်။

ရက်ချ်ဖို့သည် အင်္ဂလန် ယူ-၁၆၊ ယူ-၁၈၊ ယူ-၂၀၊ ယူ-၂၁ အသင်းများတွင် နိုင်ငံကိုယ်စားပြုအဖြစ်ဆက်တိုက်ကစားခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ၎င်း၏ခြေစွမ်းပြနိုင်မှုနှင့်အတူ အင်္ဂလန်လက်ရွေးစင် အသင်းကြီးတွင် ပါဝင်ကစားခွင့်ရရှိလာသူဖြစ်သည်။

# ယူရိုသန်း ၄၀၀ တန်ကြေးရှိမည့် နေမာကိုခေါ်ယူရန် ဇီဒန်းဆန္ဒရှိနေ



ရီးရဲလ်မက်ဒရစ်နည်းပြ ဇီဒန်းအနေဖြင့် PSG ကစားသမား နေမာကိုခေါ်ယူရန် ဆန္ဒရှိနေကြောင်းသိရသည်။ ၎င်းအနေဖြင့် နေမာကိုခေါ်ယူမည်ဆိုပါက ယူရိုသန်း ၄၀၀ အထိ ပေးချေရဖွယ်ရှိနေကြောင်း သတင်းများတွင်ဖော်ပြထားသည်။ နေမာသည် ပြီးခဲ့သည့် နွေရာသီက ဘာစီလိုနာအသင်းအား စာချုပ်ဖျက်တန်ကြေး ၁၉၈ သန်းပေးလျော်ပြီး PSGအသင်းသို့ ပြောင်းရွှေ့သွားသူဖြစ်သည်။ နေမာက 'ကျွန်တော် အမှန်တကယ်ကစားချင်တဲ့အသင်းက အသင်းဟောင်း ဘာစီလိုနာပါ။ ဘာစီလိုနာမှာ ပြန်ကစားရဖို့ အခွင့်အရေးရှိလာမယ်ဆိုရင်တော့ ပြန်ကစားချင်ပါတယ်။ အခြေအနေအကြောင်းကြောင်းကြောင့် PSG အသင်းကိုပြောင်းရွှေ့ခဲ့ရပေမယ့် ကျွန်တော့်ရဲ့အိပ်မက်က ဘာစီလိုနာပါ။ ဘာစီလိုနာရဲ့ပြိုင်ဘက် ရီးလ်ရဲမက်ဒရစ်ကလည်း ကျွန်တော့်ကိုခေါ်ယူဖို့ စိတ်ဝင်စားနေတာကိုသိရလို့ များစွာကျေနပ်မိပါတယ်။ ဒါပေမဲ့ လက်ရှိအချိန်မှာ ကျွန်တော်အသင်းပြောင်းဖို့ မစဉ်းစားသေးပါဘူး'ဟု ပြောဆိုခဲ့သည်။

ရီးရဲလ်မက်ဒရစ်နည်းပြ ဇီဒန်းကလည်း နေမာမှာ ကမ္ဘာ့အကောင်းဆုံး ကစားသမားတစ်ဦးဖြစ်ကြောင်း၊ ၎င်းကစားသမားအနေဖြင့် မည်သည့်အသင်းတွင်မဆို ခြေစွမ်းပြကစားနိုင်မည်ဖြစ်ကြောင်း၊ နေမာ၏ အပြောင်းအရွှေ့တန်ကြေးမှာ ယူရိုသန်း ၄၀၀ အထိဈေးခေါ်ဖွယ်ရှိနေခြင်းက မိမိတို့အတွက် အနည်းငယ်အဟန့်အတားဖြစ်စေနိုင်ကြောင်း၊ သို့သော် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် ဘာမဆိုစွမ်းဆောင်နိုင်ကြောင်းပြောကြားခဲ့သည်။

ထို့ပြင် ဇီဒန်းကလာမည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် နေမာကို ရအောင်ခေါ်ယူသွားမည်ဟုလည်း ထပ်မံပြောဆိုခဲ့သည်။



# လုခ်ရှော့ကို ရောင်းထုတ်ပြီး ဒန်နီရို့စ်ကိုခေါ်ယူရန် မန်ယူ ပြင်ဆင်နေ

မန်ယူအသင်းသည် မကြာခဏ ဒဏ်ရာပြဿနာနှင့်ကြုံတွေ့နေရသည့် နောက်ခံကစားသမား လုခ်ရှော့ကိုရောင်းထုတ်ရန်ပြင်ဆင်နေပြီးစပါးအသင်းမှ နောက်ခံကစားသမား ဒန်နီရို့စ်ကိုခေါ်ယူသွားမည်ဟု သတင်းများထွက်ပေါ်နေသည်။

မန်ယူအသင်းသည် လုခ်ရှော့ကို ၂၀၁၄ခုနှစ်ကဆောက်သန်တမ်အသင်းမှ ပေါင် ၃၁ ဒသမ ၅ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ အဆိုပါကစားသမားမှာမန်ယူအသင်းသို့ရောက်ရှိလာပြီးနောက်ပိုင်း မကြာခဏ ဒဏ်ရာပြဿနာများကြုံတွေ့နေရပြီး အသင်း၏ပွဲထွက်ခွင့်ဖြင့် လွဲချော်နေရသူဖြစ်သည်။

ထို့ကြောင့် နည်းပြမော်ရင်ဟိုအနေဖြင့် နောက်ခံကစားသမားကောင်းတစ်ဦး ရှာပုံတော်ဖွင့်လျက်ရှိရာလာမည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် စပါးအသင်းတွင် ခြေစွမ်းပြနေသည့် ဒန်နီရို့စ်ကိုခေါ်ယူရန် အဓိကပြစ်မှတ်ထားလာခဲ့သည်။ သို့သော် လုခ်ရှော့ကိုထုတ်ရောင်းတော့မည်ဟု တရားဝင်ပြောဆိုထားခြင်းမရှိသေးသလို ၎င်းကစားသမားကို ခေါ်ယူရန်ကမ်းလှမ်းသည့် အသင်းများလည်းမရှိသေးကြောင်း သိရသည်။ မော်ရင်ဟိုအနေဖြင့် လုခ်ရှော့ကိုရောင်းထုတ်ရန် အဆင်အသင့်ဖြစ်နေပြီး ဒန်နီရို့စ်ကိုခေါ်ယူနိုင်ရေးအတွက် ကမ်းလှမ်းမှုများပြုလုပ်နေပြီဖြစ်ကြောင်း The Sun သတင်းစာက ရေးသားဖော်ပြထားသည်။

# PSG အသင်းကို ပြောင်းရွှေ့ကိုင်တွယ်လိုကြောင်း ကွန်တီ ထုတ်ဖော်ပြောကြား

ချယ်လ်ဆီးအသင်းတွင် အနာဂတ် မသေချာမရေရာဖြစ်နေသည့် ကွန်တီက ပြင်သစ်လီဂူးကလပ် PSG အသင်းကို ပြောင်းရွှေ့ကိုင်တွယ်လိုကြောင်း ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်သည်။

PSG အသင်းဘုတ်အဖွဲ့ကလည်း လက်ရှိနည်းပြ အမ်မရီနေရာတွင် ကွန်တီကို အစားထိုးရန် ဆန္ဒရှိနေကြောင်း ဖွင့်ဟပြောဆိုလာသည်။ ကွန်တီအနေဖြင့် ချယ်လ်ဆီးအသင်းမှ ထွက်ခွာခဲ့ရပါက အီတလီသို့ပြန်မည်ဟုပြောဆိုထားမှုများရှိခဲ့သော်လည်း PSG အသင်း၏ ကမ်းလှမ်းလာမှုကို ငြင်းပယ်နိုင်စွမ်းရှိမည်မဟုတ်ကြောင်း သတင်းများတွင်ဆက်လက်ဖော်ပြထားသည်။

ကွန်တီသည် ၂၀၀၆ ခုနှစ်ကပင် အရစ်ဆိုအသင်းနှင့်အတူ နည်းပြဘဝစတင်ခဲ့ပြီး ဘာရီ၊ အတ္တလန္တာ၊ ဆီနာ၊ ဂျူဗင်တပ်၊ အီတလီနိုင်ငံ လက်ရွေးစင်အသင်းတို့ကိုကိုင်တွယ်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ချယ်လ်ဆီးသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ရာသီတွင် ဖိအားများနှင့် ရင်ဆိုင်နေရသည့် ကွန်တီမှာရာသီကုန်တွင် ချယ်လ်ဆီးအသင်းမှ ထုတ်ပယ်ခံရနိုင်ဖွယ်ရှိနေပြီးချယ်လ်ဆီးအသင်းကလည်း ဘာစီလိုနာနည်းပြဟောင်း အင်းနရစ်ကို အစားထိုးခန့်အပ်ရန် ရွေးချယ်ထားပြီးဖြစ်ကြောင်း သတင်းများ ပေါ်ထွက်နေသည်။

ဝင်းတင်ဝင်း စုစည်းသည်



# ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေးဆွေးနွေးပွဲကျင်းပ

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေးဆွေးနွေးပွဲကို မြစ်ကြီးနားမြို့၊ မြို့တော်ခန်းမတွင် မတ်လ ၁၀ နှင့် ၁၁ ရက်များ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါဒေသထွက်ကုန်ပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်နှင့် DANA Facility မှ Team Leader Mr. Peter Brimble တို့က ဖဲကြိုးဖြတဖွင့်လှစ်ပေးခဲ့ပါသည်။ အခမ်းအနားသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ကချင်ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။ ဒေသထွက်ကုန်ပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် DANA Facility တို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပါသည်။

ဒေသထွက်ကုန်ပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာ ကျင်းပခဲ့ပြီး ဆွေးနွေးပွဲမှ ဒေသတွင်း ပို့ကုန်တင်ပို့ရန် အလားအလာအရှိဆုံးနှင့် အမျိုးသားပို့ကုန် မဟာဗျူဟာနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် ဦးစားပေးထုတ်ကုန်များကို ရွေးချယ်၍ ၎င်းတို့အတွက် ကြုံတွေ့လာနိုင်သည့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ Supply Side, Business Environment, Market Entry ဆိုင်ရာ ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသတွင်းအလားအလာရှိသည့် ပို့ကုန်သီးနှံများ၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်နယ်အတွင်း အသေးစားနှင့် အလတ်စား လုပ်ငန်းများအတွက် ဆောင်ရွက်ပေးနေမှုနှင့် ထုတ်ကုန်များ၏အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံနိုင်မှုအလားအလာများ၊ ကုန်သည်စက်မှုအသင်းက ပြည်နယ်အတွင်းရှိပုဂ္ဂလိကကဏ္ဍနှင့် ကုန်သည်စက်မှုအသင်းများ ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်နေမှုများ၊ DANA Facility က ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှုဘောင် အကြောင်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ဆက်လက်၍ဒေသအတွက် အကျိုးရှိစွာ အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစီမံချက်မူကြမ်းပေါ်ထွက်လာစေရန် ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

**NES Unit**

---

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့်

# နိုင်ငံခြား ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ |သန်းသန်းနိုင်|

**ယခင်တစ်ပတ်မှအဆက်**

**အပိုင်း၅-ဥပဒေဝတ္တရား**

၄၇။ ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနနှင့် ဝန်ထမ်းများ ဥပဒေချိုးဖောက်မှုရှိလျှင်၊ အာဏာကို အလွဲသုံးစားလုပ်လျှင်၊ တာဝန်မကျေလျှင် ဥပဒေနှင့်အညီအရေးယူခံရမည်။

၄၈။ ကျန်းမာရေးလိုင်စင်မရှိဘဲလုပ်ငန်းများကို မိမိသဘောဖြင့် လုပ်ကိုင်ပါက ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနမှဥပဒေနှင့်အညီ အရေးယူရမည်။ တရားဥပဒေချိုးဖောက်မှုရှိပါက တရားစွဲအရေးယူနိုင်သည်။

၄၉။ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနမှ ထုတ်ပေးသော ကျန်းမာရေးလိုင်စင်နှင့် မညီညွတ်သော လုပ်ငန်းများလုပ်ကိုင်ပါက ပြင်ဆင်ရန် အသိပေးရမည်။ တရားဥပဒေချိုးဖောက်မှုရှိပါက တရားစွဲအရေးယူနိုင်သည်။

၅၀။ လုပ်ငန်းရှင်အနေနှင့် ဝန်ထမ်းခန့်ရာတွင် ကျန်းမာရေးစစ်ဆေးချက်မပါသူဖြစ်ပါက ပြင်ဆင်ရန်အသိ ပေးရမည်။ ထို့အတူ ယွမ် ၅၀၀ အထက်၊ ယွမ်(၅၀၀၀)အောက်ဒဏ်တပ်နိုင်သည်။ အကယ်၍ သတ်မှတ်ကာလအတွင်းပြင်ဆင်မှုမပြုပါကယွမ်(၅၀၀၀)အထက်၊ ယွမ်(၁၅၀၀၀)အောက် ဒဏ်တပ်နိုင်သည်။

၅၁။ စားသောက်ကုန်ထုတ်လုပ်ခြင်း၊ စားသောက်ကုန်လုပ်ငန်း လုပ်ကိုင်ခြင်း၊ စားသောက်ဆိုင်လုပ်ငန်း လုပ်ကိုင်ခြင်း၊ သောက်သုံးရေလုပ်ငန်းလုပ်ကိုင်ခြင်းလုပ်ကိုင်သူတွင် အောက်ပါအချက်များ ရှိပါက အရေးယူခံရမည်-

(၁) လျှောက်ထားသူအနေဖြင့် စာရွက်စာတမ်းအတုလုပ်ခြင်း၊ လိမ်ညာခြင်းများရှိပါက ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနအနေနှင့် ခွင့်မပြု။ ထို့အတူသတိပေးခံရမည်။ လျှောက်ထားသူအနေဖြင့် လည်း(၁)နှစ်အတွင်းထပ်မံ လျှောက်ထားခြင်းမပြုရ။

(၂) လိမ်ညာ၊ လာဘ်ပေး၍ကျန်းမာရေးလိုင်စင်ရထားပါက ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာန လျှောက်ထားသူအနေဖြင့် လည်း (၃)နှစ်အတွင်း ထပ်မံလျှောက်ထားခြင်းမပြုရ၊ တရားဥပဒေ ချိုးဖောက်မှုရှိပါက တရားစွဲအရေးယူနိုင်သည်။

(၃) ကျန်းမာရေးလိုင်စင်ကိုပြင်ဖျက်ခြင်း၊ ငှားရမ်းခြင်း၊ ချေးခြင်း၊ တရားမဝင်လွှဲပြောင်းခြင်း၊ လက်လွှဲ ရောင်းချခြင်းရှိပါကလုပ်ငန်းရှင်အနေဖြင့်လည်း(၅)နှစ်အတွင်းထပ်မံလျှောက်ထားခြင်းမပြုရ။

(၄) လုပ်ငန်းရှင်အနေဖြင့် (တရုတ်ပြည်သူ့သမ္မတနိုင်ငံ စားသောက်ကုန်လုံခြုံရေးဥပဒေ)နှင့် စည်းမျဉ်းများကို ချိုးဖောက်မှုကြောင့် ဒဏ်တပ်ခံရမည်ဖြစ်သလို၊ တရားဥပဒေချိုးဖောက်မှုရှိပါက တရားစွဲ အရေးယူနိုင်သည်။

၅၂။ အများပိုင်နေရာများတွင် လုပ်ငန်းလုပ်သူအနေဖြင့် အောက်ပါအချက်များရှိပါက ထိုက်သင့်သည့် ဒဏ်တပ်ခံရမည်-

(၁) လုပ်ငန်းရှင်အနေနှင့် လိုင်စင်ပါအချက်ကိုကျော်လုပ်လျှင် ပြင်ဆင်ရန်အသိပေးရမည်။ ထို့အတူ ယွမ် ၅၀၀ အထက်၊ ယွမ် ၅၀၀၀ အောက်ဒဏ်တပ်နိုင်သည်။ အကယ်၍သတ်မှတ်ကာလအတွင်း ပြင်ဆင်မှုမပြုပါက ယွမ် ၅၀၀၀ အထက်၊ ယွမ် ၃၀၀၀၀ အောက်ဒဏ်တပ်နိုင်သည်။

(က) ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာန၏ ဒဏ်တပ်မှုကို ကိုယ့်သဘောနှင့်ပြင်ဆင်ပါက

(ခ) မိမိသဘောဖြင့် လိုင်စင်မရဘဲ သုံးလအထက် လုပ်ငန်းလုပ်ကိုင်နေပါက

(ဂ) ကျန်းမာရေးလိုင်စင်ကိုပြင်ဖျက်ခြင်း၊ ငှားရမ်းခြင်း၊ ချေးခြင်း၊ တရားမဝင်လွှဲပြောင်းခြင်း၊ လက်လွှဲရောင်းချခြင်းပြု၍လုပ်ငန်းလုပ်ကိုင်ပါက

(ဃ) လျှောက်ထားသူအနေဖြင့် စာရွက်စာတမ်းအတုလုပ်ခြင်း၊ လိမ်ညာခြင်းများရှိကာ အချက်အလက်အမှန်ကို တင်ပြရန် ငြင်းဆိုနေပါက

(၂) အောက်ပါအချက်များရှိ၍ ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနမှပြင်ဆင်ရန် အသိပေးရမည်။ ထို့အတူယွမ် ၂၀၀၀ အောက်ဒဏ်တပ်နိုင်သည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ပြင်ဆင်မှု မပြုပါကယွမ် ၂၀၀၀ အထက်၊ ယွမ် ၂၀၀၀၀ အောက်ဒဏ်တပ်နိုင်သည်။ အပြစ်ကြီးပါက လုပ်ငန်းရပ်တန့်စေခြင်း (သို့မဟုတ်) လိုင်စင်ရုပ်သိမ်းခြင်းများ လုပ်နိုင်သည်။

(က) အများပိုင်နေရာများ လေ၊ ရာသီဥတု၊ ရေ၊ အလင်းရောင်၊ အလင်းပေးစနစ်၊ ဆူညံသံ၊ မိမိဖောက်သည်သုံးသည့်ပစ္စည်းများကိုကျန်းမာရေးနှင့်အညီ စစ်ဆေးရမည်။

(ခ) မိမိဖောက်သည်များသုံးသည့် ပစ္စည်းများကို ဆေးကြောခြင်း၊ ပိုးသတ်ခြင်း၊ သန့်စင်ခြင်းမပြုသလို၊ တစ်ခါသုံးပစ္စည်းကိုလည်း အကြိမ်ကြိမ်သုံးပါက၊

(၃) အောက်ပါအချက်များရှိ၍ ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနမှပြင်ဆင်ရန် အသိပေးရမည်။ ထို့အတူယွမ် ၁၀၀၀ အထက်၊ ယွမ် ၁၀၀၀၀ ဒဏ်တပ်နိုင်သည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ပြင်ဆင်မှုမပြုပါက ယွမ် ၁၀၀၀၀ အထက်၊ ယွမ် ၃၀၀၀၀ အောက်ဒဏ်တပ်နိုင်သည်။ အပြစ်ကြီးပါကလုပ်ငန်းရပ်တန့်စေခြင်း (သို့မဟုတ်) လိုင်စင်ရုပ်သိမ်းခြင်းများ လုပ်နိုင်သည်။

(က) ကျန်းမာရေးအုပ်ချုပ်မှုစနစ်ကို သတ်မှတ်ချက်နှင့်အညီ မလုပ်ထားသူ၊ သန့်ရှင်းရေးကြီးကြပ်မှု ဌာန(သို့မဟုတ်) သန့်ရှင်းရေးအရာရှိမထားပါက၊ သန့်ရှင်းရေးမှတ်တမ်းတင်စနစ် လုပ်ထားပါက။

(ခ) သတ်မှတ်ချက်များနှင့်အညီ ဝန်ထမ်းများကို ဥပဒေသင်တန်း၊ ကျန်းမာရေးသင်တန်းများကို မတက်ရောက်ပါက၊ သင်တန်းအောင်လက်မှတ်မရှိဘဲ ဝန်ထမ်းခန့်ပါက။

(ဂ) လုပ်ငန်းလုပ်ကိုင်နိုင်သည့် အတည်တကျနေရာ မရှိခြင်း၊ လုပ်ငန်းပမာဏစက်ပစ္စည်းသန့်ရှင်းမှု၊ ပိုးသတ်စနစ်၊ ဆေးကြောစနစ်၊ အများသုံးအိမ်သာများ မပါရှိပါက လုပ်ငန်းများပုံမှန်လည် ပတ်နိုင်ရန် အချက်အလက်များမပြည့်စုံပါက အများပိုင်နေရာများကို အခြားအရာများ တွင်သုံးပါက။

(ဃ) သတ်မှတ်ချက်များအတိုင်း ရောဂါပိုးမွှားကာကွယ်ရေးလုပ်ငန်းများ မလုပ်ထားပါက၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်သည့်စနစ် မလုပ်ထားပါက၊ မိမိသဘောနှင့် အသုံးမပြုပါက ရောဂါပိုးမွှားကာကွယ်ရေးစနစ်နှင့်စွန့်ပစ်ပစ္စည်းထားရှိသည့်စနစ်၊ အချက်အလက်များ မရှိပါက။

**ဆက်လက်ဖော်ပြပါမည်။**

---

## စာမျက်နှာ (၁၇) ➤➤➤ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အကြောင်း. . . . . မှအဆက်

သို့ဖြစ်ပါ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူပြည်သူများဖြစ်သည့် ၅၁ သန်းကျော်သော ပြည်သူများအတွက် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ(၂၀၁၄)ပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲ ချမ်းသာမရွေး၊ အဆင့်အတန်းမရွေး စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော လူသုံး၊ အိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုများ ရရှိသုံးစွဲနိုင်ရေးအတွက် စေတနာထားကာ ဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူများအား နေပူပူ၊ မိုးရွာရွာ စားသုံးသူ အကာအကွယ်ပေးရေး ထီးကလေးဖြင့် မိုးထားပေးချင်ပါသည်။

စားသုံးသူအခွင့်အရေးများနှင့်ပတ်သက်၍ ထိခိုက်နစ်နာဆုံးရှုံးမှုများသာမက သံသယရှိသောကုန်စည်နှင့် ဝန်ဆောင်မှုများတွေ့ရှိရပါကလည်း မိမိတို့နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ စားသုံးသူရေးရာဦးစီးဌာနများတွင် တိုင်ကြားနိုင်ပြီး တိုင်ကြားလာမှုများနှင့် ပတ်သက်၍ ကုစားဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ၂၀၁၈ခုနှစ် မတ်လ ၁၅ ရက်တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်းဗင်းရှင်းစင်တာ (MICC-2)၌ နိုင်ငံတော်အခမ်းအနားအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားအား ဂုဏ်ပြုရေးသားဖော်ပြအပ်ပါသည်။

❑

# ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက်ရှိသော အာဆီယံ

**သိန်းမြင့်ဝေ**

**ယခင်တစ်ပတ်မှအဆက်**

နောက်ဆုံးအချက်ဖြစ်သော အခြေခံအဆောက်အဦ အသုံးစရိတ် တိုးမြှင့်သုံးစွဲနေခြင်းကလည်း အာဆီယံ၏ တိုးတက်မှုကို အမောင်းနှင်ဆုံးသော အင်အားများအနက် အရေးကြီးသည့် အင်အားဖြစ်သည်။ အာဆီယံနိုင်ငံ အသီးသီးရှိ အစိုးရများသည် စီးပွားရေးတိုးတက်မှုအတွက် အခြေခံအဆောက်အဦဆိုင်ရာ အသုံးစရိတ်များကို ပိုမိုသုံးစွဲနေကြပါသည်။ အခြေခံအဆောက်အဦတွင် တိုးတက်ရင်းနှီးမြှုပ်နှံခြင်းက တိုင်းပြည်၏ ထုတ်လုပ်မှုကို တိုးစေပြီး ကုန်သွယ်မှုကို ဆက်လက် တိုးတက်စေပါသည်။ ဆက်လက်၍ စီးပွားရေးတိုးတက်မှုနှုန်း (GDP growth rate) ကို ပိုမိုမြင့်မားစေပါသည်။ အာဆီယံအစိုးရများသည် စီမံကိန်းကြီးများ (Large scale projects) တွင် ပိုမို သုံးစွဲလျက်ရှိသည်။ အခြေခံအဆောက်အဦစီမံကိန်းကြီးများအဖြစ် မြန်နှုန်းမြင့် မီးရထားလမ်း၊ အမြန်လမ်းမကြီး များ၊ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးစက်ရုံကြီးများ စသည်တို့ကို တွေ့မြင်နိုင်သည်။ အာဆီယံသည် လာမည့်၁၀ နှစ်မှ ၁၅ နှစ်အတွင်း အခြေခံအဆောက်အဦအတွက် နှစ်စဉ်အမေရိကန် ဒေါ်လာ ၁၀၀ ဘီလီယံကျော် သုံးစွဲသွားမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ကုန်သွယ်မှုကို တိုးတက်စေပြီး ကုန်ထုတ်လုပ်မှုစွမ်းအားတိုးတက်မှု (Productivity Growth) ကို ရရှိမည်ဖြစ်သည်။

ဥပမာအားဖြင့် အင်ဒိုနီးရှားနိုင်ငံသည် လာမည့် ၁၀ နှစ်အတွင်းနိုင်ငံ GDP ၏ ၁၀ ရာခိုင်နှုန်းကို အခြေခံအဆောက်အဦ တည်ဆောက်ရေးအတွက် သုံးစွဲမည်ဖြစ်သည်။ အလားတူစွာပင် ဖိလစ်ပိုင်နိုင်ငံသည်လည်း GDP ၏ ၇ ရာခိုင်နှုန်းကို အခြေခံအဆောက်အဦအတွက် သုံးစွဲမည်ဖြစ်သည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုများကို သက်ဆိုင်ရာ အစိုးရက တစ်စိတ်တစ်ပိုင်း ကျခံသုံးစွဲပေးမည်ဖြစ်သည်။ ထို့အတွက် အစိုးရများသည် ဓာတ်ဆီ/ဒီဇယ်ထောက်ပံ့မှု (Fuel Subsidies) ကို လျှော့ချပြီး အခြေခံအဆောက်အဦတည်ဆောက်ရေး အတွက် ကျခံသုံးစွဲရန် ဆောင်ရွက်နေပါသည်။ ထို့ပြင် အစိုးရရငွေ ပိုမိုရရှိရေးအတွက် အခြေခံအခွန် (Tax base) ကို တိုးချဲ့ပြီး စနစ်တကျ အခွန်ကောက်ခံလျက်ရှိကြသည်။

အခြားရငွေရရှိရာဇစ်မြစ်များမှာ တရုတ်နှင့် ဂျပန်ကုမ္ပဏီများဖြစ်သည်။ အဆိုပါကုမ္ပဏီများသည် အာဆီယံအခြေခံအဆောက်အဦစီမံကိန်းကြီးများတွင် ငွေကြေးအမြောက်အများ ရင်းနှီးမြှုပ်နှံခြင်းနှင့် ကူညီပံ့ပိုးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြသည်။ အာဆီယံ၏ အခြေခံအဆောက်အဦတွင် အလုံးအရင်းဖြင့် သုံးစွဲခြင်းသည် အလုပ်အကိုင်




တိုးတက်ရရှိခြင်း၊ ဝင်ငွေမြင့်မားလာခြင်းနှင့် ကုမ္ပဏီများ၏ ဝင်ငွေတိုးပွားခြင်းမှတစ်ဆင့် အနာဂတ်စားသုံးမှုအပေါ် ဆင့်ပွားအကျိုးသက်ရောက်မှုများ (Multiplier Effects) ကို သိသိသာသာ ဖြစ်ပေါ်စေပါ သည်။

**&if;EDSyEEuk**
**qufvufqBq\ifnfa'o**

နိဂုံးချုပ်အားဖြင့် ရင်းနှီးမြှုပ်နှံသူများသည် အထက်ဖော်ပြပါ တိုးတက်မှုကို မောင်းနှင်လျက်ရှိသော အချက်များနှင့်အတူ အကျိုးရှိမည့်ကဏ္ဍများတွင် ရွေးချယ်ရင်းနှီးမြှုပ်နှံနိုင်သည်။ ဥပမာအားဖြင့် အိမ်၊ ခြံ၊ မြေ၊ ဆက်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းအပါအဝင် စားသုံးမှုဦးဆောင်သော လုပ်ငန်းများ (Consumption-driven industries) နှင့် စားသုံးမှုနှင့် ဆက်နွယ်သော လုပ်ငန်းများ (Consumption-related Industries) တွင် စဉ်းစားရင်းနှီးမြှုပ်နှံနိုင်သည်။ အာဆီယံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တိုးတက်လာမည့် ငွေရေးကြေးရေး၊ အခြေခံ အဆောက်အဦနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံနိုင်သည်။

နောက်ဆုံးအနေဖြင့် E-commerce အပါအဝင် နောက်ဆုံးပေါ် Applications နှင့် Initiatives အသုံးပြုလျက်ရှိသော အာဆီယံဒေသ၏ နည်းပညာကဏ္ဍတွင်လည်း ရင်းနှီးမြှုပ်နှံနိုင်ပါသည်။ ဥပမာ-စင်ကာပူ၏ Smart Nation အစီအစဉ်က စင်ကာပူနိုင်ငံအား အဆင့်မြင့်နည်းပညာသုံး အချက်အချာနေရာ (High-tech Hub) အဖြစ် ပြောင်းလဲပေးပါသည်။ လက်ရှိအချိန်တွင် ကမ္ဘာလုံးဆိုင်ရာမက်ခရိုစီးပွားရေးမတည်ငြိမ်မှုနှင့် ပထဝီဝင်နိုင်ငံရေးဆိုင်ရာ ဘေးအန္တရာယ်များ (Geopolitical Risks) ဖြစ်ပေါ်နေပါသည်။ သို့ပါသော်လည်း အာဆီယံဒေသအတွက် တိုးတက်မှုကို ဖြစ်စေသောအချက်များ (Growth Drivers) မှာ အခြေအနေကောင်းနေပြီး အာဆီယံဒေသအပေါ် ရှုမြင်သုံးသပ်ချက်များမှာလည်း အပေါင်းလက္ခဏာဆောင်လျက်ရှိပါသည်။ အဆိုပါအချက်များကို ထောက်ရှုခြင်းအားဖြင့် အာဆီယံဒေသသည် ဆယ်စုနှစ်ပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်သောဒေသအဖြစ် ဆက်လက် ရပ်တည်နေနိုင်ကြောင်းပါခင်ဗျား။

**Source: straitstimes.com**

# အာဆီယံဒေသ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး လှုပ်ရှားမှုများ

ခရီးသွားလုပ်ငန်းသည် ထိုင်းနိုင်ငံ၏ စီးပွားရေးအတွက်သာမက အိမ်နီးချင်းနိုင်ငံများ၏ စီးပွားရေးအတွက်လည်း အလွန်အရေးပါသောလုပ်ငန်းတစ်ခုဖြစ်ပါသည်။ WTTC (World Travel and Tourism Council)မှ ထုတ်ပြန်သည့် အချက်အလက်များအရ ခရီးသွားလုပ်ငန်းသည် အာဆီယံနိုင်ငံများ၏ စုစုပေါင်း ဂျီဒီပီ၌ ၁၂ ရာခိုင်နှုန်းကျော်အထိ အထောက်အကူပြုလျက်ရှိရာ အာဆီယံဒေသကြီးကို တစ်ခုတည်းသော ခရီးသွားနေရာအဖြစ် ဖန်တီးရာတွင် အဖွဲ့ဝင်နိုင်ငံအားလုံး၏ ခိုင်မာသောပူး ပေါင်းဆောင်ရွက်မှုများ လိုအပ်သည်။

အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံခရီးသွားဝန်ကြီးများအဆင့် အစည်းအဝေးကို ပြီးခဲ့သော ဇန်နဝါရီလက ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ကျင်းပခဲ့သည်။ အာဆီယံအဖွဲ့ဝင် နိုင်ငံအသီးသီးမှ အစိုးရကိုယ်စားလှယ်များ တက်ရောက်ခဲ့သည့် Asean TourismForum ၌ ပင်လယ်ရေကြောင်းခရီးသွားလုပ်ငန်း (Cruise tourism)၊ အစားအသောက်ချက်ပြုတ်မှုဆိုင်ရာ ခရီးသွားလုပ်ငန်း (Gastronomy tourism)၊ ခရီးသွားကဏ္ဍရင်းနှီးမြှုပ်နှံမှု (Tourism investment)နှင့် အားလုံးအတွက် ခရီးသွားလုပ်ငန်း (Tourism for all) စသည့် အကြောင်းအရာများနှင့် သက်ဆိုင်သည့် သဘောတူညီချက်များကိုလည်း ထုတ်ပြန်ခဲ့သည်။ ထို့နောက် ဒေသတွင်း ခရီးသွားအခြေခံအဆောက် အဦများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရထား၊ ကားနှင့် လေကြောင်းလမ်းများအားလုံးနှင့် လွယ်ကူစွာချိတ်ဆက်သွားလာနိုင် ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ အာဆီ ယံဒေသတွင်း၌ ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများကို အဖွဲ့ဝင်နိုင်ငံအချင်းချင်း မျှဝေပေးရေးကို တွန်းအားပေးရာ၌ ဈေးကွက်မဟာဗျူဟာ၊ ဝန်ထမ်း လုပ်ငန်းဆိုင်ရာဖွံ့ဖြိုးရေးနှင့် အဆင့်အတန်း သတ်မှတ်ရေးတို့တွင် ပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်ရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။ ချင်းမိုင်တွင် ကျင်းပခဲ့သည့် ခရီးသွား ဖိုရမ်သည် အာဆီယံဒေသကြီးတစ်ခုလုံး၏ အခြေခံရည်မှန်းချက်များရရှိရေးတွင် အလွန်အရေးပါသော တိုးတက်မှုများအတွက် အထောက်အပံ့ပြုခဲ့ကြောင်း ထိုင်းခရီးသွားနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး Mr. Weerasak Kowsurat က ပြောကြားခဲ့သည်။

အာဆီယံနိုင်ငံများသည် ဒေသတွင်းခရီးသွားလုပ်ငန်း မြှင့်တင်ရန်အတွက် ၂၀၁၇ ခုနှစ်တွင် Visit Asean@50 ဆောင်ပုဒ်ကို ချမှတ် ဆောင်ရွက်ခဲ့ပြီး အာဆီယံဒေသသည် ၂၀၁၇ ခုနှစ်အတွင်း နိုင်ငံတကာ ခရီးသွားအရေအတွက် စုစုပေါင်း ၁၂၆ သန်းကို လက်ခံရရှိခဲ့သည်။ ထိုင်းနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်တွင် နိုင်ငံတကာ ခရီးသွားအရေအတွက် စုစုပေါင်း ၃၅ သန်းကျော်ကိုလက်ခံရရှိခဲ့ရာ ခရီးသွားလုပ်ငန်းသည် တိုင်းပြည်ဂျီဒီပီအတွက် ၂၀ ရာခိုင်နှုန်းကျော်အထိ အထောက်အကူပြုခဲ့ကြောင်း တွေ့ရှိရသည်။ အာဆီယံနိုင်ငံများအချင်းချင်း ခရီးသွားလာမှုသည် နိုင်ငံတကာ ခရီးသွား စုစုပေါင်း၏ ၄၂ ရာခိုင်နှုန်းရှိပြီးပျမ်းမျှ နေထိုင်ရက်မှာ ၇ ဒသမ ၈၉ ရက်ကြာ မြင့်ပါသည်။ ထို့နောက် ၂၀၁၇ ခုနှစ်အတွင်း အာဆီယံ အဖွဲ့ဝင် ၁၀ နိုင်ငံ၏ ခရီးသွားလုပ်ငန်းမှ ရရှိသည့်ဝင်ငွေသည် စုစုပေါင်းအမေရိကန်ဒေါ်လာ ၉၃ ဘီလီယံ (ထိုင်း ဘတ် ၂ ဒသမ ၉၂ ထရီလီယံ) ရှိခဲ့ကြောင်းတွေ့ရှိရသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်သည့်ဝန်ထမ်းဦးရေသည် ၂၀၂၆ ခုနှစ်တွင် သန်း ၈၀ ကို ကျော်လွန်မည်ဟု WTTC က မျှော်မှန်းထားသည်။

ခရီးသွားလုပ်ငန်းဆက်လက်တိုးတက်စေရန်အတွက် အာဆီယံ ခရီး သွားဝန်ကြီးများသည် နိုင်ငံအများစု ရင်ဆိုင်ကြုံတွေ့နေရသည့် သက်ကြီး လူ့အဖွဲ့အစည်းအတွက် အထောက်အကူပြုမည့် နယ်ပယ်သစ်များကိုလည်း အလေးထားရန် သန္နိဋ္ဌာန်ချမှတ်ခဲ့ကြသည်။ အထူးသဖြင့် မသန်စွမ်းသူများ၊ အသက်အရွယ်ကြီးရင့်သူများ၊ မိန်းကလေးများနှင့် ကလေးသူငယ်များအတွက် လိုအပ်သော ခရီးသွားအခြေခံ အဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှုကို အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တွန်းအားပေးဆောင်ရွက်ရန်ဖြစ်သည်။ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အဦ၊ ထောက်ပံ့ပေးရေးနှင့် ဝန်ဆောင်မှုများကို တိုးချဲ့ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ဖြေလျှော့ပေးခြင်းအပါအဝင် အခြားသော ဆွဲဆောင်မှုများ ချမှတ်၍ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပေးရန်လိုအပ်ပါသည်။ အာဆီယံ၏ Visit Asean@50 လှုပ်ရှားမှုအား ဒေသတွင်း၌ သာမကအပြည်ပြည်ဆိုင်ရာ အထိ ဆက်လက်အောင်မြင်မှုရရှိရန် အတွက်ပုဂ္ဂလိကကဏ္ဍနှင့် ဈေးကွက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တွန်းအားပေးရမည်ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင်လက်မှတ်ရေးထိုးခဲ့သည့် Asean Framework Agreement on Facilitation of Cross Border Transport of Passengers by Road Vehicles သည် အထူးသဖြင့် ဒေသတွင်း ကုန်းလမ်းနှင့် ပင်လယ်ရေကြောင်း ခရီးသွားလုပ်ငန်း မြှင့်တင်ပေးမည်ဖြစ်ကြောင်း၊ ထို့အပြင်သဘော်ာဖြင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်ရေးကိုလည်း အာဆီယံခရီးသွားဝန်ကြီးများက ဆွေးနွေးခဲ့ကြပြီး ခရီးသွားသင်္ဘောများ၏စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်းအပြင် ပင်လယ်ရေကြောင်း ခရီးလုပ်ငန်းအချက်အချာဖြစ်လာစေရန် စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြပါသည်။ အာဆီယံ၏ Mutual Recongni tion Agreement-Tourism Professional (MRA-TP) အား ယခုနှစ်ဇွန်လအတွင်း ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပမည့်အစည်းအဝေး၌ ဆွေးနွေးကြမည်ဖြစ်ရာ MRA-TP မှ ရရှိမည့် အကျိုးကျေးဇူးများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် ဝန်ဆောင်မှုတိုးတက်ရေး ကိစ္စရပ်များကို အလေးထားဆွေးနွေးရန် ရှိကြောင်း သိရှိရသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကော်ပိုရေးရှင်းများ ပြန်လည်ဖွဲ့စည်းတည်ဆောက်မှု၏ ဂယက်ရိုက်ခတ်မှုဒဏ်ကို သက်သာစေရန် တောင်ကိုရီးယားက ဒေါ်လာသန်း ၂၀၀ ကျော် ထုတ်ချေးမည်

ဂျင်နရယ်မော်တာ (ဂျီအမ်) ကားကုမ္ပဏီက မကြာမီစက်ရုံပိတ်သိမ်းတော့မည့်ဒေသများအပါအဝင် ဒေသအသီးသီးရှိ ကော်ပိုရေးရှင်းများ ပြန်လည်ဖွဲ့စည်း တည်ဆောက်မှုကြောင့် ထိခိုက်ခံရသည့်ဒေသများအား အာမခံချေးငွေနှင့် အတိုးနှုန်း သက်သာသောချေးငွေဝမ် ဘီလီယံ ၂၄၀ (အမေရိကန်ဒေါ်လာ ၂၂၄ ဒသမ ၇၂ သန်း) ထုတ်ချေးမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံအစိုးရ၏ မတ် ၈ ရက်က ကြေညာချက်ကို ရိုက်တာသတင်းတွင် ဖော်ပြခဲ့သည်။

လက်ခွဲကန်ထရိုက် ၃၉၅ ဦး၊ အသေးစားစီးပွားရေးလုပ်ငန်းပိုင်ရှင်များ၊ ဂူဆန်မှအလုပ်သမားများနှင့် တန်ဂျောင်းဒေသမှ လုပ်ငန်းများမှာ ချေးငွေအတွက်အကျုံးဝင်သောဒေသများဖြစ်ကြောင်း၊ ကုန်သွယ်ရေး၊ စက်မှုလုပ်ငန်းနှင့် စွမ်းအင်ဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။ ဂူဆန်ဒေသမှာ မေလတွင်အမေရိကန်မော်တော်ကားကုမ္ပဏီဂျီအမ်က စက်ရုံကိုပိတ်သိမ်းမည့်နေရာဖြစ်သည်။

တန်ဂျောင်းဒေသသည် ဆိုးလ်မြို့၏တောင်ဘက်တွင်တည်ရှိပြီး လောလောဆယ်တွင် ဒေဝါလီခံရန်တရားရုံး၏ ထိန်းသိမ်းမှုကို ခံယူနေရသော အလတ်စားသင်္ဘောကျင်းဖြစ်သည့် ဆန်းဒေါင်းသင်္ဘောတည်ဆောက်ရေးနှင့် ပင်လယ်ရေကြောင်း ကုမ္ပဏီတည်ရှိရာနေရာဖြစ်သည်။

“ဒေသတွင်းစီးပွားရေးမှာ အချိုးအစားအများကြီးပါဝင်နေတဲ့ စက်မှုလုပ်ငန်းတွေမှာဖြစ်ပေါ်နေတဲ့အကျပ်အတည်းများကြောင့် အလုပ်လက်မဲ့အန္တရာယ်ကြီးထွားမှုနဲ့ လက်ခွဲကန်ထရိုက်တွေရဲ့ ငွေကြေးကျပ်တည်းမှုအတွက် စိုးရိမ်မှုတွေကို ပိုမိုကြီးထွားလာစေပါတယ်” ဟု ဝန်ကြီးဌာနက ပြောသည်။

ဝမ်ဘီလီယံ ၂၄၀ အနက် ဝမ်ဘီလီယံ ၁၃၀ ကို လက်ခွဲကန်ထရိုက်များအတွက် အာမခံချေးငွေ၊ ဝမ်ဘီလီယံ ၅၀ ကိုအသေးစားစက်မှုလုပ်ငန်းပိုင်ရှင်များအတွက် အတိုးနှုန်း သက်သာသော ချေးငွေနှင့် ကျန်ဝမ်ဘီ လီယံ ၆၀ ကို အထူးအာမခံချေးငွေများ အဖြစ် ထုတ်ချေးသွားမည်ဖြစ်သည်။

■

# အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှုစစ်ပွဲအတွက် “လိုအပ်သောတုံ့ပြန်မှုများ” ကို တရုတ်က ဆောင်ရွက်မည်



အမေရိကန်နိုင်ငံနှင့် ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားပါက တရုတ်နိုင်ငံက လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ဤသို့သောစစ်ပွဲမျိုးက နှစ်ဖက်စလုံးကို ထိခိုက်စေမှာဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီ၏မတ် ၈ ရက်က ပြောကြားချက်ကို ရိုက်တာသတင်းတွင်ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု သမ္မတဒေါ်နယ်ထရမ့်က ပြည်ပမှ တင်သွင်းသောသံမဏိအတွက် အကောက် ခွန် ၂၅ ရာခိုင်နှုန်းနှင့် အလူမီနီယံအတွက် ၁၀ ရာခိုင်နှုန်းကို ယခုရက်သ တ္တပတ်မှစ၍ ကောက်ခံမည်ဟု ခန့်မှန်းရသည်။ သို့ရာတွင် အမျိုးသားလုံခြုံရေး အခြေအနေပေါ်မူတည်၍ မက္ကဆီကို၊ ကနေဒါနှင့် အခြားနိုင်ငံတချို့ အတွက် အိမ်ဖြူတော်က ကင်းလွတ်ခွင့်ရက် ၃၀ ပေးသွားမည်။

ထရမ့်၏ ယခုလှုပ်ရှားမှု၏ ရည်ရွယ်ချက်မှာ ထရမ့်၏အဆိုအရ အမေရိကန် စက်မှုလုပ်ငန်းကို လျော့ကျသွားစေနိုင်သည့်ဈေးပေါသော ကုန်စည်များ အထူးသဖြင့်တရုတ်ကုန်ပစ္စည်းများကိုတန်ပြန်ရန်ဖြစ်သည်။

ထရမ့်၏အစိုးရအဖွဲ့သည် ကွန်ဂရက်မှ ရီပတ်ဘလီကန် ကိုယ်စားလှယ်များနှင့် စီးပွားရေးကိုထိခိုက်လာမည်ကို စိုးရိမ်နေသော စီးပွားရေးလုပ်ငန်းရှင်များ၏ အခွန်အကောက်နှင့် ပတ်သက်သော ဆန့်ကျင်မှုများနှင့် ရင်ဆိုင်နေရသည်။

အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေးတင်းမာမှုသည် ယခုနှစ်တွင် တရုတ်နိုင်ငံရင်ဆိုင်နေရသော အန္တရာယ်များတွင် ထိပ်ဆုံးက ပါဝင်နေကြောင်း ဂျာမန်ကောမတ်စ်ဘဏ်မှ ထွန်းသစ်စဈေးကွက်များဆိုင်ရာ အကြီးတန်းအရာရှိ ချောင်ဟောင်က ရိုက်တာအဖွဲ့၏ ကမ္ဘာ့ဈေးကွက်များဖိုရမ် တွင်ပြောသည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဖေဖော်ဝါရီတွင် တရုတ်နိုင်ငံ၏ပို့ကုန်သည် ၄၄ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ကိန်းဂဏန်းများက ပြသလျက်ရှိသည်။

တရုတ်နှင့် အမေရိကန်နိုင်ငံတို့သည် ပြိုင်ဖက်များမဖြစ်သင့်ကြောင်း ပြဿနာများကိုဖြေရှင်းရာတွင် ကုန်သွယ်ရေးစစ်ပွဲများသည် မှန်ကန်သော နည်းလမ်းမဟုတ်ကြောင်း တရုတ်နိုင်ငံ ပြည်သူ့လွှတ်တော်နှစ်ပတ်လည် အစည်းအဝေးအပြီး အလွတ်သဘောတွေ့ဆုံရာတွင် ဝမ်ကပြောသည်။

“အထူးသဖြင့် ယခုလို ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ ကုန်သွယ်ရေးစစ်ပွဲကို ရွေးချယ်တာက မှားယွင်းတဲ့ခံ ယူချက်ဖြစ်ပါတယ်။ ရလဒ်ကလည်း ဆိုးရွားတဲ့ရလဒ်သာဖြစ်ပါမယ်”ဟု ဝမ်က ပြောသည်။

တရုတ်နိုင်ငံက တရားမျှတပြီး လိုအပ်သည့်တုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သူကပြော သည်။ ခေတ်မီနိုင်ငံတော်အဖြစ် ရောက်ရှိစေရန် တရုတ်နိုင်ငံက ချီတက်ရမည့် လမ်းကြောင်းမှာ ရှည်လျားကြောင်းနှင့် တရုတ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စု၏နေရာကို အစားထိုး ဝင်ရောက်ရန်မလိုအပ်သကဲ့သို့ အစားထိုးဝင်ရောက်မှာလည်း မဟုတ်ကြောင်း သူကပြောသည်။

နှစ်နိုင်ငံ ကုန်သွယ်ရေးတင်းမာမှုများသည် ၂၀၁၇ ခုနှစ်တွင် ထရမ့် သမ္မတရာထူးထမ်းဆောင်ချိန်မှစတင်ခဲ့ပြီး တရုတ်နိုင်ငံ၏ သံမဏိတင်ပို့မှုမှာ အမေရိကန်တင်သွင်းမှု၏ အစိတ်အပိုင်းအနည်းငယ်မျှသာဖြစ်သော်လည်း တရုတ်နိုင်ငံမှ ထုတ်လုပ်မှုအဆမတန်မြင့်တက်မှုကြောင့် ကမ္ဘာ့သံမဏိ ဈေးကွက်တွင် ဈေးနှုန်းများကျဆင်းခဲ့သည်။

# အသေးစားလယ်သမားများ စိုက်ပျိုးရေးနည်းလမ်းသစ်များကိုရရှိရန် ဗီယက်နမ်အစိုးရကအကူအညီပေး

ဗီယက်နမ်လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန (MARD) လက်အောက်ရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဌာန (DCRD) နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) ဖြစ်သည့် Good Neighbours International (GNI) တို့သည် မတ် ၇ ရက်က သဘောတူစာချုပ်ချုပ်ဆိုခဲ့ရာ စာချုပ်အရ ဝေးလံခေါင်ပါးသောဒေသများအား လယ်ယာစိုက်ပျိုးရေးနည်းလမ်းသစ်များနှင့် လယ်ယာထွက်ကုန် တန်ဖိုးကွင်းဆက်နှင့် မိတ်ဆက်ပေးရန် ရည်ရွယ်ကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင်ဖော်ပြသည်။

လယ်ယာစိုက်ပျိုးရေးသမဝါယမအဖွဲ့အစည်းသစ်များ ထူထောင်ခြင်း၊ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းနှင့် GNI ကဆောင်ရွက်လျက်ရှိသောနယ်မြေများရှိ လယ်ယာစိုက်ပျိုးရေးအစားအစာကွင်းဆက်များကို အထောက်အကူပြုရန်ဖွံ့ဖြိုးရေးအကူအညီအစီအစဉ်ကို ဆောင်ရွက်လျက်ရှိသည်။ အဓိကအကျိုးခံစားခွင့်ရှိသူများမှာတောင်ပေါ်ဒေသနှင့် တိုင်းရင်းသားလူနည်းစုများနေထိုင်ရာဒေသမှ ပြည်သူများဖြစ်သည်။

၂၀၁၈-၂၀၂၀ ပြည့်နှစ်ကာလအတွင်း ဆောင်ရွက်မည့် အကူအညီပေးရေး ပထမအဆင့်တွင် စွမ်းဆောင်ရည်ပြည့်ဝသော ကုန်ထုတ်လုပ်မှုနှင့် ဝင်ငွေရရှိမှုကောင်းမွန်အောင်ဆောင်ရွက်နေသောသမဝါယမလုပ်ငန်းများကို ထောက်ပံ့ရန်ရည်ရွယ်ထားသည်။ အဆုံးစွန်ရည်မှန်းချက်မှာ လယ်ယာစိုက်ပျိုးရေးကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရေးနှင့် ဈေးကွက်တင်ပို့ရောင်းချမှုလုပ်ငန်းများကို ရေရှည်တည်တံ့သောလယ်ယာစိုက်ပျိုးရေးအစားအစာကွင်းဆက်များနှင့် ချိတ်ဆက်ပေးရန်ဖြစ်သည်။

ထောက်ပံ့ရေးအစီအစဉ်အရ GNI သည် သန်းဟိုအာ၊ ဟိုအာဘင်းနှင့် တူယင်ကွမ် စသည့်ပြည်နယ်သုံးခုတွင် တောင်သူလယ်သမားပေါင်း တစ်ထောင်ကျော်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဗီယက်နမ်နိုင်ငံရှိGNI ၏ကိုယ်စားလှယ်အကြီးအကဲ အန်ယောင်းဆစ်က ပြောသည်။ လယ်သမားများက ၎င်းတို့၏ ပစ္စည်းများအား ဖြန့်ဖြူးပေးမည့်သူများကို ရှာဖွေရာတွင် အထောက်အကူပြုနိုင်ရန် အတွက် GNI သည် ဟန္နိုင်းမြို့ရှိ စူပါမားကတ်နှင့် စတိုးဆိုင် အများအပြားနှင့် တောင်သူလယ်သမားများကို ဆက်သွယ်ထားသည်။

# ထရမ့်၏ အကောက်ခွန်တိုးမြှင့်မှုကြောင့် အီးယူ၏စိုးရိမ်မှုမြင့်တက်လာ

ထရမ့်၏ ကိုယ်ကျိုးစီးပွားကာကွယ်မှုကိုအကြောင်းပြု၍ ဖြစ်လာသော အငြင်းပွားမှုကြောင့် သမ္မတ၏ ကုန်သွယ်မှုအကြံပေး Gary Cohn နုတ်ထွက်မှုကို စိုးရိမ်ကြောင်း ဂျာမနီနိုင်ငံက အချက်ပေးလိုက်ပြီး နောက်ပိုင်း သွင်းကုန်အကောက်ခွန်တိုးမြှင့်ရေး ထရမ့်၏အစီအစဉ်အတွက် ဥရောပသမဂ္ဂ(အီးယူ)က စိုးရိမ်မှုမြင့်တက်လာသည်ကို ပြသခဲ့ကြောင်း ဘလွမ်းဘတ်သတင်းတွင် ဖော်ပြသည်။

“အမေရိကန်ပြည်ထောင်စုဘက်က ဆောင်ရွက်နေတဲ့ အစီအစဉ်ကို နောက်ဆုံးကျရင်တော့ ကျွန်တော်တို့ လက်ခံနိုင်မှာမဟုတ်ပါဘူး”ဟု အမေရိကန်ပြည်ထောင်စု၏အစီအစဉ်များနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ရေး အီးယူအမှုဆောင်အဖွဲ့အစည်း အဝေးမတိုင်မီ ဘလွမ်းဘတ်တယ်လီဗေးရှင်းနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ဥရောပကော်မရှင်ဒုတိယဥက္ကဋ္ဌ မာဒစ် ဒွန်ဘရော့စကီကပြောသည်။

“အမေရိကန်ပြည်ထောင်စုက တစ်ဖက်သတ်အခွန်တိုးမြှင့်တာတွေ လုပ်လာရင် အီးယူကလည်း ပြန်လည်တုံ့ပြန်မယ်ဆိုတာ ရှင်းပါတယ်”ဟု သူက ပြောသည်။

ဂျာမနီအစိုးရသည် ကုန်သွယ်ရေးပဋိပက္ခများ ပြင်းထန်လာမည်ကို ရှောင်ရှားရန်နည်းလမ်းရှာဖွေနေချိန်တွင် အခြေအနေမှာ ‘ပြင်းထန်လျက်’ ရှိသဖြင့် သူ၏ဆုံးဖြတ်ချက်ကို ပြန်လည်စဉ်းစားရန်ထရမ့်အား ဂျာမနီနိုင်ငံ စီးပွားရေးဝန်ကြီးဟောင်း ဘရစ်ဂျစ်ဇိုင်ပရိုင်းက တိုက်တွန်းသည်။ သမ္မတအကြံပေး Cohn နုတ်ထွက်ခြင်းကလည်း ကုန်သွယ်ရေးဆက်ဆံမှုများကို အေးစက်စေနိုင်ကြောင်း ဝန်ကြီးဟောင်းက ပြောသည်။

ထရမ့်၏အကောက်ခွန်မြှင့်တင်မှုကြောင့် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ကမ္ဘာ့ကူးသန်းရောင်းဝယ်ရေးကို ထိန်းကျောင်းခဲ့သော စည်းမျဉ်းဥပဒေများ ပျက်စီးစေနိုင်ကြောင်း ဥရောပကော်မရှင်က ပြောသည်။ နောက်ဆုံးဖြစ်ပေါ်ခဲ့သော အငြင်းပွားမှုကြောင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးနှင့် အရှေ့အလယ်ပိုင်းမူဝါဒ စသည့်နောက်ဆက်တွဲအငြင်းပွားမှုများကို ဆက်တိုက်ဖြစ်ပေါ်စေခဲ့သည်။

■

ဥက္ကာတင်စုစည်းတင်ပြသည်။



CB BANK

# International **Trade** Services

## သွင်းကုန်လုပ်ငန်း

- ပြည်တွင်းသွင်းကုန် ငွေလွှဲစာတမ်းများ ဖွင့်လှစ်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းပြင်ဆင်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းအတွက် ငွေပေးချေခြင်း။
- ပြည်တွင်းငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း၊ ယုံကြည်မှုဖြင့် ဝယ်ယူထားသော ကုန်ပစ္စည်းအား ထုတ်ပေး၍ ယာယီ ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ်ဖြင့်ရောက်ရှိလာသောသွင်းကုန်ပစ္စည်းဖိုးအား ပေးချေခြင်း။
- သဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။

## ပို့ကုန်လုပ်ငန်း

- ပို့ကုန်ငွေလွှဲစာတမ်း ဝန်ဆောင်မှု။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ငွေလွှဲစာတမ်းစနစ်)။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ကောက်ခံရေးစနစ်)။
- ငွေလွှဲစာတမ်းဖြင့် ပြုလုပ်ထားသော ကုန်တင်ပို့သည့် စာရွက်စာတမ်း အထောက်အထားပေါ်တွင် ငွေကြိုတင် ထုတ်ပေးခြင်း။

## Export Financing

- သဘောမတင်မီ ချေးငွေထုတ်ယူခြင်း။
  (၁) သဘောမတင်မီ ကုန်ပစ္စည်း ဝယ်ယူထုတ်လုပ်ရန် ကြိုတင်ချေးငွေ ထုတ်ပေးခြင်း။
- သဘောတင်ပြီး ကြိုတင်ငွေထုတ်ယူခြင်း။
  (၁) ကုန်တန်ဘိုးငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
  (၂) ဆိုင်းငံ့ကာလဖြင့် အသုံးပြုထားသော ထုတ်ကုန်ငွေလွှဲစာတမ်းပေါ်တွင် သဘောတင်စာရွက်စာတမ်း အထောက်အထားများ ဝယ်ယူခြင်း။
  (၃) DP စနစ်ဖြင့် ကုန်ပစ္စည်းတင်ပို့သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

## International Funds Transfer (T.T.)

- ပြည်ပမှ လွှဲပို့ငွေများအား Customer ၏ စာရင်းသို့ ထည့်သွင်းပေးခြင်း။
- ပြည်ပသို့ Customer ၏ နိုင်ငံခြားငွေစာရင်းမှ ငွေကို ငွေလွှဲပေးပို့ခြင်း။

## Bank Guarantee

- Standby Letter of Credit ဖွင့်လှစ်ခြင်း နှင့် ပြင်ဆင်ခြင်း။
- Standby letter of Credit အကြောင်းကြားခြင်း နှင့် ပြင်ဆင်ချက်များအား အကြောင်းကြားပေးခြင်း။
  (e.g. Bid Bond Guarantee, Performance Guarantee, Payment Guarantee, Warranty Guarantee)

Best Structured Trade Finance in Myanmar Award 2017 (The Asset Triple A)

Best Trade Finance in Myanmar Award 2017 (Asian Banking and Finance)

Call Centre : (+951) 231 7770

Hotline :

(+951) 378 644 - **Trade (Import/ Export)**

(+951) 378 643 - **Outward Remittance**

(+951) 378 645 - **Inward Remittance**

www.cbbank.com.mm

CBBankmyanmar

trade.dept@cbbank.com.mm


Ocean
SUPERCENTER
မြန်မာ့နှစ်ဦး
အထူးလက်ဆောင်
မတ်လ (၁၂) ရက်မှ ဧပြီလ (၁၂) ရက်အထိ
ကျပ် (၂) သောင်းဖိုးဝယ်ယူရုံဖြင့်
(၁၀) သိန်းတန်ဈေးဝယ်ခွင့်ကဒ် (၁၃) ကဒ်အပါအဝင်
ကျပ်သိန်း (၂၅၀) ကျော်တန်ဖိုးရှိ အခြားအဖိုးတန်ဈေးဝယ်ခွင့်ကဒ်များကံထူးနိုင်မည့်အခွင့်အရေး။
North Point ဆိုင်ခွဲ (၉) မိုင်
Ph : 01-652963, 651200, 660100
ပုဇွန်တောင်ဆိုင်ခွဲ
Ph : 01-397900, 397142
ရွှေဂုံတိုင် ဆိုင်ခွဲ
Ph : 01-8603867-69
ဥတ္တရသီရိ (နေပြည်တော်) ဆိုင်ခွဲ
Ph : 067 417621 – 417629
Junction Centre (နေပြည်တော်) ဆိုင်ခွဲ
Ph : 067 - 421619, 421620
မင်္ဂလာ မန္တလေး ဆိုင်ခွဲ
Ph : 02- 2000112 – 116
ဒိုင်းမွန်းပလာဇာ ဆိုင်ခွဲ
Ph : 02 - 67187
မုံရွာ ဆိုင်ခွဲ
Ph : 071-28372 / 28373
မော်လမြိုင် ဆိုင်ခွဲ
Ph : 057- 24137, 24187
ပုသိမ် ဆိုင်ခွဲ
Ph : 042 - 23970~74
တောင်ကြီး ဆိုင်ခွဲ
Ph : 081-2125683~85
လှိုင်သာယာ ဆိုင်ခွဲ
Ph : 01-9648200~209
City Mall (စိန့်ဂျွန်းဆိုင်ခွဲ)
Ph : 01-395400~417
Ocean_Supercenter
www.facebook.com/OceanSupercenterMyanmar
Ocean Supercenter Myanmar

# COMMERCE INTERNATIONAL

## အမေရိကန်ပြည်ထောင်စုမပါဘဲ နိုင်ငံပေါင်း ၁၁ နိုင်ငံ ကုန်သွယ်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုး

ပစိဖိတ်ဒေသ နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ကုန်သွယ်ရေးဝန်ကြီးများသည် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရန်နှင့် အကောက်ခွန်လျှော့ ချနိုင်ရန် ရည်ရွယ်ချက်ဖြင့် လွတ်လပ်စွာကုန်သွယ်မှု သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်းနှင့် ယခုကဲ့သို့ လက်မှတ်ရေးထိုးခြင်းမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်ထုတ်လုပ် သူများကို ကာကွယ်ရန် သံမဏိနှင့် အလူမီနီယံသွင်းကုန်ခွန်သစ်များကို မကြေညာမီ နာရီပိုင်းအလိုတွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အေပီသတင်းတွင် ဖော်ပြသည်။



ထရမ့်သည် အမေရိကန်ပြည်ထောင်စုကို ပစိဖိတ်ဖြတ် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (Trans-Pacific Partnership-TPP) မှ ယခင်နှစ်က နုတ်ထွက်စေခဲ့ခြင်းဖြင့် ဩဇာကြီးမားသော အမေရိကန်ပြည်ထောင်စုမပါဘဲ ယင်းသဘောတူစာချုပ်သည် ဖွံ့ဖြိုးတိုးတက်မှု ရှိနိုင်ပါမည်လားဟူသော စိုးရိမ်မှုကို ဖြစ်ပေါ်စေခဲ့သည်။ သို့သော်လည်း ကျန်နိုင်ငံ ၁၁ နိုင်ငံတို့သည် ရှေ့သို့ ဆက်လက်ချီတက်ခဲ့ကြ ခြင်းဖြင့် ကမ္ဘာ့ကုန်သွယ်မှုမှတစ်ဆင့် ကိုယ်ကျိုးစီးပွား ကာကွယ်သည့် လုပ်ရပ်ကိုဆန့်ကျင်ကြောင်း ပြသနိုင်ခဲ့သည်ဟု ဆိုပါသည်။

ဝန်ကြီးများသည် အဓိကပြဌာန်းချက်ဖြစ်သော အမေရိကန် လူမျိုးများသည် ဉာဏပစ္စည်း ပိုင်ဆိုင်ခွင့် အပါအဝင်အခြားသော ပိုင်ဆိုင်ခွင့်များအတွက် အကာအကွယ်များ လိုအပ်နေသည်ဟူသော ပြဌာန်းချက်ကို ထုတ်ပယ်ခဲ့သည်။ ချီလီနိုင်ငံမြို့တော်တွင် ပြန်လည်စေ့စပ်ညှိနှိုင်းပြီး လက်မှတ်ရေးထိုးခဲ့သော ယခုသဘောတူစာချုပ်ကို ဘက်စုံနှင့် တိုးတက်သော ပစိဖိတ်ဖြတ်ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် (Comprehansive and Progressive Trans-Pacific Partnership-CPTPP) ဟု အမည်ပေးခဲ့သည်။

“အခက်အခဲ စိန်ခေါ်မှုအမျိုးမျိုးရှိပေမယ့် CPTPP က သမိုင်းဝင်အောင်မြင်မှု တစ်ခုဖြစ်ပြီး အာရှ-ပစိဖိတ်ဒေသမှာ ၂၁ ရာစု အတွက် တရားမျှတပြီး လွတ်လပ်တဲ့ စည်းမျဉ်းတွေကို ပြဌာန်းပေးပါတယ်”ဟု သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးနောက် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ဂျပန်စီးပွားရေးဝန်ကြီး မစ္စတာတိုရှိမစ်ဆုမိုတဲဂီက ပြောသည်။

သဘောတူစာချုပ်တွင် ဩစတြေးလျ၊ ဘရူနိုင်း၊ ကနေဒါ၊ ချီလီ၊ ဂျပန်၊ မလေးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ ပီရူး၊ စင်ကာပူနှင့် ဗီယက်နမ်တို့ ပါဝင်ပြီး လူဦးရေအားဖြင့် သန်း ၅၀၀ ရှိကာ ကမ္ဘာ့စီးပွားရေး၏ ၁၃ ရာခိုင်နှုန်းကို အကောင်အထည် ဖော်ပေးလျက်ရှိသည်။

စာချုပ်ကိုအောင်မြင်အောင် ချုပ်ဆိုနိုင်ခြင်းဖြင့် ကုန်သွယ်မှုတွင် ထရမ့်၏ ကိုယ်ကျိုးစီးပွား ကာကွယ်မှုနှင့် သူ၏ “အမေရိကန်ပထမ” ဟူသော အယူအဆအရ ဆောင်ရွက်နေသော အမေရိကန်နိုင်ငံကို အထီးကျန်ဘဝသို့ ရောက်ရှိစေခဲ့သည်။ အာရှ-ပစိဖိတ်ဒေသတွင် ကုန်သွယ်မှု စည်းမျဉ်းများကို ပုံဖော်လိုသော အမေရိကန်ပြည်ထောင်စု၏ စွမ်းဆောင်ရည်မှာ ပျောက်ကွယ်သွားပြီဖြစ်ကြောင်း ဘရွတ်ကင်းတက္ကသိုလ် ကမ္ဘာ့စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် အကြီးတန်းအဖွဲ့ဝင် ဂျိုရှူအာမဲလ်ဇာက ပြောသည်။

ပထမ TPP အဖွဲ့ဝင်နိုင်ငံများတွင် စီးပွားရေးအရ အင်အားအကြီးဆုံးဖြစ်ခဲ့သော အမေရိကန်ပြည်ထောင်စုသည် သမ္မတထရမ့် တာဝန်မယူမီ ကုန်သွယ်မှု စေ့စပ်ဆွေးနွေးမှုများတွင် အတက်ကြွဆုံး ပါဝင်ခဲ့သောနိုင်ငံဖြစ်သည်။ ထရမ့်က တစ်နိုင်ငံချင်းအလိုက် စေ့စပ်ဆွေးနွေးရသည်ကို သဘောကျကာ မြောက်အမေရိက လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ် (NAFTA) အပါအဝင် နိုင်ငံစုံ ပါဝင်သော သဘောတူစာချုပ်များကို ပြန်လည်စေ့စပ်ညှိနှိုင်းရန် ကြိုးပမ်းလျက်ရှိသည်။

## ကုန်သွယ်မှုစစ်ပွဲတွင် အောင်မြင်မှုရသူ မရှိနိုင်ဟု လားဂတ်စ်ကပြော

ကုန်သွယ်မှုစစ်ပွဲတွင် မည်သူမျှအောင်မြင်မှုကို မရနိုင်ကြောင်းနှင့် အခြားသောနိုင်ငံများက ကိုယ်ပိုင်ကုန်သွယ်မှု အတားအဆီးများဖြင့် တုံ့ပြန်လာပါက အမေရိကန်ပြည်ထောင်စု၏ သွင်းကုန်ခွန်မြှင့်တင်မှုကြောင့်ဖြစ်ပေါ်သော စီးပွားရေးဂယက်သည် ပြင်းထန်နိုင်ကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) အကြီးအကဲ ခရစ်စတင်းလားဂတ်စ်၏ ပြောကြားချက်ကို ကိုးကား၍ ရိုက်တာသတင်းတွင် ဖော်ပြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် သံမဏိနှင့် အလူမီနီယံ သွင်းကုန်များအတွက် အခွန်တိုးမြှင့် ကောက်ခံမည်ဖြစ်ကြောင်း မတ် ၆ ရက်က ပြောကြားခဲ့ပြီး ကုန်သွယ်မှုကိစ္စများတွင် အမေရိကန်နိုင်ငံကို ကောင်းမွန်စွာ မဆက်ဆံသည့်အတွက် “အခွန်များများကောက်၍” တုံ့ပြန်မည်ဖြစ်ကြောင်း ဥရောပသမဂ္ဂကို သတိပေးစကားပြောကြားသည်။

“အမေရိကန် ပြည်ထောင်စုက အရေးယူ ဆောင်ရွက်ရုံသာမကဘဲ အခြားနိုင်ငံတွေကပါ လက်တုံ့ပြန်လာရင် မက်ကရိုစီးပွားရေးစနစ်မှာ ပြင်းထန်တဲ့ ဂယက်ရိုက်ခတ်မှု ဖြစ်နိုင်ပါတယ်။ အထူးတလည် ထိခိုက်နိုင်တဲ့ နိုင်ငံတွေက ကနေဒါ၊ ဥရောပနဲ့ ဂျာမနီနိုင်ငံတွေ ဖြစ်ပါတယ်” ဟု ပြင်သစ်ရေဒီယိုအသံလွှင့်ဌာန RTL နှင့် တွေ့ဆုံမေးမြန်းခန်းတွင် လားဂတ်စ်ကပြောသည်။

ထရမ့်၏ ပြောကြားချက်များက အမေရိကန်ပြည်ထောင်စု၏ ကုန်သွယ်ဖက်နိုင်ငံများအကြား အုတ်အော်သောင်းနင်းဖြစ်ခဲ့ပြီး အမေရိကန်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကုန်သွယ်မှုစစ်ပွဲတွင် လက်တုံ့ပြန်မှုရှိပါက ထိခိုက်ခံရမည့် စီးပွားရေးသမားတို့က သတိပေးစကားများ ပြောလာကြသည်။ အမေရိကန်ပြည်ထောင်စုသည် ကုန်သွယ်မှုလိုငွေကြီးမားလျက်ရှိနေသည့်အတွက် ဤသို့သော ကုန်သွယ်မှုစစ်ပွဲဖြစ်လာပါက အမြတ်ထွက်နိုင်ကြောင်း ထရမ့်က ပြောသည်။

“သွင်းကုန်ခွန်များကို အပြန်အလှန်မြှင့်တင်နေတဲ့ ကုန်သွယ်မှု စစ်ပွဲမျိုးမှာ ဘယ်သူမှ အနိုင်မရနိုင်ပါဘူး။ နှစ်ဖက်စလုံးမှာ အရှုံး သမားတွေပဲ တွေ့ရမှာပါ”ဟု လားဂတ်ကပြောသည်။ ထရမ့်သည် အကောက်ခွန်ဖြင့် ခြိမ်းခြောက်မှုကို လက်တွေ့အကောင်အထည်ဖော်မည် မဟုတ်ဟု မျှော်လင့်ကြောင်း ၎င်းကပြောကြားသည်။

## ဗီယက်နမ် ဘီလျံနာ သူဌေးများက လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးအောင်ဆောင်ရွက်ရန် ကတိပြု



Forbes Billionaires 2018 က ထုတ်ပြန်သော ကမ္ဘာ့ဘီလျံနာ သူဌေးစာရင်းတွင် ဗီယက်နမ်မှ လေးဦးပါရှိပြီး လေးဦးစလုံးက လယ်ယာစိုက်ပျိုးရေးသို့မဟုတ် ဗီယမ်နမ်လယ်သမား များနှင့် ဆင်းရဲသားများကို အကျိုးပြုရန် ရည်ရွယ်သော စီးပွားရေးလုပ်ငန်းကို စိတ်ဝင်စားကြကြောင်း ဗီယက်နမ်နယူး(စ်) သတင်းတွင် ဖော်ပြသည်။

လေးဦးအနက် အချမ်းသာဆုံးမှာ ဖန်ငက်ဗောင်ဖြစ်ပြီး Vingroup ကုမ္ပဏီစုကြီး၏ ပိုင်ရှင်ဖြစ်သည်။ ၂၀၁၂ ခုနှစ်က ဗီယက်နမ်မှ ပထမဆုံး ဘီလျံနာအဖြစ် ကြေညာခံရသူဖြစ်သည်။ ယခုနှစ် ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်များအနက် အဆင့် ၄၉၉ နေရာတွင် ရှိသည်။ မတ် ၉ ရက်စာရင်းအရ ပိုင်ဆိုင်မှုမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံဖြစ်သည်။

၂၀၀၂ ခုနှစ်က စတင်တည်ထောင်ခဲ့သော Vingroup သည် ကဏ္ဍပေါင်းများစွာတွင် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးလုပ်ငန်းသည်လည်း တစ်ကဏ္ဍအဖြစ် ပါဝင်သည်။

Vingroup သည် သန့်ရှင်း၍ ဘေးအန္တရာယ်ကင်းသော အစားအစာများကို ရည်မှန်းချက်ထား ထုတ်လုပ်လျက်ရှိပြီး အဆင့်မြင့်နည်းပညာသုံးစိုက်ပျိုးရေး (Hi-tech Agriculture) တွင် များစွာ ရင်းနှီးမြှုပ်နှံထားသည်။ Vingroup သည် စိုက်ပျိုးရေးထုတ်ကုန် ၂၀၀ ကျော်ကို ထုတ်လုပ်လျက်ရှိပြီး ဂျပန်၊ အစ္စရေးနှင့် တောင်ကိုရီးယားတို့မှ ခေတ်မီနည်းပညာများကို အသုံးပြုလျက်ရှိသည်။

အခြား Forbes စာရင်းဝင် နှစ်ဦးဖြစ်သော ဟိုအာဖတ်ဂရူဉက္ကဋ္ဌ ထရမန်ဒင်လောင်းနှင့် ထရောင်ဟိုင်မော်တော်ကား ကော်ပိုရေးရှင်းဉက္ကဋ္ဌ ထရန်ဘာဒေါင်တို့ကလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆက်စပ်နေသော လုပ်ငန်းများကို တိုးချဲ့လျက်ရှိသည်။

တစ်ဦးတည်းသော အမျိုးသမီးဘီလီယံနာစာရင်းဝင် ငုယင်သီဖောင်သာအိုကမူ လယ်ယာစိုက်ပျိုးရေးကို တိုက်ရိုက်ရင်းနှီးမြှုပ်နှံခြင်း မရှိပေ။ သို့သော် ဈေးနှုန်းသက်သာသော ၎င်း၏ Vietjet လေကြောင်းလိုင်းက တောင်သူလယ်သမားများအတွက် မော်တော်ကားနှင့် မီးရထားလမ်းတို့အား သုံးစွဲသည့်နေရာတွင် လေကြောင်းလိုင်းကို အစားထိုးသုံးစွဲရန် အခွင့်အလမ်း ပိုမိုရရှိစေသည်။ ယခင်ကမူ လူများသည် ချမ်းသာသူများကို မနာလိုဖြစ်ခဲ့ကြသော်လည်း ယနေ့ခေတ်တွင် ဆင်းရဲသားတို့ကို အကူအညီပေးသော သူဌေးများကိုမူ လူများက ဂုဏ်ပြုချီးကျူးလာကြကြောင်း စီးပွားရေးပညာရှင်တစ်ဦးက ပြောသည်။

ဉာဏ်တင် စုစည်းသည်